တက္ကသိုလ်

# သိဟအောင်

# မီးပုံးအိမ်ရာဇာ



လုံးချင်း
စ · ဆုံး

စာမူကြိုတင်ခွင့်ပြုချက်အမှတ်၊ ၅၉၅/၉၃(၆)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်၊ ၆၅၄\၉၃(၆)

ပထမအကြိမ်၊
၁၉၉၃ ခုနှစ်၊ အောက်တိုဘာလ
အုပ်ရေ ၄၀၀

တန်ဖိုး ၅၅/-

●

မျက်နှာဖုံးရိုက်၊
ဦးတိုးဝင်း (မြ - ၀၂၄၃၁) နေလရောင်အော့ဖ်ဆက်
၉၆၊ ၁၁ လမ်း၊ ရန်ကုန်မြို့.

●

ထုတ်ဝေသူ
ဦးကျော်ကျော်စိုး (မြ- ၀၁၄၃၈) စိမ်းစိမ်းရည်နွယ်စာပေ၊
အမှတ် ၅၇ - ခြင်္ငါးခြံ၊ ရွှေနံ့သာရပ်ကွက်
ဗဟန်း၊ ရန်ကုန်မြို့.

●

ပုံနှိပ်သူ
ဒေါ်ကျင်ဆွေ (မြ-၀၃၁၄၆) ဇမ္ဗူအောင်ပုံနှိပ်တိုက်
အမှတ် ၁ - စပယ်ခြံ ၃ လမ်း၊ ကမာရွတ်၊ ရန်ကုန်မြို့.



တက္ကသိုလ်သီဟအောင်

# မီးပုံးအိမ်ရာဇာ

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး.... | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး.... | ဒို့အရေး |
| အချုပ်အချာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည် ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

မျက်နှာစိမ်းဌေးသည်

မီးပုံးအိမ်လမ်း....

ဤလမ်းမ တစ်လျှောက်လုံးမှာ မီးပုံးများပြုလုပ်ရောင်းချသော လမ်းမတစ်လမ်းဖြစ်သည်။

ထို့ကြောင့် ဤလမ်းမအား အများက မီးပုံးအိမ်လမ်းဟု ခေါ်တွင်ကြလေသည်။ လမ်းမတစ်ခုလုံးမှာ မီးပုံးအိမ် ပြုလုပ်ရောင်းချပြီး အသက်မွေးဝမ်းကျောင်း နေရသောကြောင့် လက်လုပ် လက်စားများသာ နေထိုင်ကြသည်ဟု ယူဆလျှင် သင်သည် အမှားကြီးမှားလိမ့်မည်သာ ဖြစ်သည်။

ဤလမ်းမတွင် တကယ် ကျိကျိတက် ချမ်းသာသော လူများရှိသည်။ မြေရှင်ကြေးရှင်များရှိသည်။

မီးပုံးအိမ်ဖြင့် ကြီးပွားလာသော မီးပုံးအိမ်ရာဇာလည်း ရှိသည်။

ထို့ကြောင့် ဤလမ်းသည် မီးပုံးအိမ်ပြုလုပ်ရောင်းချသော ဆိုင်များ ရှိသည့်အပြင် အခြားဆိုင်များလည်းရှိသည်။

အထည်ဆိုင်၊ စားသောက်ဆိုင်၊ ကုန်စုံဆိုင်၊ တည်းခိုခန်းမှ အစ ခေါ်ရောင်းသော ဆိုင်များလည်းရှိ၏။

တစ်ခုတော့ရှိသည်။ ဤ မီးပုံးအိမ်လမ်းသို့ လာရောက် ရောင်းဝယ် ဖောက်ကားသော ကုန်သည် ပွဲစားများတို့မှာ ပတ်ဝန်းကျင်နီးစပ်သော ကျေးရွာမြို့ပြမှာ နေထိုင်ကြသော လူများဖြစ်သည်။

သူတို့လည်း နှစ်ရှည်လများ ဆက်ဆံ လာခဲ့ရသောကြောင့် လူချင်း ရင်းနှီးပြီးသားဖြစ်သော လူများသာဖြစ်လေသည်။

တစ်နည်းဆိုရလျှင် မီးပုံးအိမ်လမ်းသို့ မျက်နှာစိမ်းများ မလာကြပါ၊ သို့သော် တူးတူးခြားခြား မီးပုံးအိမ်လမ်းသို့ မျက်နှာစိမ်းတို့ ဆိုင်းမဆင့် ဗုံမဆင့်ဘဲ ဝင်လာကြလေသည်။

* * *



မှုန်းတည့်ချိန်....

မြင်းလှည်းတစ်စီးသည် ဖုန်တစ်ထောင်းထောင်းဖြင့် မီးပုံးအိမ်လမ်းထဲသို့ တည့်မတ်စွာ ဝင်ရောက်လာလေသည်။

ထိုမြင်းလှည်းသည် ကျောအော်လျှံ၏ တည်းခိုခန်းရှေ့တွင် ရပ်တန့်သွားလေသည်။ မြင်းလှည်း ရပ်တန့်သွားသည်နှင့် မျက်နှာစိမ်းတစ်ယောက် ခုန်ဆင်းလိုက်သည်။

သူ၏ လှုပ်ရှားဟန်မှာ ကျားသစ်တစ်ကောင်ကဲ့သို့ ပေါ့ပါးသွက်လက်လှပေသည်။ လမ်းထဲသို့ မရောက်စဖူး မျက်နှာစိမ်းတစ်ယောက် ဝင်ရောက်လာသည်ကို မြင်တွေ့လိုက်ရသော လမ်းထဲမှလူများသည်မိမိလုပ်နေသည့်အလုပ်များအား အလိုလို ရပ်တန့်သွားကာ ငေးကြည့်နေမိကြသည်။

ထိုမျက်နှာစိမ်းမှာ အသက် (၂၀) ကျော်ခန့် ရှိသော လူငယ်တစ်ယောက် ဖြစ်သည်။ ရှပ်ရည်ခန့်ညားပြီး မျက်နှာ အနည်းငယ်ခက်ထန်သည်။

သူသည် မိမိ၏ဌာနေသို့ ပြန်ရောက်လာသော လူငယ် တစ်ယောက်ပမာ မြင်းလှည်းပေါ်မှ ခုန်ချလိုက်သည်နှင့် ကိုယ်ပေါ်မှ ဖုန်များအား ပုတ်ခါလိုက်သည်။

လူများသည် သူ့အား နားမလည်နိုင်သော အကြည့်ဖြင့် ကြည့်နေစဉ် သူတို့၏ မျက်လုံးများသည် ပြူးကျယ်လာပြန် လေသည်။

အကြောင်းမှာ ထိုမျက်နှာစိမ်းသည် မြင်းလှည်းပေါ်မှ နောက်ထပ် မျက်နှာစိမ်း(၄)ယောက်အား ဆင်းခိုင်းလိုက် လေသည်။

'ရောက်ပြီဟေ့'

ဝိုင်းအုံကြည့်နေကြသော လူများ၏ မျက်လုံးများသည် အစွမ်းကုန်ပြူးကျယ်သွားလေသည်။

မြင်းလှည်းပေါ်မှ နောက်ထပ်ဆင်းလာသော မျက်နှာစိမ်း (၄)ယောက်တို့မှာ မိန်းကလေးများပင် ဖြစ်သည်။

အလွန် နုနယ်ပြီး ချောမော လှပသော မိန်းကလေး (၄)ယောက် ဖြစ်သည်။ ကြည့်နေကြသော လူများသည် မျက်လုံးများ ပြူးသွားရုံမကတော့ဘဲ ပါးစပ်ပင် ဟောင်းလောင်း ဖြစ်ကုန်ကြလေသည်။

* * *

ထိုမျက်နှာစိမ်းများသည် ကျောအော်လျှံ၏ တည်းခိုခန်းတွင် တည်းခိုနေကြလေသည်။

ကျောအော်လျှံက သူတို့အား အနောက်ဘက်တောင်ရှိ သီးသန့်အခန်း သုံးခန်းတွင် နေရာချပေးလိုက်လေသည်။

ကျောအော်လျှံဆိုသော အမျိုးသမီးမှာ အသက် (၄၀) မပြည့်သေးသော တည်းခိုခန်းနှင့် စားသောက်ဆိုင် ပိုင်ရှင် ဖြစ်သည်။



ရုပ်ရည် လက်ကျန်ရှိသော မိန်းမလှတစ်ယောက် ဖြစ်လေသည်။ ထို့ကြောင့်လားမသိ၊ သူမ၏ စားသောက်ဆိုင်နှင့် တည်းခိုခန်း၏အမည်ဖြစ်သော 'လျှံကျိ' အမည်ကို မည်သူကမှ မခေါ်ကြတော့ဘဲ ကျောအော်လျှံ စားသောက်ဆိုင်ဟု ခေါ်ဝေါ်ကြခြင်း ဖြစ်လေသည်။

သူမသည် ထိုမျက်နှာစိမ်းငါးယောက်အား အခန်းနေရာချပေးရင်း ထိုမျက်နှာစိမ်းများသည် တစ်ထောက်နားရုံ နေထိုင်ကြမည်မဟုတ်ဘဲ ရေရှည်ငှားရမ်း နေထိုင်လိမ့်မည်ဟု အကဲခတ်မိလေသည်။

သူမ ထင်မြင်ယူဆသည့်အတိုင်း မျက်နှာစိမ်း ဧည့်သည်က (၁၀)ရက်အတွက် အခန်းခ ကြိုပေးထားသည်။

ကျောအော်လျှံအဖို့ အတွေးတစ်ခု ထပ်မံ တွေးမိလာလေသည်။ ဤလူစိမ်းများသည် မီးပုံးအိမ်လမ်းသို့ မည်သည့်ကိစ္စနှင့် ရောက်လာကြပါသနည်း။

ထိုအတွေးများ ဝင်လာမိသည်နှင့် သူမသည် မျက်နှာစိမ်းများအပေါ် ဂရုတစိုက် သတိထားမိလေသည်။

## အသုဘမီးပုံး

စန်းဝါး....

သူသည် 'ဟိန်' မီးပုံးအိမ်ရောင်းသောဆိုင်၏ အလုပ်သမား တစ်ယောက်ဖြစ်သည်။ အသက် (၂၀)ကျော်ကျော်မျှ ရှိသည်။

ယနေ့....

သူသည် ခါတိုင်းနေ့ကဲ့သို့ နံနက်စောစောထ၍ ဆိုင်တံခါး ဖွင့်သည်။ ဆိုင်တံခါးအား ဖွင့်လိုက်သည်နှင့် မိမိနှင့်ရှယ်တူ လူငယ်တစ်ယောက်က မျက်နှာထားပြုံး၍ ရပ်နေသည်ကို တွေ့ မြင်လိုက်ရလေသည်။



သူက အိပ်ချင်မူးတူးဖြစ်နေသော မျက်လုံးအား ပွတ်လိုက်သည်။ ထိုလူငယ်အား မေးရန် ပါးစပ်ဟလိုက်သောအခါ ထိုလူငယ်က ပြုံး၍ စတင်စကားပြောလိုက်လေသည်။

'ကျုပ်က အသုဘမီးပုံး (၁၂) လုံးလောက် အမြန်ဆုံး လိုချင်တယ် ရမလား'

စန်းဝါးက ခေါင်းညိတ်လိုက်သည်။

'ရပါတယ် ထိုင်ပါ'

လူငယ်ကပြုံး၍....

'ဒါဖြင့် အသုဘမီးပုံး (၁၂) လုံးကို အမြန်လုပ်ပေးပါ၊ ဒီကနေ့ညပဲ လိုချင်တယ်'

စန်းဝါးက အနည်းငယ် တုံ့ဆိုင်းဆိုင်း ဖြစ်သွားသည်။ အသုဘမီးပုံးမှာကြားသော လူတိုင်းမှာ နှစ်လုံးထက်မပိုကြပေ။ ယခုဤသူသည်က အဘယ့်ကြောင့် အသုဘမီးပုံး(၁၂) လုံး မှာကြားရပါသနည်း။

လူငယ်က ငွေထုတ်ပေးလိုက်သည်။

'ဒီမှာ မီးပုံးအတွက်ငွေ၊ ကျန်တာကို မအမ်းနဲ့တော့ သူငယ်ချင်းရဲ့ ပင်ပန်းခပဲ ထားပါ'

စန်းဝါး ဖျတ်ဖျတ်လတ်လတ်ဖြစ်လာသည်။ ငွေကိုလက်ခံလိုက်လေသည်။ လူငယ်က နောက်ထပ် ငွေတုံးကလေးတစ်တုံး ထုတ်ပေးလိုက်သည်။

'ဒီမီးပုံးများပြီးရင် ပို့ပေးပါဗျာ'

စန်းဝါးက ငွေကို လက်ခံလိုက်သည်။

'ဘယ်ကို ပို့ပေးရမှာလဲ'

'ချိဝှူရဲ့အိမ်ကို'

'ဗျာ'

လူငယ်ကပြုံးလိုက်သည်။

'ချိဝှူရဲ့က မှာလိုက်တာ'

စန်းဝါးသည် စိတ်ထဲ သံသယ ဖြစ်နေသော်လည်း ငွေများများ ရထားသောကြောင့် လောင်းကစားအိမ်သို့ သွားရောက် ကစားနိုင်မည်ကို ဝမ်းသာနေသဖြင့် ခေါင်းညိတ်လိုက်သည်။

'ကောင်းပါပြီ ပို့ပေးပါ့မယ်'

လူငယ်က ထပ်မံမှာကြားလိုက်သည်။

'မီးပုံးကို သွားပို့တဲ့အခါမှာ လူတွေ့တွေ့မတွေ့တွေ့ အရေးမကြီးဘူး၊ အိမ်ရှေ့မှာပဲ ချထားလိုက်ပါ'

'ဟုတ်ကဲ့ စိတ်ချပါ'

လူငယ်က ပြုံး၍ ထွက်သွားလေသည်။ သူသည် 'ဟိန်' မီးပုံးဆိုင်နှင့် ဆိုင် (၄) ခန်းအကွာရှိ နို့ဗွာန်ပစ္စည်း ရောင်းချသော ဆိုင်တစ်ဆိုင်သို့ ရောက်ရှိလာပြန်သည်။

သူသည် ခေါင်းတစ်လုံး ဝယ်လိုက်သည်။ ပို့ရမည့်နေရာကို မှာကြားပြီး ငွေပေး၍ ထွက်သွားလေသည်။

* * *

လှ... မီးပုံးအိမ်ရာ ...



နောက်တစ်နေ့နံနက်....

ချိဝှူရဲ့ဂေဟာရှေ့တွင် မည်းကြုတ်ကြုတ် ခေါင်းတစ်လုံး ရောက်ရှိနေ၏။ အိမ်ခေါင်မိုး တံစက်မြိတ်မှာလည်း အသုဘမီးပုံး (၁၂) လုံး အစီအရီ ချိတ်ဆွဲထားသည်ကို ရင်ထိတ်စွာ တွေ့မြင်ရလေသည်။

တစ်ခဏအကြာတွင် ထိုသတင်းသည် မီးပုံးအိမ်လမ်း တစ်ခုလုံး ပျံ့နှံ့သွားလေသည်။

'ချိဝှူရဲ့အိမ်က ဘယ်သူများ ဆုံးသွားလို့လဲ'

'ချိဝှူရဲ့ ကွယ်လွန်သွားတာ ဖြစ်မလား'

'ဟာ မဖြစ်နိုင်ဘူး၊ မနေ့ကပဲ လူကိုတွေ့ခဲ့သေးတယ်'

'အို....သေခြင်းတရားဟာ ဆန်းကျယ်ပါတယ်၊ ပြောလို့ဘယ်ရမလဲ'

ဝေဖန်ပြောဆိုနေသောအသံများသည် ပွက်လောရိုက်သွားလေသည်။ ချိဝှူရဲ၏ ဂေဟာတစ်ခုလုံးမှာလည်း ပွက်လောရိုက်နေ၏။

နံနက်စောစော မင်္ဂလာယူရမည့် အချိန်မျိုးမှာ ယခုကဲ့သို့ အမင်္ဂလာအရာများကို တွေ့ရှိလိုက်ရသဖြင့် ချိဝှူရဲက ဒေါသထွက်၍မဆုံး ဖြစ်ရလေသည်။

မီးပုံးများနှင့် ခေါင်းကို အမြန်ဆုံး ရှင်းပစ်ရမည်။

ထို့နောက် တရားခံ မည်သူမည်ဝါ ဖြစ်သည်ကို လူလွှတ်၍ မေးမြန်း စုံစမ်းရလေသည်။

မီးပုံးအိမ်လမ်းမှာ ကြီးကျယ်လှသည် မဟုတ်။ ထို ကြောင့် တစ်ခဏအကြာတွင် မျက်နှာစိမ်း၏ လက်ချက်ဖြစ်သည်ကို သိရှိလိုက်လေသည်။

ချီဝူရဲသည် နယ်နယ်ရရ ပုဂ္ဂိုလ်တစ်ယောက် မဟုတ်ပါ။ သူသည် တုံ့ပြန်မည်သာ ဖြစ်သည်။ မီးပုံးအိမ်လမ်းတွင် နေထိုင်ကြသော လူများသည် ဖြစ်ပွားလာမည့် ပွဲကြီးပွဲကောင်းအား ကြည့်ရန် စောင့်မျှော်ကြကုန်လေသည်။

## မိန်းကလေး

မျက်နှာစိမ်း မိန်းကလေး (၄) ယောက်တို့သည် အခန်း တစ်ခန်းတွင် စုဝေး၍ ထိုင်နေကြသည်။

မိန်းကလေး (၄) ယောက်အနက် ခေါင်းပေါ်၌ အစိမ်း ရောင် ပဝါစည်းထားသော မိန်းကလေးမှာ ကျန်ရှိသော မိန်းကလေးသုံးယောက်ထက် အသက်အနည်းငယ် ကြီးသည်။

သူမ၏ရုပ်ရည် မဆိုးပါ။ သို့သော် ထူပစ်ပြီး မည်းနက် နေသော မျက်ခုံးအစုံကြောင့် သူမ၏အလှကို အားနည်းစေ လေသည်။

သူမ၏ ဝိုင်းစက်ပြီး အဖြူအမည်း ကွဲကွဲပြားပြား ရှိနေသော မျက်လုံးအစုံသည် သူမက အခြားမိန်းကလေး သုံးယောက်ထက် အတွေ့အကြုံ ရင့်ကျက်သည်ဟု ဖော်ပြထားသည်နှင့် တူလှပေသည်။

သူမ၏ အမည်မှာ ပိရင်းဖြစ်သည်။ ယခု သူမသည် မိန်းကလေး သုံးယောက်အနက် အပြာရောင်အင်္ကျီ ဝတ်ဆင်ထားသော မိန်းကလေး၏ မေးခွန်းအား ရှင်းပြနေ၏။

'လုံမေ.... ငါတို့ ခရီးထွက်ခွာလာခါနီးမှာ ဆရာက ဘယ်လို မှာကြားလိုက်သလဲဆိုတာ မှတ်မိသေးလား'

သူမက ထိုမိန်းကလေးအား တစ်ချက် စေ့ကြည့်လိုက်၏။

'အစ်ကိုကြီးရဲ့စကားကိုတစ်သဝေမတိမ်းနားထောင်ရမယ်၊ သူ့အပေါ် လုံးဝသံသယမရှိရဘူး'

လုံမေဆိုသော မိန်းကလေးက သူမ၏ သဘောထားကို ပြတ်ပြတ်သားသား တင်ပြနေ၏။

'ကျွန်မက အစ်ကိုကြီးကို မယုံလို့မဟုတ်ဘူး၊ အပြစ်တင်ချင်လို့လဲ မဟုတ်ဘူး၊ ကျွန်မတို့ ခရီးထွက်လာစဉ်တုန်းက အစ်ကိုကြီးက သူလဲပဲ ပထမဆုံးအကြိမ် ကြီးလေးတဲ့တာဝန်ကို ထမ်းဆောင်ရမှာမို့ ဘဝင်မြင့်ချင်လဲမြင့်လာမယ်၊ ဒါကြောင့် သူက အောက်ခြေလွတ်လာတာကိုတွေ့ရင် သတိပေးပါလို့ သေသေချာချာ မှာလိုက်လို့ပါ'

ပိရင်းက မျက်မှောင်ကလေးကြုတ်သွားသည်။

'လုံမေက သူလမ်းမှားနေတယ်လို့ ထင်နေသလား၊ ဒါမှမဟုတ် သူ လုပ်မှားကိုင်မှား ဖြစ်နေလို့လား'



လုံမေက....

'အသုဘမီးပုံးပို့တာရယ်၊ ခေါင်းပို့လိုက်တာရယ်၊ဒါဟာ မလုပ်သင့်ဘူးလို့ ယူဆမိတယ်'

'ဘာဖြစ်လို့လဲ'

'ဒီလိုလုပ်ခြင်းအားဖြင့် မြက်ပင်ခြောက်လို့ မြွေထွက်ပြေးရသလို၊ ချိုဝူရဲက ရန်သူရှိနေပြီလို့ သိမသွားဘူးလား'

ကျန်ရှိသော မိန်းကလေး နှစ်ယောက်မှာလည်း လုံမေ၏ စကားကို ထောက်ခံကြသည်။

'ဟုတ်တယ်မမ၊ အစ်ကိုကြီးအခုလိုလုပ်တာ ဘာအဓိပ္ပာယ်မှ မရှိဘူးလို့ ထင်တယ်'

ပိရင်းက ရှင်းပြလိုက်ရသည်။

'အခု ငါတို့ရင်ဆိုင်ရမယ့်လူဟာ နှစ်ပေါင်း(၁၀၀)ရှိတဲ့ သစ်ပင်ကြီးလိုပါပဲ၊လေတိုက်လို့လဲမယိမ်းဘူး၊ မိုးကြိုးပစ်မှာလဲ မကြောက်ဘူး၊ သူ့ကိုဘယ်လိုရင်ဆိုင်ရမယ်ဆိုတာ အစ်ကိုကြီးက တစ်လမ်းလုံးစဉ်းစားပြီး သူက ဒီနည်းနဲ့လုပ်သင့်လို့ ယူဆတာ ဖြစ်မှာပေါ့'

လုံမေက စောဒကတက်ပြန်လေသည်။

'မမပြောတာလဲမှန်ပါတယ်၊ ဒါပေမယ့် အခုလိုလုပ်တာ ထိရောက်မှုရှိသလား'

သူမတို့ စကားပြောနေစဉ်မှာ အခန်းတံခါး တွန်းဖွင့်ပြီး လူငယ်တစ်ယောက် အခန်းထဲသို့ လှမ်းဝင်လိုက်လေသည်။

မိန်းကလေး (၄)ယောက်တို့က ပြိုင်တူ ထရပ်လိုက်သည်။ ပြိုင်တူ အရိုအသေပြုကြလေသည်။

'လေးစားပါတယ် အစ်ကိုကြီး'

'ထိုင်....အားလုံးထိုင်'

လူငယ်က ထိုင်ရန် လက်ဟန် ပြလိုက်သည်။ ပြီးနောက် သူမတို့ရှေ့တွင် ထိုင်ချလိုက်လေသည်။ မိန်းကလေး(၄)ယောက်စလုံး ပြန်လည် ထိုင်ချလိုက်သည်။

လူငယ်က ခေါင်းငုံ့၍ သူ၏လည်ကုတ်အား လက်တစ်ဖက်ဖြင့် ပိုက်ထားသည်။ အတန်ကြာမှ ခေါင်းမော့လိုက်လေသည်။

'မီးပုံးအိမ်လမ်းကို ငါတို့က ပထမဆုံးအကြိမ် ရောက်လာတာဖြစ်တယ်'

သူ၏အသံသည် တိုးတိုးညင်ညင် ဖြစ်သည်။ သို့သော် စကားလုံးတိုင်းမှာ အားမာန်အပြည့်ရှိသည်။

'ဒါပေမယ့် ချင်းရှမ်းမင်းအဖွဲ့ဟာ ဒီလမ်းမှာ (၂)ကြိမ်တိတိ ရှင်းပစ်ခဲ့ရပြီ'

လူငယ်က သူ့ဆရာ မှာကြားခဲ့သည်များကို ပြန်လည်သတိရရင်း စကားဆက်လိုက်လေသည်။

'ဒီတစ်ကြိမ် ငါတို့ဆရာက ငါတို့လို အတွေ့အကြုံမရှိ၊ နုနယ်သေးတဲ့ လူငယ်လေးတွေ ရွေးလွှတ်လိုက်တာ လုံးဝ မလွဲမရှောင်သာလို့ ဖြစ်တယ်၊ ငါတို့ ခရီးထွက်မလာခင် နတ်မင်းရှေ့မှာ ကျမ်းကျိန်ခဲ့တာကို မှတ်မိကြမှာပေါ့'

လုံမေနှင့် အဖော်တစ်သိုက်တို့က ပြိုင်တူခေါင်းညိတ်လိုက်လေသည်။



'မှတ်မိပါတယ် အစ်ကို'

'ကောင်းပြီ၊ ငါတို့ ဘယ်လိုကျိန်ဆိုခဲ့တယ်ဆိုတာ ပြန်ပြောကြစမ်း'

လုံမေတို့က သံပြိုင်ရွတ်ဖတ်လိုက်သည်။

'ကျွန်မတို့....ကျွန်မတို့က ဆရာပေးတဲ့တာဝန်ကို မကျေပွန်ခဲ့ရင် အသက်ရှင်ပြီး မပြန်တော့ပါဘူးလို့....'

လူငယ်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ဆရာ ထပ်တလဲလဲ မှာကြားခဲ့တာ ရှိသေးတယ်၊ အဲဒါ ဘာလဲဆိုတာသိလား'

မိန်းကလေးများက ဆိတ်ဆိတ်နေကြသည်။

လူငယ်က သူမတို့အား တစ်ချက် စေ့ကြည့်လိုက်သည်။

'ချိဂူရဲမှာ အလွန်ညဏ်များတဲ့ စုရှိဟိုင်ဆိုတဲ့ ပုဂ္ဂိုလ်တစ်ယောက်ရှိတယ်၊ သူဟာ မြွေခွေးလို ကောက်ကျစ်တယ်၊ သူ့ကို သတိထားရလိမ့်မယ်လို့'

'ဟုတ်ကဲ့၊ မှတ်မိပါတယ်'

ပိရင်းက လက်မြှောက်ပြလိုက်သည်။

'ညီမ စကားတစ်ခွန်း မေးချင်တယ်'

'မေးလေ'

'ညီမတို့ အခုလို မီးပုံးအိမ်လမ်း လာခဲ့တာဟာ ဘာကိစ္စအကြောင်း ရှိတယ်ဆိုတာ ညီမတို့ မသိကြပါဘူး၊ ဆရာမှာကြားထားတာကတော့ အစ်ကိုရဲ့စကား နားထောင်ရမယ်၊ ခိုင်းတာကို လုပ်ရမယ်လို့'

'ဟုတ်တယ်လေ'

'ဒါပေမယ့် စုရှိဟိုင်လိုလူမျိုးကိုရှည်ရှည်ဝေးဝေး လုပ်နေစရာ မလိုဘူး၊ ညီမဘစ်ယောက်တည်းနဲ့ပဲ သူ့ကို အလဲထိုးနိုင်မယ်လို့ ထင်မိပါတယ်'

'မလုပ်နဲ့၊ အမှတ်စဉ်(၉)'

'လူငယ်က လက်ကာပြလိုက်သည်။

'ချင်းရှမ်းမင်းအဖွဲ့မှာ စည်းကမ်းတစ်ခု ရှိပါတယ်၊ ဓားကိုပဲ သုံးသုံး၊ တခြား ဘာလက်နက်ပဲသုံးသုံး ရန်သူကိုအနိုင်ရရှိဖို့ကအဓိက သူတို့ရဲ့အသက်ကို မသတ်ရဘူး'

မိန်းကလေး (၄)ယောက်စလုံး မကျေမနပ် ဖြစ်သွားကြလေသည်။

'ဆရာက ညီမတို့ကို ပြောမပြပါလား'

လူငယ်က ရှင်းပြလိုက်သည်။

'ချင်းရှမ်းမင်းအဖွဲ့ ဝင်တဲ့လူထဲမှာ လုံမေဟာ အနောက်ကျဆုံးပါပဲ၊ ဒါပေမယ့် အနည်းဆုံး သုံးနှစ်လောက်ရှိပါပြီ၊ ဟုတ်တယ် မဟုတ်လား'

လုံမေက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်'

'ဒါဖြင့် ချင်းရှမ်းမင်းအဖွဲ့မှာ မိန်းကလေးများကို အပြင်တာဝန် ထမ်းဆောင်ခိုင်းတာ တွေ့ဖူးသလား'

လုံမေက ခေါင်းခါယမ်းလိုက်သည်။

'မတွေ့ဖူးဘူး'



'ဟုတ်ပြီ၊ ချင်းချမ်းမင်းအဖွဲ့မှာ ရှိနေကြတဲ့ မိန်းကလေးအဖွဲ့ဝင်တွေဟာ အချင်းချင်းကိစ္စပဲ ခိုင်းတယ်၊ အပြင်ကို ဘယ်အခါမှ မလွှတ်ပါဘူး၊ ဟုတ်တယ် မဟုတ်လား'

'ဟုတ်ပါတယ် အစ်ကို'

'ဒီတစ်ခါ အစ်ကိုထမ်းဆောင်မယ့် တာဝန်ဟာ အလွန်ခက်ခဲလှတယ်၊ ဒါကြောင့် အစ်ကိုက ရိုးရိုးလမ်းမလိုက်ဘဲ အဆန်းထွင်ပြီး ညီမလေးတို့ကို ထည့်ပေးပါလို့ မေတ္တာရပ်ခံပြီး အခုလို ညီမလေးတို့ကို ခေါ်ခဲ့တာ'

သူက သတိပေးစကား ပြောလိုက်သည်။

'ညီမလေးတို့ လက်ထဲမှာ လက်နက်ပုန်းတွေ ပါတယ်၊ ဒါပေမယ့် အားလုံး မြဲမြဲမှတ်ထားရမှာက ရန်သူကို ခြောက်ဖို့ပဲ အသုံးပြုနိုင်တယ်၊ လူသတ်ဖို့မဟုတ်ဘူး'

ပိရင်းက မကျေမနပ်ဖြင့် ထအော်လိုက်သည်။

'ရန်သူက ညီမကို သတ်ဖို့ကြိုးစားလာလဲ သူတို့ကိုပြန်မသတ်ရဘူး ဟုတ်လား'

'ဒါကတော့ ကိုယ့်အသက် အလွန် အန္တရာယ်နဲ့ ရင်ဆိုင်လာရင်တော့ တစ်မျိုးပေါ့'

သူက စကားအား လမ်းလွှဲလိုက်သည်။

'ဒါတွေထားလိုက်၊ အခု ညီမလေးတို့ကို တာဝန်များခွဲဝေပေးဖို့ရှိတယ်'

ထိုမိန်းကလေးများတို့သည် ရွက်နုကလေးများပမာ နုနယ်သေးသည်ဖြစ်သော်လည်း တာဝန်ထမ်းဆောင်ရမည်ဟု ကြွား

လိုက်ရသောအခါ အားလုံးက စိတ်တက်တက်ကြွကြွ ဖြစ်လာကြလေသည်။

ပိရင်းကအကြံပြုလိုက်သည်။

'မိန်းကလေးထဲမှာ ညီမဟာ အဖွဲ့ခေါင်းဆောင် ဖြစ်တယ်၊ ဒါကြောင့် တာဝန်ချပေးရင် ကြီးလေးတဲ့ တာဝန်ပေးသင့်တယ်'

'ပိရင်း....အခုခွဲဝေပေးမယ့် တာဝန်များဟာ ဘယ်သူကမှ ပေါ့တဲ့တာဝန် မရှိပါဘူး'

သူ၏ မျက်နှာတစ်ခုလုံး လေးလေးနက်နက် ဖြစ်လာသည်။

'မီးပုံးအိမ်လမ်းတစ်ခုလုံးမှာ မီးပုံးတွေပြည့်လျက်နေတယ်၊ အထူးသဖြင့် ချီဝူရဲ့ မီးပုံးဟာ ပိုပြီးထူးချွန်ပါတယ်၊ ဒါကြောင့် ငါတို့ရဲ့ လှုပ်ရှားမှုဟာ အတိဝိရိယရှိရမယ်'

(မှတ်ချက်– ဤနေရာတွင် မီးပုံးအိမ်ဟူသောစကားရပ်မှာ 'မျက်လုံး' ဟု ဆိုလိုခြင်းဖြစ်သည်။)

'အစ်ကို'

ပိရင်းက ခေါင်းမော့၍ ရင်ကော့လိုက်သည်။

'စိတ်ချ၊ ညီမတို့ဟာ နှစ်ပေါင်းအတန်ကြာလေ့ကျင့်ခဲ့ပြီးပါပြီ၊ ချင်းရှမ်းမင်းအဖွဲ့ရဲ့ သိက္ခာကို မကျစေရဘူး၊ အစ်ကိုပေးတဲ့ တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ပါ့မယ်'

လူငယ်က လက်ဟန်ဖြင့် အားလုံးအနီးသို့ စုဝေးလာရန် အချက်ပြလိုက်သည်။ ဦးခေါင်း (၅) ခုသည် စုရုံးထားကြလေသည်။



လူငယ်က သူမတို့အား အခန်းပြင်ဘက်သို့ အသံမကြားသွားစေရန် တိုးတိုးလေး တာဝန် ခွဲဝေပေးလိုက်လေသည်။

အမှန်တော့အခန်းပြင်ဘက်၌ လူတစ်ယောက်က ချောင်း၍နားထောင်နေ၏။

* * *

ထိုလူမှာ စားသောက်ဆိုင်ပိုင်ရှင် အမျိုးသမီး ကျေအော်လျှံ ဖြစ်သည်။

ကျေအော်လျှံသည် ငွေအပေါ်၌ အလွန်သစ္စာရှိသည်။ ထို့ကြောင့် ချမ်းဝေထံမှ တစ်ရာတန် ငွေလွှဲလက်မှတ် ရယူထားပြီးနောက် ချမ်းဝေ၏ ခိုင်းစေချက်များကို အထူးကြိုးစား၍ ဆောင်ရွက်ပေးသည်။

ယခု သူမသည် အချက်သုံးချက်ကို ကောင်းစွာ သိရှိနေပြီးဖြစ်သည်။ ပထမအချက်မှာ ထိုမျက်နှာစိမ်းလူငယ်၏ အမည်မှာ 'ချန်ရှု'။ သူနှင့် ပါရှိလာသော မိန်းကလေးများနှင့် ဆရာတစ်ဆူထဲမှ မောင်နှမများ ဖြစ်ကြသည်။

ဒုတိယအချက်မှာ ထိုမျက်နှာစိမ်း (၅) ယောက်တို့မှာ 'ချင်းရှမ်းမင်း' အဖွဲ့၏ အဖွဲ့ဝင်များ ဖြစ်ကြသည်။

တတိယအချက်က.... ချင်းရှမ်းမင်းအဖွဲ့၏ အဖွဲ့ဝင်များသည် ဤနေရာသို့ တစ်ခေါက်ရောက်ခဲ့ကြသည်။ သို့သော် အားလုံး ရှုံးနိမ့်၍ ပြန်သွားကြရသည်။

သူမရရှိထားသော သတင်းမှာ အလွန်စုံလင်နေပြီး ဖြစ်သည်။ ထို့ကြောင့် ထိုသတင်းကို အမြန်ဆုံး ပို့ရုံသာရှိသည်။

ကျောက်ပေါက်မာ ပဲပြားဆိုင်မှ တစ်ဆင့် သူမသည် ချမ်းဝေ့အား တွေ့ရှိခဲ့လေသည်။ ချမ်းဝေ့က ထိုသတင်းအား ချီဂေဟာသို့ အမြန်ဆုံးပြန့်ပို့သည်။

အိမ်တော်ထိန်း စုရှိဟိုင်က ချီဝူရဲထံသို့ ချက်ချင်းသွားတွေ့ရလေသည်။

## မြေခွေးအို စုရှိဟိုင်

ထိုသတင်းအား ကြားလိုက်ရသော ချီဝူရဲသည် အနည်းငယ်မျှ တုန်လှုပ်ခြင်းမရှိပါ။

သူသည် အပြန်အလှန် စဉ်းစားတွေးတောသည်။ မျက်လုံးများ ပိတ်လိုက်ဖွင့်လိုက် လုပ်သည်။ ထို့နောက် သူ၏လည်ကုပ်အား တစ်ချက်ရိုက်လိုက်သည်။

'ရှိဟိုင်....ချင်းရှမ်းမင်းအဖွဲ့ဆိုတာ ငါတစ်ခါမှလဲ မကြားဖူးပါလား'

'ဟုတ်တယ်ဝူရဲ'

စုရှိဟိုင်ကလည်း ယင်းကဲ့သို့ တွေးမိသည်။

'ချင်းရှမ်းမင်း အဖွဲ့ရယ်လို့ ကျုပ်လဲ ဘယ်ခါမှ မကြားမိဘူး'

ချီဝူရဲ့က မျက်မှောင်ကြုတ်သွားသည်။

'ကျေအောင်လျှံက နားကြားမှားနေမလား'

'စိတ်ချ၊ ကျေအောင်လျှံဟာ ပါးတယ်၊ သွက်တယ်၊ မမှားနိုင်ဘူး'

ချီဝူရဲ၏ မျက်ခုံးမွေးများ မတွန့်တော့ပေ။ အတန်ကြာမှ သူက စကားဆက်လိုက်သည်။

'ရှိဟိုင်....ငါ့အကြောင်း မဖ်းအသိဆုံးပါပဲ၊ ငါဒီလမ်းထဲမှာ နေရတာ ရှင်းရှင်းပြောရမယ်ဆိုရင် လိပ်တစ်ကောင်လို ခေါင်းထောင်ပြမဘဲဘဲ အေးအေးဆေးဆေး နေထိုင်ခဲ့တယ်၊ အခုတော့ ဘာမဟုတ်တဲ့ လူငယ်တစ်ယောက်က လာပြီးစော်ကားတာ မလွန်လွန်းဘူးလား'

'ဝူရဲပြောတာ မှန်ဘယ်'

'စုဟိုင်၊ မင်းက လက်ပိုက်ကြည့်နေလို့ မဖြစ်ဘူး၊ တစ်ခုခု လုပ်ရလိမ့်မယ်'

'ဝူရဲ၊ ကျုပ်က ကြောက်နေလို့ မဟုတ်ဘူး၊ လက်ပိုက်ကြည့်နေချင်လို့လဲ မဟုတ်ဘူး၊ ဒီကိစ္စမျိုးကို ကျုပ်က အကြံမပြုနိုင်ဘူး၊ ဝူရဲက လုပ်ချင်တာကိုပြောပါ'

ဝူရဲက စားပွဲပေါ်သို့ လက်ဝါးဖြင့် တစ်ချက်ရိုက်လိုက်သည်။

'ရှိဟိုင်....သူတို့ရဲ့သွေးကို ဖောက်လိုက်'



စုဟိုင်သည် ဝူရဲက ယင်းကဲ့သို့ ဆုံးဖြတ်လိမ့်မည်ဟု မမျှော်လင့်ခဲ့ပေ။ ထို့ကြောင့် ရုတ်တရက် ကြောင်အမ်းအမ်း ဖြစ်သွားသည်။

အတန်ကြာတော့မှ သူက အသံထွက်လာသည်။

'ဝူရဲ ဒီအကြံ မသင့်တော်ဘူးထင်တယ်'

'ဘာဖြစ်လို့လဲ'

'ကျုပ် ရှင်းပြပါမယ်'

'ပြော'

'ချန်ရှုံဆိုတဲ့လူငယ်ဟာ လူကငယ်ပေမယ့် ဦးနှောက်ရှိတယ်၊ ရေကန်ထဲက ငါးတွေ ပုစွန်တွေမဟုတ်ဘူး၊ လယ်ထဲက ပုစွန်လုံးလဲမဟုတ်ဘူး၊ သူဟာ ပင်လယ်ထဲက နဂါး၊ ဖမ်းလို့မမိဘူး၊ ဖမ်းလို့လဲ ရမှာမဟုတ်ဘူး'

'ရှိဟိုင်....တစ်ချိန်တုန်းက မင်းဟာ လူသတ်ခဲ့တယ်၊ အမှုတွေ ကျူးလွန်ခဲ့တယ်၊ မျှင်ဘုရင်လဲမကြောက်၊ ငရဲမင်းလဲမမှု၊ အခုဘယ်လိုဖြစ်သွားရတာလဲ'

'ဝူရဲ....အခုဟာ အခုပါ၊ ဟိုတုန်းကမှမဟုတ်ဘဲ'

ချီဝူရဲက ဒေါသ ပေါက်ကွဲသွားသည်။

'ရှိဟိုင်၊ မင်းကိုငါက သူရဲကောင်းလို့ အထင်ကြီးခဲ့တယ်၊ အခုတော့ ပဲပြားဖြစ်နေတာကိုး၊ ငါ မင်းကိုအိမ်တော်ထိန်းအဖြစ် ငွေပေးထားတာ ဘာလုပ်ဖို့လဲ၊ သတ္တိမရှိရင် အလုပ်ကနေ ထွက်သွား၊ ကျုပ် တစ်ယောက်တည်း ရင်ဆိုင်မယ်'

နှစ်ပေါင်းများစွာ ချိဝူရဲသည် စုရှိဟိုင်အပေါ် ဤကဲ့သို့ ရှိုင်းပျစွာ မဆက်ဆံခဲ့ပါ။

ထို့ကြောင့် စုရှိဟိုင်က ချိဝူရဲ ရူးများ ရူးနေသလောဟု သံသယဖြစ်နေမိ၏။ သူက ချိဝူရဲအား ကြောင်အမ်းအမ်းဖြင့် ကြည့်မိနေ၏။

ချိဝူရဲသည် မိမိက လွန်ကဲသွားသည်ကို နားလည်သွားဟန်တူ၏။ သူ၏လေသံမှာ ပျော့ပျောင်း၍လာလေသည်။

'ငါစကားပြောတာ လွန်သွားတယ်၊ အင်း....ဒီသူငယ်တွေ ခံပြင်းလွန်းလို့ ငါ ရူးတောင်ရူးချင်ပါတယ်'

'ဝူရဲ.... ကျုပ်က ကြောက်တတ်တဲ့ လူတစ်ယောက်မဟုတ်ဘူးဆိုတာ ဝူရဲသိပါတယ်၊ သူတို့ကို သေးလွတ်ပေးဖို့လဲ မခက်ပါဘူး၊ ဒါပေမယ့် ဖြစ်လာမယ့် အကျိုးဆက်ကို ပြန်ကြည့်ရမယ်၊ ရန်ရန်ချင်း တုံ့ပြန်ကြမယ်ဆိုရင် သံသရာ လည်နေမှာကို ကျုပ်က တွေးနေလို့ပါ'

'ဒါဖြင့် ငါတို့က ဒီအတိုင်း ခေါင်းငုံ့ ခံနေရမှာလား'

'ဝူရဲ၊ ကျုပ်မှာ အကြံတစ်ခုပြချင်ပါတယ်'

'မင်းအကြံ ပြောစမ်း'

'ကျုပ်က မျက်နှာစိမ်းလူငယ်ကို သွားမေးမယ်၊ သူနဲ့ ဝူရဲနဲ့ ဘယ်လိုရန်ငြိုးရှိသလဲ၊ ရန်ငြိုးရှိရင် ဘယ်လိုဖြေရှင်းပေးမှ ကျေနပ်မလဲ၊ ဖြစ်နိုင်ရင် ကျုပ်တို့နည်းနည်း လိုက်လျောပြီး ကိစ္စဖြတ်လိုက်တာ ကောင်းမယ်'

'ကောင်းပြီ၊ မင်းအကြံကို ငါလက်ခံတယ်၊ ဒါပေမယ့် ငါတို့ သိက္ခာကျလောက်တဲ့ လိုက်လျောမှုမျိုး မဖြစ်စေနဲ့၊ တကယ်လို့ ငါတို့ကို သက်သက် ငွေညှစ်တဲ့သဘော ဖြစ်တယ်ဆိုရင် ငါတို့ကို ငွေညှစ်နိုင်လောက်တဲ့ အရည်အချင်း ရှိမရှိဆိုတာ သိဖို့လိုတယ်'

'စိတ်ချပါ ဝူရဲ'

စုရှိဟိုင်သည် အရိုအသေပေးပြီး အခန်းထဲမှ ထွက်သွားလေသည်။



* * *

စုရှိဟိုင်သည် ကျေအောင်လျှံ တည်းခိုခန်းသို့ ရောက်ရှိလာသောအခါ ညနေအချိန် ရောက်ရှိနေပြီ ဖြစ်သည်။

တည်းခိုခန်း၌ လူများပြည့်ကြပ်၍နေသည်။ 'ဟိန်' မီးပုံးဆိုင်မှ အလုပ်သမား စန်းဝါးသည် မျက်နှာစိမ်းကလာရောက်ပြီး အသုဘမီးပုံးများ မှာကြားသည့် အကြောင်းများအာဘောင်အာရင်းသန်သန် ညွှန်သည်များအား ပြောပြနေသည်ကို တွေ့ရှိလိုက်လေသည်။

'ဒုက္ခပါပဲ ဒီသတင်းက ပျံ့နှံ့နေပါလား'

စန်းဝါးသည် စုရှိဟိုင်ဝင်လာသည်ကို တွေ့ရှိရသဖြင့် ပြောသက်စ စကားအား အချိန်မီ ရပ်တန့်လိုက်လေသည်။

စုရှိဟိုင်သည် သူ့အားမမြင်လိုက်သည့်အလား ဆက်လက် လျှောက်သွားသည်။

*  *  *

ဤတည်းခိုခန်းသည် ကျယ်ဝန်းလှသည်မဟုတ်ပေ။

အိပ်ခန်း(၈)ခန်းမျှသာရှိသည့် ခရီးသွေးက ဧည့်သည်မျာ တည်းခိုရန်အတွက်ဖြစ်သည်။

ရှေ့ဘက်တွင် စားသောက်ခန်းတစ်ခန်း ရှိသည်။ စား (၆)လုံးခန့်မျှသာ ရှိသည်။

ထမင်း ခေါက်ဆွဲနှင့်လက်ဖက်ရည်များရသည်။ စားသော ခန်းနှင့် အိပ်ခန်းကြားမှ အခန်းငယ်တစ်ခန်းရှိသည်။

ယင်းအခန်းသည် အထူးဧည့်သည်များအတွက် ဖြစ်သည် စုရှိဟိုင်သည် ရောက်ရှိလာသည်နှင့် ကျော်အောင်လှ က ကြို လိုက်လေသည်။

'အောင်လှ....ချန်ရှုဆိုတဲ့သူငယ် ဒီမှာရှိသေးလား'

'ရှိတယ်၊ ထမင်းတောင် မစားသေးဘူး'

ကျော်အောင်လှ က အသံတိုးတိုးဖြင့်....

'မိန်းကလေး (၄) ယောက်ကတော့ ထွက်သွားလေ



ဧည့်ခန်းမှ ထွက်ခွာသွားခြင်းမှာ ဈေးဝယ်ထွက်သည် လော၊ သို့မဟုတ် လှုပ်ရှားမှု စတင်နေပြီလော—

စုရှိဟိုင်က မျက်မှောင်ကြုတ်သွားလေ၏။

'ကျေးဇူးပြုပြီး သူ့ကို သွားနှိုးလိုက်ပါ၊ ကျုပ်တွေ့ချင် ပါတယ်လို့'

'ဟုတ်ကဲ့'

ကျော်အောင်လှ က ချန်ရှုနေထိုင်သော အခန်းရှိရာသို့ လျှောက်သွားလေသည်။

*  *  *

မကြာမီ အချိန်အတွင်းမှာပင် ချန်ရှုက ရောက်ရှိလာလေ သည်။

ကျော်အောင်လှ က သူတို့အား သီးသန့်အခန်းထဲသို့ ပို့ပြီး ထွက်သွားလေသည်။ ချန်ရှုက ရိုရိုသေသေဖြင့် နှုတ်ဆက် လိုက်သည်။

'ကျွန်တော် ချန်ရှုပါ'

'ဟုတ်ကဲ့ ဦးက စုရှိဟိုင်ပါ'

'ဟုတ်ကဲ့ ကိစ္စရှိပါသလား'

'ဟုတ်ကဲ့၊ ဆွေးနွေးစရာ နည်းနည်းလေး ရှိနေလို့'
စုရှိဟိုင်သည် ကုလားထိုင်တစ်လုံးကို ညွှန်ပြလိုက်သည်။
'ထိုင်ပါ'
ချန်ရှုက ထိုင်ချလိုက်လေသည်။
စုရှိဟိုင်က....
'အခု အစ်ကိုလေးဆီကို လာခဲ့တာက ကျုပ်သူဌေးရဲ့ သဘောထားလေးတွေကို တင်ပြဆွေးနွေးချင်လို့'
'ဟုတ်ကဲ့၊ ပြောပါ'
'လောကပေါ်မှာ ခန်းခြောက်တိမ်ကောတဲ့ မြစ်ချောင်းဆိုတာ မရှိသလို မဖြေရှင်းနိုင်တဲ့ ရန်ငြိုးလဲ မရှိပါဘူး'
'ဟုတ်ကဲ့၊ ဦးက ဘာကို ဆိုလိုတာလဲ'
စုရှိဟိုင်က သူ့အား တစ်ချက်ကြည့်လိုက်သည်။
'ကျုပ်သူဌေးက မေးခိုင်းလိုက်ပါတယ်၊ အစ်ကိုလေးနဲ့ သူနဲ့ ဘာရန်ငြိုးများ ရှိပါသလဲ၊ ရှိခဲ့ရင် ဘယ်လိုပြေပျောက်နိုင်မလဲဆိုတာကို သူသိချင်လို့ပါ'
ချန်ရှုက ပြုံးရုံပြုံးလိုက်သည်။
အဖြေမပေးပါချေ။
စုရှိဟိုင်က....
'ကျုပ်သူဌေးရဲ့စကားကတော့ ရှင်းနေပါတယ်၊ အစ်ကိုလေးက ဖြေဖို့သင့်ပါတယ်'
ချန်ရှု၏နှုတ်ခမ်း မဲ့သွားလေသည်။
'ဒီမှာဦး၊ ခင်ဗျားသူဌေးက ဘာတွေလုပ်ခဲ့တယ်ဆိုတာ သူကိုယ်တိုင် သိပါတယ်၊ ဒီရန်ငြိုးကို ဘယ်လိုဖြေဖျောက်မယ်



ဆိုတာ ကျွန်တော်ပြောလိုက်ရင် ဦးက စိတ်ဆိုးမှာသေချာတယ်'
'ပြောပါလေ'
'ကျွန်တော်ကတော့ သူ့ရဲ့စီးပွားရေးတစ်ခုလုံး ပျက်စီးပြီး မိသားစုတစ်ခုလုံး ကစဉ့်ကလျားဖြစ်သွားအောင် ကြည့်ပြီးမှ ကျေနပ်ပါလိမ့်မယ်'
စုရှိဟိုင်က ဒေါသထွက်သွားသည်။
ဤသူငယ်၏ စကားများကို ကြားရလျှင် ဤသူငယ်သည် ရူးသွပ်နေပြီလောဟု ထင်မိသည်။
သူသည် ချန်ရှုအား တစ်ချက်စေ့ကြည့်လိုက်သည်။
'မင်းက ဒီလောက်တောင် စကားကြီးကျယ် ပြောရအောင် ချိဝူရဲ့ အကြောင်းကို ဘယ်လောက်တောင် သိထားလို့လဲ'
ချန်ရှုက မဲ့ပြုံးပြုံးလိုက်သည်။
'သိတာပေါ့၊ သူ့အူဘယ်နှစ်ခွေရှိသလဲဆိုတာ ကျွန်တော်သိတယ်၊ သူ့ရဲ့အသည်းနှလုံးဟာ ကျောက်တုံးကျောက်ခဲထက် မာတယ်၊ သူ့ရဲ့စိတ်ဟာ ခွေးစိတ်ဖြစ်တယ်ဆိုတာ ကျွန်တော်သိတယ်'
သူ၏ စကားမဆုံးမီ စုရှိဟိုင်က ကြားဖြတ်လိုက်သည်။
'မင်းပါးစပ် ပိတ်ထားစမ်း'
ချန်ရှုက ပြုံးစိစိဖြင့်....
'ဦးက တော်တော်စိတ်ရှည်လိမ့်မယ်လို့ ထင်တာ၊ နောက်ဆုံးတော့ စိတ်တိုတတ်တာပဲ'
'ငါစိတ်တိုတော့ မင်းက ဘာအကျိုးရှိလဲ'

'ကျွန်တော်က လူတစ်ယောက် စိတ်တိုတာကို သိပ်ပြီး ကြည့်ချင်တာဗျ'

စုရှိုဟိုင်က သူ့အား စိုက်ကြည့်လိုက်သည်။

'မင်းဆရာက ဘယ်သူလဲ'

ချန်ရှူက ထိုင်ရာမှ ထရပ်လိုက်သည်။

'ဒီမှာဦး၊ ကျွန်တော်တို့ဆွေးနွေးချက်တွေကို ဒီနေရာမှာပဲ ရပ်လိုက်ပါ၊ ဦးက မဆီမဆိုင်တဲ့ ကိစ္စတွေ ထည့်ပြောတာ ကျွန်တော် မကြိုက်ဘူး'

စုရှိုဟိုင်ကလည်း မတ်တတ်ရပ်လိုက်သည်။

'ဒီမှာ အစ်ကိုလေး ဦးကမင်းနဲ့ ရန်သူမဖြစ်ချင်ဘူး'

ချန်ရှူက....

'ကျွန်တော်က ခင်ဗျားကို ဦးလို့ခေါ်တာ လေးစားတဲ့ သဘော ပါနေပါတယ်'

'ဟုတ်ပါတယ်၊ ဒါပေမယ့် မင်းပြောတဲ့ စကားတွေဟာ ငါ့ကို ရန်သူတစ်ယောက်လို သတ်မှတ်နေသလိုပဲကွယ့်'

ချန်ရှူက ပခုံးတစ်ချက် တွန့်လိုက်သည်။

'ဦးက ကျွန်တော့်ကို ရန်သူလို သတ်မှတ်ထားမယ်ဆိုရင်လဲ ကျွန်တော်က မကန့်ကွက်ပါဘူး'

'ထားပါတော့လေ၊ မင်းက ဘာကိစ္စနဲ့ ဒီကိုလာပြီး ရန်ရှာနေသလဲဆိုတာ အကြောင်းတော့ ရှိရမှာပေါ့'

'ဦးက အကြောင်းသိချင်လို့လား'

'ဟုတ်တယ်'



'ကောင်းပြီ ဦးနားထောင်ပါ၊ ကျွန်တော်က ချီဝူရဲ့ကို ကြည့်မရလို့ သက်သက်လာပြီး ရန်ရှာတာ၊ ကဲ ကျေနပ်ပြီ လား'

စုရှိုဟိုင်သည် ဒေါသကို မထိန်းနိုင်ဘဲ ဖြစ်လာလေသည်။ သူ၏ လက်သီးတစ်လုံးသည် ချန်ရှူ၏ မျက်နှာသို့ ရောက်ရှိသွားလေသည်။

သူတို့နှစ်ယောက်သည် အနီးကပ်ရပ်နေခြင်း ဖြစ်သည်။ စုရှိုဟိုင်က ယခုကဲ့သို့ တိုက်ခိုက်လာလိမ့်မည်ဟု ချန်ရှူက မထင်ခဲ့ပေ....

'ဝုန်း....'

သူ၏မျက်နှာပေါ်တွင် စုရှိုဟိုင်၏ လက်သီးတစ်ချက် ထိမိသွားလေသည်။ သူသည် နောက်သို့ ပက်လက်လန်၍ လဲကျသွားလေ၏။

စုရှိုဟိုင်မှာလည်း ယခုကဲ့သို့ ထိမိလိမ့်မည်ဟု မထင်မိပေ။ သူသည် လူးလိမ့်ထလာနေသော ချန်ရှူအား စိုက်ကြည့်လိုက်လေသည်။

'ဒီမှာ အစ်ကိုလေး....ကျုပ်က မင်းထက် အများကြီး အသက်ကြီးတယ်၊ လက်သီးတစ်လုံးနဲ့ မင်းကို ဆုံးမလိုက်တာ ဒီလို နိုင်ထက်စီးနင်း ပြောဆိုတာဟာ မပြောသင့်ဘူးလို့ မှတ်ထားစေချင်တယ်'

ချန်ရှူက စကားပြန်မပြောပါ။

သူသည် ထပ်မံတိုက်ခိုက်လာမည့် စုရှိုဟိုင်၏ လက်သီးကို မည်ကဲ့သို့ရှောင်တိမ်းရမည်ကိုသာ စဉ်းစားနေမိ၏။

စုရှိဟိုင်က မျက်မှောင်ကြုတ်သွားသည်။

'အစ်ကိုလေး၊ မင်း တော်တော် နာသွားသလား'

ချန်ရှုက ဖခုံးတွန့်၍ ပြုံးလိုက်သည်။

'စိုးရိမ်စရာမရှိပါဘူး'

သူသည်ထ၍ ကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်သည်။

'ဦးက အခုလို အလစ်ဝင်ထိုးလိမ့်မယ်လို့ ကျွန်တော် မထင်မိပါဘူးဗျာ'

စုရှိဟိုင်က....

'မင်းကို ငါ မျက်နှာချင်းဆိုင် ထိုးလိုက်တာပဲ၊ အလစ်ဝင် တိုက်တာမှ မဟုတ်တာ'

ချန်ရှုက ပခုံးတစ်ချက် တွန့်လိုက်ပြန်သည်။

'ကျွန်တော်စကားပြောတာကို ဦးက မခံနိုင်ဘူးလို့ ပြောတယ်၊ ချီဝူရဲ့ရဲ့တစ်သက်လုံးမှာ သူများမခံနိုင် ဖြစ်လာရတယ် မဟုတ်လား'

ချန်ရှုက....

'ဟုတ်တယ်၊ ကျွန်တော်က ဦးရဲ့ရှေ့မှာ ပြောနေတာကိုး၊ ကျွန်တော် လက်ခံပါတယ်'

စုရှိဟိုင်က....

'ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ကျုပ်ပြောတဲ့ကိစ္စကို မင်းက ဘယ်လို အဖြေပေးမယ်ဆိုတာတော့ ပြန်ပြောသင့် ပါတယ်'

ချန်ရှုက အတန်ကြာစဉ်းစားပြီးမှ....



'စကားပုံတစ်ခုရှိပါတယ်၊ လမ်းရှိရက်သားနဲ့ ဘာကြောင့် ...ှက်ခင်းပေါ်မှာ လျှောက်ရမှာလဲ၊ ဒီစကားပုံကို ဦးက ...ားလည်လို့လား'

စုရှိဟိုင်က ခေါင်းညိတ်လိုက်သည်။

'ကျုပ်နားလည်ပါပြီ၊အစ်ကိုလေးသဘောက သူကိုယ်တိုင်နဲ့ ဆွေးနွေးချင်တယ် ဟုတ်လား'

ချန်ရှုက....

'ဟုတ်တယ်'

စုရှိဟိုင်က....

'ကောင်းပြီ၊ မင်းတို့နှစ်ယောက်တွေ့ဖို့ ဦးက စီစဉ်ပေးပါ့ ယ်'

ချန်ရှုက....

'တစ်ခုတော့ရှိတယ်၊ ကျွန်တော်က သူ့ဆီကို မသွားဘူး၊ ...ဏသာ ကျွန်တော့်ဆီကို လာပါစေ'

စုရှိဟိုင်က ခေါင်းညိတ်လိုက်သည်။

'ကောင်းပြီ၊ ကျုပ်ကပြန်ပြီး အကြောင်းကြားလိုက်မယ်၊ ...ယ်လိုတွေ့ကြမယ်ဆိုတာ အကြောင်းပြန်ပါ့မယ်'

'ကောင်းပြီလေ'

စုရှိဟိုင်သည် ချန်ရှုကိုနှုတ်ဆက်ကာ ထိုနေရာမှ ထွက်ခွာ ...ားလေသည်။

* * *

စုရှိဟိုင်သည် ဂေဟာသို့ ပြန်လည်ရောက်ရှိလာသောအခါ ချီဝူရဲအား အကျိုးအကြောင်း ရှင်းပြလိုက်သည်။

သို့သော် သူသည် ချန်ရှု၏ကြမ်းတမ်းသော စကားများကို ဖုံးကွယ်ထားလိုက်သည်။

နောက်ဆုံး သူက အကြံပြုလိုက်သည်။

'ဝူရဲက လိုက်သွားရင် ကောင်းမယ်ထင်တယ်'

ချီဝူရဲက စုရှိဟိုင်၏စကားကို သေချာစွာ နားထောင်ပြီးနောက်....

'ခင်ဗျားပေးတဲ့အကြံက မဆိုးပါဘူး၊ ဒါပေမယ့် သူက အကောက်ကြံရင် ဘယ်လိုလုပ်မလဲ'

စုရှိဟိုင်က....

'စိတ်ချပါဝူရဲ၊ ကျုပ်ရဲ့ မီးပုံးနှစ်လုံးဟာ ဟိုအဝေးအထိ လှမ်းပြီး ကြည့်နိုင်ပါတယ်၊ ချန်ရှုဆိုတဲ့သူငယ်ဟာ အကောက်ကြံတတ်တဲ့ သူငယ်မဟုတ်ဘူးဆိုတာ ကျုပ်သိပါတယ်'

ချီဝူရဲက....

'ကောင်းပြီလေ၊ ကျုပ်တစ်ခေါက်သွားလိုက်မယ်၊ ဒါပေမယ့် သူ့ကိုကာကွယ်ဖို့ လက်နက်တွေ ဖွက်သွားဖို့ လိုသေးသလား'

စုရှိဟိုင်က အနည်းငယ် စဉ်းစားလိုက်သည်။

'ယူမသွားပါနဲ့'

'ဘာဖြစ်လို့လဲ'

'ဝူရဲက လက်နက်ပါသွားရင် သူကအထင်လွဲနေမှာ စိုးရတယ်'

ချီဝူရဲက မျက်မှောင်ကြုတ်သွားသည်။



'တကယ်လို့ သူက ငါ့ကို အကြံနဲ့ တွေ့ချင်လို့ ခေါ်တယ်ဆိုရင် ဘယ်နှယ်လုပ်မလဲ'

စုရှိဟိုင်က....

'ဒီအတွက် စိတ်ချ၊ ကျုပ်ပါ လိုက်ခဲ့မှာပဲ၊ အဲဒီတော့ လက်နက်တွေကို ကျုပ်ပဲ ဖွက်လာပါ့မယ်'

ချီဝူရဲသည် လက်နှစ်ဖက်နောက်ပစ်၍ အခန်းထဲ၌ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း တွေးတောနေ၏။

အတန်ကြာတော့မှ သူက ခြေလှမ်း ရပ်တန့်လိုက်လေသည်၊ တစ်စုံတစ်ခုကို ဆုံးဖြတ်လိုက်လေသည်။

'ကောင်းပြီ၊ ကျုပ်သွားပါ့မယ်'

သူက ရင်ကော့လိုက်သည်။

'ကျုပ်က သတ္တိမနည်းပါဘူး၊ တစ်ယောက်တည်းပဲ သွားတွေ့တော့မယ်'

စုရှိဟိုင်က ခေါင်းခါယမ်းလိုက်သည်။

'ဒီလိုတော့ မလုပ်ပါနဲ့၊ ကျုပ်လိုက်သွားမယ်'

'မလိုက်ပါနဲ့'

ချီဝူရဲက ပြတ်ပြတ်သားသား ဆုံးဖြတ်လိုက်လေသည်။

'ကျုပ်တစ်ယောက်တည်းပဲသွားမယ်၊ ခင်ဗျားကတွေ့ရမယ့် နေရာနဲ့ အချိန်ကို သွားပြီး ဆက်သွယ်လိုက်ပါဦး'

* * *

စုရှိဟိုင်သည် ကျေးအော်လျှံ၏ တည်းခိုခန်းသို့ ထပ်မံ ရောက်ရှိသွားလေသည်။

သူသည် ထပ်မံ၍ ချန်ရှုနှင့် ညှိနှိုင်း ဆွေးနွေးပြီးနောက် ည (၈) နာရီတွင် ချန်ရှု တည်းခိုနေသော တည်းခိုခန်းတွင် တွေ့ဆုံရန် ဆုံးဖြတ်လိုက်လေသည်။

အိမ်ဂေဟာသို့ ပြန်လည်ရောက်ရှိပြီးနောက် သူသည် တွေ့ဆုံရန် အချိန်နှင့်နေရာကို ချီဝူရဲအား ပြောပြလိုက်လေသည်။

ထို့နောက် ချီဝူရဲအား ကာကွယ်ပေးရန်၊ အစီအစဉ်ပြုလုပ်ရန် စိတ်ကူးပြီးနောက် သူ၏အကြံကို လက်လျော့လိုက်လေသည်။

အကြောင်းမှာ ချီဝူရဲ၏ စိတ်ဓာတ်ကို သူက ကောင်းစွာ နားလည်ထားသည်။ ချီဝူရဲသည် တစ်ခုခု ဆုံးဖြတ်လိုက်ပြီးလျှင် မည်သို့မျှ ပြန်လည်မပြုပြင်တော့ပါ။

သို့သော် စုရှိဟိုင်အတွက် သံသယများစွာ ဖြစ်ပေါ်လာလေသည်။ ပထမဆုံး သံသယဖြစ်မိသည့်အချက်မှာ ချီဝူရဲနှင့် ချန်ရှုတို့သည် မည်သည့်အချိန်က ရန်ငြိုးရှိခဲ့သည်ကို သူက လုံးဝမသိလိုက်ပါ။

ဒုတိယအချက်မှာ ချင်းရှမ်းဂိုဏ်းသည် မည်ကဲ့သို့ အဖွဲ့အစည်းတစ်ခု ဖြစ်ပါသနည်း။ တတိယအချက်မှာ ချီဝူရဲသည် အဘယ့်ကြောင့် ယခုကဲ့သို့ ရဲရဲဝံ့ဝံ့ အဖော်မပါဘဲ တစ်ယောက်တည်း သွားဝံ့ပါသနည်း။

ထိုအချက်များကို သူက အကြိမ်ကြိမ် စဉ်းစားလေ့လာမိသော်လည်း အဖြေလုံးဝ မရပါ။



နောက်ဆုံး သူသည် အချက်တစ်ချက်ကိုသာ စိတ်ပူမိလေသည်။ ယင်းအချက်မှာ ချီဝူရဲသည် ချန်ရှု၏ အခန်းထဲမှ အသက်ရှင်၍ ပြန်လာနိုင်ပါ့မည်လော။

ချီဝူရဲက သူ့အတွက်လုံခြုံရေးအစီအစဉ်ကို လုံးဝမပြုလုပ်ရှာဟု အကြိမ်ကြိမ် မှာကြားသည့်တိုင်အောင် စုရှိဟိုင်သည် ကျေးအော်လျှံအား တိတ်တဆိတ်မှာကြားခဲ့သည်။

အကယ်၍ တစ်စုံတစ်ခုဖြစ်ပွားခဲ့လျှင် အမြန်ဆုံးကယ်တင်နိုင်ရန် သူ့ထံအချိန်မီ သတင်းပို့ရန်ဖြစ်လေသည်။

ထို့ကြောင့် ကျေးအော်လျှံသည် ချန်ရှု၏ လှုပ်ရှားမှုကို အထူးသတိပြု စောင့်ကြည့်နေရလေသည်။

ကျေးအော်လျှံသည် ချန်ရှု၏ လှုပ်ရှားမှုကို သတိထား၍ လေ့လာမိသောအခါ ချန်ရှု၏ အဖော် ဖြစ်ကြသော မိန်းကလေးနှစ်ယောက်တို့မှာ အပြင်သို့ ထွက်ခွာသွားပြီးနောက် ယခုတိုင် ပြန်လည်မရောက်ရှိသေးကြောင်းတွေ့ရလေသည်။

ထို့ပြင် ချန်ရှုသည် ညစာစားပြီးနောက် အခန်းထဲမှ လုံးဝ ထွက်မလာတော့ဘဲနေသည်ကိုတွေ့ရှိရလေသည်။

* * *

ည(၇)နာရီထိုးပြီးသည်နှင့် ချီဝူရဲသည် ကျောအော်လျှံ၏ တည်းခိုခန်းသို့ ရောက်ရှိလာ၏။

ကျောအော်လျှံက သူ့အား ကြိုဆိုပြီး ချန်ရှု၏ အခန်းသို့ ခေါ်ဆောင်သွားလေသည်။

သူသည်ချန်ရှု၏အခန်းကို လက်သည်းထိုးပြီး တိတ်တဆိတ် ထွက်သွားလေသည်။ အခန်းတံခါးက စေ့ရုံမျှစေ့ထားသည်။

အခန်းတွင်းမှ မီးရောင်များသည် အပြင်သို့ ဖြာထွက်နေသည်။ ချီဝူရဲက တံခါးကို ခေါက်လိုက်လေသည်။

'တံခါးမစေ့ထားဘူး၊ ဝင်ခဲ့ပါခင်ဗျာ'

ချန်ရှု၏အသံ ထွက်ပေါ်လာသည်။

ချီဝူရဲက တံခါးတွန်း၍ အခန်းထဲသို့ ဝင်သွားလေသည်။ သူသည် အခန်းတံခါးကို ပြန်ဆွဲပြီးမပိတ်ပါ။ အရေးကြုံလျှင် ထွက်ပြေးနိုင်ရန် ကြိုတင်ပြင်ဆင်ထားသည်လော။

'ကျုပ်က ချန်ရှုပါ'

ချန်ရှုက ကိုယ့်ကိုကိုယ် မိတ်ဆက်လိုက်သည်။

'ကျုပ်က ချီဝူရဲ'

ချန်ရှုသည် မီးအိမ်ရှေ့တွင် ထိုင်နေ၏။ သူက ထရပ်၍ ကြိုဆိုခြင်းမပြုပါ။ အခြားလှုပ်ရှားမှုလည်း မရှိ။

သူ၏စူးရှသောမျက်လုံးအစုံသည်အခန်းထဲသို့ ဝင်လာသော ဆံပင်များဖြူဖွေးသောအဘိုးအိုအား စိုက်ကြည့်နေ၏။

ချီဝူရဲက အခန်းအပြင်ဘက်သို့ တစ်ချက် ကြည့်လိုက်ပြီးမှ—

'အစ်ကိုလေး.... ပစ္စည်းငါ့ကိုပြစမ်း'

လွင်စာပေ

ချန်ရှုက အင်္ကျီအိတ်ထဲမှ လေးထောင့်စပ်စပ်ခေါက်ထားသော စက္ကူတစ်ခု ထုတ်ယူလိုက်သည်။

ထိုစက္ကူခေါက်ကလေးအားအသာအယာဖြေချလိုက်သည်။ ဂါထာများ ရေးသားထားသော စာရွက်တစ်ရွက်ဖြစ်သည်။

သို့မဟုတ် ဂါထာများပါရှိသော စာရွက်၏ တစ်ပိုင်းဖြစ်သည်။ ချီဝူရဲကလည်း သူ၏ အင်္ကျီအိတ်ထဲမှ ထိုစာရွက်နှင့် ထပ်တူထပ်မျှ ရှိသော စာရွက်တစ်ချက် ထုတ်ယူလိုက်လေသည်။

ထို့နောက် စာရွက်နှစ်ပိုင်းအား ဆက်စပ်လိုက်ရာ စာရွက်တစ်ရွက်အား နှစ်ပိုင်း ဆုတ်ထားခြင်း ဖြစ်သည်ကို တွေ့ရလေသည်။

သူက ကျေနပ်စွာပြုံးလိုက်သည်။ ပြီးနောက်စာရွက်နှစ်ပိုင်းစလုံးကို မီးအိမ်ထဲသို့ ချလိုက်ရာ စာရွက်နှစ်ပိုင်းစလုံး လောင်ကျွမ်းကာ ပြာအဖြစ်သို့ ကူးပြောင်းသွားလေသည်။

'အစ်ကိုလေး၊ မင်းရောက်လာတာနဲ့ လမ်းတစ်ခုလုံး လှုပ်ရှားသွားအောင်လုပ်နိုင်တာ အလွန်တော်ပါတယ်၊ ဘယ်သူ့ဆီက ပညာရလာတာလဲ'

ချန်ရှု၏လေသံ အေးစက်စက်ထန်သွားသည်။

'ဝူရဲ.... ဇာစ်မြစ်ကို မမေးပါနဲ့'

'ဒါက စည်းကမ်းချက်လား'

'ဟုတ်တယ်'

ချန်ရှုက စကားဆက်လိုက်သည်။

'ကျုပ်တို့က ငွေယူပြီး အလုပ် လုပ်ပေးတာ ကိစ္စပြီးရင် ဝူရဲက ငွေပေးရုံပဲ၊ နောက် ဘယ်မှာပဲတွေ့တွေ့ နှုတ်ဆက်ဖို့တောင် မလိုဘူး'

အခြေအနေသည် ချန်ရှူဆိုသူအား ချိဝူရဲက ငွေပေးပြီး ငှားရမ်းလိုက်ခြင်းဖြစ်သည်။

ဤအကြောင်းကို မြေခွေးကဲ့သို့ ပါးနပ်သော စုရှိဟိုင်ပင် မသိလိုက်ပါ။ ဤကဲ့သို့ဆိုလျှင် ချန်ရှူက အဘယ့်ကြောင့် ချိဝူရဲ၏ ဂေဟာသို့ အသုဘမီးပုံးပို့ပေးလိုက်ရပါသနည်း။

ခေါင်းတစ်လုံးကို အဘယ့်ကြောင့် ပို့ထားလိုက်ရသည်ကို နားမလည် နိုင်လောက်အောင် အစဉ်းစားရ ခက်သွားလေသည်။

ချိဝူရဲက ပြုံးလိုက်သည်။ သူ၏ အပြုံးသည် လျှို့ဝှက်မှုပါသည်။ ကျေနပ်မှုရှိသည်ကိုလည်း ဖော်ပြရာ ရောက်နေ၏။

'ထားပါတော့လေ၊ ငါတို့ ကိစ္စ အကြောင်း ပြောကြရအောင်'

သူက အနည်းငယ်စဉ်းစားလိုက်ပြီးမှ....

'အခြေအနေအားလုံး မင်း သုံးသပ်ပြီးခဲ့ပြီလား'

'ဟုတ်ကဲ့၊ ပြည့်စုံပါပြီ'

'ကောင်းပြီ ကျုပ်ကို ပြောပါဦးလေ'

'ပြောရမှာ စကားရှည်ပါတယ်၊ အဓိက ပြောချင်တာက ခင်ဗျားခိုင်းတဲ့အလုပ်ကို အောင်မြင်စေရမယ်၊ ခင်ဗျားခေါင်းပေါ် ပြဿနာမဖြစ်စေရဘူး'

'မှန်တယ်'



'ဒါကြောင့် ဒီကိုရောက်ရောက်ချင်း ခင်ဗျားကို ပြဿနာ ရှာပြလိုက်တယ်၊ တစ်နေ့ ကျုပ်တို့က ခြေချော် လက်ချော် ဖြစ်ခဲ့တာတောင် ခင်ဗျားကို ဘယ်သူကမှ သံသယဖြစ်ကြမှာ မဟုတ်ဘူး'

'မင်း တော်တယ်'

'ဝူရဲ.... ခင်ဗျားကို ဒီမှာချိန်းတွေ့တာ အချိန်အကုန်ခံလို့ မဖြစ်ဘူး.... အဲဒီတော့ ခင်ဗျားဒုက္ခပေးချင်တဲ့ ပုဂ္ဂိုလ် ဘယ်သူလဲဆိုတာ ပြောပြပါ'

ချိဝူရဲက စကားကိုလွှဲလိုက်သည်။

'နေပါဦး၊ အခု မင်းလုပ်ရမယ့် အလုပ်က အလွန်တာဝန်ကြီးတယ်ဆိုတာ မင်းလဲ သိပါတယ်၊ ဘာကြောင့် မိန်းကလေး (၄)ယောက်တောင် ခေါ်လာရတာလဲ'

'ဒါက ကျုပ်မှာ အကြောင်းရှိလို့ပါ'

'ပြောမပြနိုင်ဘူးလား'

'ဒါတော့ သည်းခံပါ'

'ဘာဖြစ်လို့'

'တစ်နေ့နေ့တစ်ချိန်ချိန် ခင်ဗျားကိုဒုက္ခပေးဖို့ ငွေထုပ်ကြီး ပေးမယ့်လူ ပေါ်လာရင် ကျုပ်အကြောင်း ခင်ဗျား သိထားတဲ့အတွက် ကျုပ်နစ်နာသွားမှာစိုးလို့ပါ'

'ဟား....ဟား....ဟား'

ချိဝူရဲက ခြောက်ကပ်ကပ် ရယ်မောလိုက်လေသည်။

'မင်းဟာ အသက်ငယ်ငယ်လေးရှိပေမယ့် အတော်ရင့်ကျက်နေတယ်၊ ကောင်းပြီ ကျုပ်မမေးတော့ပါဘူး'

သူက စကားဆက်လိုက်သည်။

'ဒါနဲ့ ချင်းရှမ်းမင်းဆိုတဲ့အဖွဲ့က ဘယ်ကပေါ်လာတာလဲ'

'သူများအထင် ရှုပ်ထွေးသွားအောင် ဖန်တီးထားတဲ့ အဖွဲ့တစ်ခုလို့ ပြောချင်ပါတယ်'

'မင်းနဲ့ပါလာတဲ့ မိန်းကလေး(၄)ယောက် တစ်နေ့ကုန် ဘယ်သွားနေကြတာလဲ'

ချန်ရှု၏မျက်နှာ သုန်မှုန်သွားသည်။ လေသံလည်း မာလာလေသည်။

'ဝူရဲ...ကျုပ်က စစ်လား ဆေးလားလုပ်တာ ကျုပ်မကြိုက်ဘူး၊ ခင်ဗျားလဲ ဒီလောကအကြောင်းကို နားလည်ပါတယ်၊ ခင်ဗျားဆီက ငွေလေးရဖို့ ဇာစ်မြစ်တွေအားလုံးပြောပြလိုက်ရင် ကျုပ်တို့ရှေ့ဆက် အလုပ်လုပ်နိုင်ပါဦးမလား'

ချိဝူရဲက ကောက်ကျစ်စွာ ပြုံးလိုက်သည်။

'ဒီမှာကိုလေး.... မင်း သတ္တိရှိတယ်၊ ဉာဏ်ကောင်းတယ် ဒါပေမယ့် ဒေါသကြီးတယ်၊ ဒါကိုတော့ နည်းနည်းပြင်စေချင်တယ်'

'ဝူရဲ...'

ချန်ရှုက သည်းမခံနိုင်တော့ပါ။

'ခင်ဗျားက အချိန်ကုန်ခံပြီး မဆိုင်တဲ့ စကားတွေပြောနေတယ်ဆိုတာ သတိထားပါ၊ အဲဒီလူက ဘယ်သူလဲဆိုတာ မြန်မြန်ပြောပါ'

'ဟီန်...စုရဲ'



ချိဝူရဲက တိုးတိုးတုတ်တုတ်ဖြင့် ပြောပြလိုက်သည်။ ချန်ရှုက အနည်းငယ် မှင်သက်မိသွားသည်။ အတန်ကြာတော့မှ...

'ဟိန်မီးပုံးဆိုင် ဟုတ်လား'

'ဟုတ်တယ်၊ အဲဒီမြေခွေးအိုပါပဲ'

ချန်ရှုက ဆက်၍မမေးတော့ပါ။ သို့သော် သူ၏စိတ်ထဲတွင် ကိုယ့်ကိုယ်ကို ပြန်မေးမိနေ၏။

'မီးပုံးဆိုင်က ဆိုင်ရှင်တစ်ယောက်ကို ချိဝူရဲလို ပုဂ္ဂိုလ်က ဘာကြောင့် ဒါလောက်တောင် ရန်ငြိုးကြီးနေရပါလိမ့်'

* * *

ဟိန်စုရဲက အခြား အကျင့်များမရှိပါ၊ သူက အရက် နည်းနည်းပါးပါးမျှသာ သောက်တတ်၏။

သူသည် အရက်သောက်သည်မှာ ကြွားဝါလို၍မဟုတ်ပါ၊ ငယ်စဉ်ထဲက ရလာတဲ့အကျင့်တစ်ခုဖြစ်နေ၏။

သူသည် 'လူချမ်း'အရက်တစ်မျိုးတည်းသာ သောက်တတ်သည်။ အခြားအရက်များဆိုလျှင် တစ်စက်မှမသောက်။

မီးအိမ်ရှေ့တွင် ထိုင်၍ သူသည် အရက်သောက်နေ၏။ အရက်နှစ်ခွက်သောက်ပြီးသည်နှင့် သူက ရပ်လိုက်လေသည်။

သူ အရက်သောက်သည့်မှာလည်း အကန့်အသတ်ရှိသည်။ နှစ်ခွက်ထက် ပိုမသောက်ပါ။ အရက်နှစ်ခွက်ချထားပြီးနောက် သူက အရှေ့ဘက်သို့ မျက်နှာမူ၍ ခေါ်လိုက်သည်။

'စန်းဝါး'

စန်းဝါးက ရောက်မလာပါ၊ အလုပ်ကြမ်းသမား တစ်ယောက်က ဝင်လာသည်။

'လောက်ပန့် စန်းဝါးမရှိဘူး'

လောက်ပန့်ဆိုသည်မှာ 'သူဌေး' ဟု ခေါ်လိုက်ခြင်း ဖြစ်သည်။

'ဟင်....သူဘယ်သွားတာလဲ'

'ရှင်လုံ လောင်းကစားအိမ် သွားပါတယ်'

'ဒီခွေးကောင်က သိပ်ပြီး ဖဲရိုက်နေပါလား'

'စန်းဝါးက မှာထားပါတယ်၊ လောက်ပန့်က သူ့ကို ခိုင်းမယ့် အလုပ်ကို ကျွန်တော်က လုပ်ပေးပါလို့'

'နေပါစေ'

ဟိန်စုရဲက လက်ဝှေ့ယမ်းလိုက်သည်။

'မင်းသွားတော့'

'ဟုတ်ကဲ့'

'နေဦး'

ဟိန်စုရဲက ဟန့်တားလိုက်သည်။ အလုပ်သမားက ရပ်တန့်လိုက်သည်။

'ဘာခိုင်းမလို့လဲ လောက်ပန့်'



'တံခါးများ ပိတ်မပိတ် သေသေချာချာ စစ်ဆေးပြီးမှ အိပ်ပါ'

'ဟုတ်ကဲ့၊ လောက်ပန့်'

အလုပ်ကြမ်းသမားက အရိုအသေပြုပြီး ထွက်သွားလေသည်။

## ဟိန်စုရဲ

ဤနေရာသည် သီးသန့်အခန်းတစ်ခန်း ဖြစ်သည်။

စားပွဲရှိသည်၊ ကုလားထိုင်ရှိသည်။ ခုတင်တော့ မရှိချေ။ ဟိန်စုရဲသည် အရက်နှစ်ခွက် ဝမ်းဗိုက်ထဲရောက်သွားပြီးနောက် ကြိမ်လက်ကုလားထိုင်ပေါ်၌ မျက်လုံးစင်း၍ လဲလျောင်းနေ၏။

အတန်ကြာ ဆိတ်ဆိတ်နေပြီးမှ လူရိပ်တစ်ခု လှုပ်ရှားလာသည်။ လူတစ်ယောက်သည် ဟိန်စုရဲရှေ့တွင် လာရောက်ရပ်နေ၏။

ထိုလူသည် ခန္ဓာကိုယ် သေးသေးသွယ်သွယ် ရှိသည်။ အကယ်၍သာ သူ၏မျက်နှာပေါ်တွင် မုတ်ဆိတ်မွေးများမရှိပါက မိန်းကလေးတစ်ယောက် ဖြစ်သည်ဟု ထင်မှတ်ကြမည် ဖြစ်သည်။



သူသည် ဟိန်စုရဲရှေ့တွင် ငြိမ်သက်စွာ ရပ်နေ၏။ အသံလည်းမပြု၊ မည်သည့် လှုပ်ရှားခြင်းမှုလည်းမရှိ။

ဟိန်စုရဲ၏ မျက်လုံးအစုံသည် မှိတ်ထားလျက်ရှိ၏။ မျက်လွှာလဲ မပင့်ချေ။ သို့သော် သူသည် မျက်လုံးဖွင့်ထားသည့်အလား။

'မင်း ဝင်လာတာကို တခြားလူ မြင်သွားသေးသလား'

'စုရဲ၊ ကျွန်တော် သတိထားပါတယ်၊ ဘယ်သူမှ မတွေ့သွားပါဘူး'

'ထိုင်'

ထိုလူသည် ဟိန်စုရဲအနီးတွင်ရှိသော ခွေးခြေတစ်လုံးပေါ်သို့ ထိုင်ချလိုက်သည်။

'မင်း ကြားပြီးပြီလား'

ဟိန်စုရဲ၏မျက်လုံးအစုံသည် မှိတ်ထားလျက်။

'ဘာကိုလဲ'

ဟိန်စုရဲက ခန္ဓာကိုယ်အား မတ်လိုက်သည်။ မျက်လုံးအစုံအား ဖွင့်ကြည့်လိုက်ပြီးနောက် သူ၏အသံမှာ ဒေါသသံ ပါလာ၏။

'မင်း နားပင်းနေသလား၊ လမ်းတစ်ခုလုံး ပွက်လောရိုက်သွားတဲ့ကိစ္စတောင် မင်းမသိဘူးလား'

'ဘာများလဲဆိုတာ ပြောပါဦး စုရဲ'

'မျက်နှာစိမ်းတစ်ယောက်က မျက်နှာစိမ်း မိန်းကလေးလေးယောက်ကိုခေါ်ပြီး ဒီကိုရောက်လာတယ်၊ သူက ဒီကို ရောက်ရောက်ချင်း ခွေးသစ်းလေးချိုဂူရဲတို့ အိမ်ရှေ့မှာ အသုဘ

မြေပုံ တစ်ဆယ့်နှစ်ပုံ ချိတ်ထားတယ်၊ နောက်ပြီး ခေါင်း တစ်လုံးလဲ ပို့ခိုင်းလိုက်သေးတယ်'

ထိုလူက ဆတ်ခနဲ ထရပ်လိုက်သည်။

'ဟုတ်လား'

သူက အလွန်အံ့ဩသွားသည်။

ဟိန်းစုရဲကလည်း မတ်တတ်ရပ်လိုက်သည်။

'ဘယ်လိုလဲ မင်းကြောက်သွားပြီမဟုတ်လား'

ထိုလူသည် သူ၏ဦးခေါင်းကို တွင်တွင်ခါယမ်းလိုက်သည်။ သူသည် မယုံကြည်သောလေသံဖြင့်....

'စုရဲ၊ ကျုပ်တော့ အံ့ဩသွားပြီ၊ အဲဒီမျက်နှာစိမ်းက ချိဝူရဲကို သွားပြီးရန်စရင် အမှုဖြစ်သွားနိုင်တယ်'

သူက စကားဆက်လိုက်ပြန်သည်။

'ချိဝူရဲကော ဘယ်လိုတုံ့ပြန်သလဲ'

ဟိန်းစုရဲက မျက်မှောင်ကြုတ်သွားသည်။

'ပြောရမှာတောင် ယုံချင်စရာမရှိဘူး၊ ချိဝူရဲဟာ ဘာမှ မလုပ်ဘဲ ငြိမ်ခံနေတယ်၊ သူ့ရဲ့သတ္တိခဲ့ စုရှိဟိုင်တောင်မှ မျက်နှာမပြဝံ့အောင် ဖြစ်သွားတယ်'

'တန်တော့ ဒီမျက်နှာစိမ်းလူတွေဟာ နယ်နယ်ရရလူစား တစ်ယောက်တော့ မဟုတ်ဘူးဆိုတာ ကျုပ်ပြောရဲတယ်'

ဟိန်းစုရဲက လက်နှစ်ဖက် နောက်ပစ်၍ ခေါက်တုံ့ခေါက် ပြန် လျှောက်နေ၏။

'ဟုတ်တယ်၊ သူ့ရဲ့လုပ်ရပ်ကိုကြည့်ရတာ ချိဝူရဲကိုပြဿနာ ရှာဖို့ ဖြစ်ရမယ်'



'ဒါနဲ့စုရဲ၊ သူတို့မီးပုံးအိမ် လာဝယ်တုန်းက ခင်ဗျားမသိ ဘူးလား'

'မသိဘူး၊ ကျုပ်လဲ ဒီကနေ့မှကြားခဲ့တာပဲ'

'စုရဲ ကျုပ်ထင်ထားတာကို ပြောရမယ်ဆိုရင်တော့ ချိဝူရဲ ဟာ ဒီသူငယ်ရဲ့အကြောင်း သိပြီး သူမနိုင်နိုင်မှန်း သိနေလို့ သာ အခုလိုသည်းခံနေတာ ဖြစ်မှာပေါ့'

'ဟန်စင်း'

ထိုခန္ဓာကိုယ် သေးသွယ်သောလူ၏ အမည်ကို ခေါ်လိုက်ခြင်း ဖြစ်သည်။

'ကနေ့ည ငါမင်းကို ဘာကြောင့် ခေါ်ထားသလဲဆိုတာ သိလား'

'ဒီကိစ္စပဲ ဖြစ်မှာပေါ့ ဟုတ်လား'

'ဟုတ်တယ်'

ဟိန်းစုရဲက ပွင့်လင်းစွာ ပြောလိုက်သည်။

'ကျုပ်နဲ့ ချိဝူရဲတို့ရဲ့ ပြဿနာကို တစ်နေ့မရှင်းရင် တစ်နေ့ နေ့တော့ ရှင်းရမှာပဲ၊ ကျုပ်ကသူ့ကို ပြဿနာမရှာရင် သူက ကျုပ်ကို ပြဿနာရှာမှာ'

သူက အံကို တင်းတင်းကြိတ်လိုက်သည်။

'ကျုပ်က သူ့ကိုမနိုင်လို့ သည်းခံနေတာ အခုတော့ ကျုပ် အခွင့်အရေးရလိုက်ပြီ'

ဟန်စင်းက....

'စုရဲက ဘယ်လိုအကြံရှိသလဲ'

'မင်းကို ခိုင်းစရာရှိတယ်'

ဟန်စင်းက....

'အမိန့်ရှိပါ'

'ကနေ့ည မင်းက ကျေးအောင်လျှံရဲ့ တည်းခိုခန်းကို တစ်ခေါက်သွားလိုက်ပါ'

'ဟို မျက်နှာစိမ်းလူငယ်နဲ့ သွားတွေ့ဖို့ဟုတ်လား'

'ဟုတ်တယ်'

'သူ့ကိုတွေ့ပြီး ဘာလုပ်မလဲ'

'မင်းက ချီဝူရဲ့ဟာ ဒီနယ်တစ်ပိုက်မှာ မတရားစိုးမိုးပြီး နိုင်ထက်စီးနင်း လုပ်တဲ့ အကြောင်းတွေကို သာသာထိုးထိုး ပိုပြောပြလိုက်ပါ၊ နောက်ပြီး ငါတို့က သူ့ကို အစွမ်းကုန် ထောက်ခံမယ်လို့ ရှင်းပြလိုက်ပါ'

ဟန်စင်းက မျက်မှောင်ကြုတ်သွား၏။

'ဒီလိုလုပ်ရင်တော့ ဘယ်တရားမလဲ'

'ဘာဖြစ်လို့ မတရားတာလဲ'

'စုရဲ့ ခင်ဗျားကို တစ်လမ်းလုံးက လေးစားခြင်းခံရပါတယ်၊ နောက်ပြီး အားလုံးရဲ့ လေးစားခြင်းခံရတဲ့ ပုဂ္ဂိုလ်တစ်ယောက် အဖို့ ဒီကိစ္စ ပေါက်ကြားသွားရင် ခင်ဗျား နာမည်ပျက်သွားမှာပေါ့'



'ဟန်စင်း.... ငါက ဒီလောက်လဲ မညံ့ပါဘူး၊ ငါ့နားလာစမ်း၊ ငါမင်းကို လုပ်ခိုင်းမယ့် ကိစ္စအားလုံး ပြောပြမယ်'

သူသည် ဟန်စင်းနားသို့ ကပ်၍ တီးတိုးပြောလိုက်လေသည်။ ဟန်စင်းသည် နားထောင်ရင်း မျက်နှာတစ်ခုလုံး ရွှင်ပျလာလေသည်။

## ဝမ်းဘွားဘွား

မီးပုံးအိမ်လမ်းသည် မီးပုံးအိမ်များ ရောင်းချသော ဆိုင်အများဆုံးရှိလေသည်။

သို့သော် တခြားလုပ်ငန်းများလည်း ရှိပါသည်။ တချို့လုပ်ငန်းသည် သမ္မာအာဇီဝ လုပ်ငန်းများ ရှိသည့်အလျောက် ပုန်းလျှိုးကွယ်လျှိုး လုပ်နေရသော လုပ်ငန်းများလည်း ရှိပါသည်။

ဤနေရာသည် တခြားနေရာကဲ့သို့ အရက်ဆိုင်ရှိသည်။ ကြေးတန်းစားဂေဟာ ရှိသည်။

ရှေးပညာရှိများက ပြောဆိုခဲ့ဖူးသည်။ လောကပေါ်၌ ယောကျ်ားများ ရှိသော နေရာတိုင်းတွင် ကြေးတန်းစားဂေဟာများ ရှိရမည်မှာ မုချမလွဲပေ။



ထို့ကြောင့် မီးပုံးအိမ်လမ်းမှာလည်း ကြေးတန်းစားဂေဟာ တစ်ခုရှိလေသည်။

ဤဂေဟာ၏ ပိုင်ရှင်မှာ ဝမ်းဘွားဘွားဆိုသော အဘွားအိုတစ်ယောက် ဖြစ်လေသည်။

ထိုအမျိုးသမီးသည် ကြေးတန်းစားဂေဟာကို ထူထောင်ဖွင့်လှစ်နိုင်ခြင်းမှာ ဩဇာအာဏာရှိ၍ မဟုတ်ချေ။

သို့သော် မည်သူမဆို သူမထံသို့ သွားရောက်၍ အကြောင်းမဲ့ ပြဿနာရှာခဲ့ပါလျှင် သူမဂေဟာကို ချက်ချင်း ပိတ်လိုက်သောကြောင့် ဖြစ်သည်။

တခြားလူများသည် ယင်ကဲ့သို့ များပြားလှသော မိန်းကလေးများအား စုဆောင်းနိုင်သော အရည်အချင်း မရှိကြပေ။

ထို့ကြောင့် မည်သူမဆို ဝမ်းဘွားဘွားအပေါ် ပြဿနာရှာလိုက်ပါလျှင် ထိုလူအား အများက ဝိုင်းပယ်ကြမည်သာဖြစ်၏။

ဤသို့ဆိုလျှင် ဝမ်းဘွားဘွားသည် သူမ၏ဂေဟာအတွက် မိန်းကလေးများအား မည်ကဲ့သို့ ရှာဖွေစုဆောင်းပါသနည်း။

ဝမ်းဘွားဘွားသည် အဆောင် သုံးဆောင် ရှိသော အဆောက်အဦတစ်လုံး ရှိသည်။ အိပ်ခန်းပေါင်း ငါးဆယ့်လေးငါးခန်းရှိပြီး သူမ၏ဂေဟာတွင် မိန်းကလေး ဆယ်ယောက်အား အမြဲတမ်း ထိန်းသိမ်းထားနိုင်ခဲ့လေသည်။

သူမထံသို့ရောက်ရှိလာသော မိန်းကလေးများမှာ သုံးမျိုး သုံးစားရှိလေသည်။ အချို့ လူလိမ်လူကောက်များက လိမ်ညာ၍ လာပြီးရောင်းချသော မိန်းကလေးများဖြစ်၏။

အချို့မှာ အလွန်ဆင်းရဲလွန်းသဖြင့် မိဘများက လာရောက်၍ ပေါင်နှံထားသော မိန်းကလေးများဖြစ်သည်။

အချို့မှာ အကျင့်ပျက်၍ အိမ်မှထွက်ပြေး လာကြသော မိန်းကလေးများဖြစ်လေသည်။

ဝမ်းဘွားဘွားသည် မည်သည့်အကြောင်းကြောင့် သူမထံ ရောက်ရှိလာကြသော မိန်းကလေးများအပေါ် ကောင်းမွန်စွာဆက်ဆံ၍ တန်ရာတန်ကြေးအခငွေပေး၏။

ထို့ကြောင့် ဝမ်းဘွားဘွား၌ စိတ်ရှုပ်ဖွယ်ရာပြဿနာများနှင့် လုံးဝရင်မဆိုင်ရပေ။

သို့သော် ကနေ့မှာမူ....

* * *

ကနေ့....

ဝမ်းဘွားဘွားသည် ပြဿနာတစ်ခုနှင့် ထိပ်တိုက် ရင်ဆိုင်လာရလေသည်။ ပိရင်းနှင့် လုံမေတို့သည် သူ့ထံသို့ ရောက်ရှိလာသည့်အချိန်မှစ၍ ရင်မအေးခဲ့ရပေ။



ထိုမိန်းကလေးနှစ်ယောက်သည် ရုပ်ရည် ချောမောသည်။ ကိုယ်ခန္ဓာကြော့ရှင်းသည်။

အကယ်၍သာ သူမတို့အား မွမ်းမံ ပြင်ဆင်လိုက်ပါက ငွေကြေးမြောက်များစွာ ရနိုင်သည်ဟု သူမ ယုံကြည်သည်။

သို့သော် ဝမ်းဘွားဘွားက သူမတို့အားလုံး လုံးဝအသုံးမကျသေးချေ။ အကြောင်းမှာ ထိုမိန်းကလေးနှစ်ယောက်၏ ရောက်ရှိလာပုံမှာ တမူထူးခြားနေသောကြောင့်ဖြစ်လေသည်။

သူမတို့၏ စကားပြောသော လေသံကို နားထောင် လိုက်သည်နှင့် ဤဒေသတစ်ဝိုက်တွင် နေထိုင်သော လူများမဟုတ်သည်ကို သိသာနိုင်သည်။

သူမတို့၏ရုပ်ရည်အနေနှင့် မြို့ကြီးပြကြီးမှာပင် ငွေကိုရေလို ရရှိသုံးဖြုန်းနိုင်သော အရည်အချင်းရှိသည်။

သူမတို့သည် မြို့ကြီးပြကြီးတွင် ငွေမရှာဘဲ အဘယ့်ကြောင့် ဤကဲ့သို့ ကျဉ်းမြောင်းသောနေရာသို့ ရောက်ရှိ လာကြပါသနည်း။

သူမသည် ယင်းအကြောင်းနှင့် ပတ်သက်၍ မေးမြန်းကြည့်မိသောအခါ....

ပိရင်းက ဤကဲ့သို့ ပြန်လည်ဖြေကြားလိုက်သည်။

'ကျွန်မရဲ့ ဇာစ်မြစ်ကို မမေးပါနဲ့၊ ရှက်ရမဲ့အလုပ်ကို လုပ်ရမယ်ဆိုရင် ကိုယ် ရင်းနှီးနေတဲ့ ပတ်ဝန်းကျင်မှာ လုပ်ဖို့ မသင့်ပါဘူး၊ တကယ်လို့များ ဝမ်းဘွားဘွားက မယုံဘူးဆိုရင် ကျွန်မတို့ ကိုယ့်ဆန္ဒအတိုင်း လုပ်ပါတယ်လို့ စာချုပ် ချုပ်ပေးပါမယ်'

ပိရင်းက ပြတ်ပြတ်သားသား ရှင်းလင်းပြောပြလိုက်သေ
လည်း ဝမ်းဘွားဘွားရင်ထဲတွင် သံသယရှိမြဲရှိနေ၏။

သူမသည် ပိရင်းနှင့်လုံမေအား ယာယီအားဖြင့်ခေါ်ထာ
လိုက်သည်။ သူမတို့အား အခန်းတစ်ခန်းစီ ပေးထားလို
လေသည်။

သို့သော် ယင်းသတင်းကို လုံးဝ ဖော်ထုတ် ပြောဆိုခြ
မပြုသောကြောင့် သူမထံ ရောက်ရှိလာကြသော ဖောက်သ
မိတ်ဆွေများတို့မှာ ယင်းအကြောင်းကို လုံးဝမသိလိုက်ပေ။

* * *

ယခု လုံမေသည် ပိရင်း၏အခန်းထဲသို့ ရောက်နေ၏။

သူမသည် မကျေနပ်သောလေသံဖြင့် ပိရင်းအား မေးမြန်
နေ၏။

'မမပိရင်း.... ဒီနေရာက ဘယ်လိုနေရာပါလိမ့်'

ပိရင်းက ပြုံးလိုက်သည်။

'ဘယ်လိုနေရာလဲဆိုတာ ညီမ အခုထိ မသိသေးဘူးလာ

လုံမေက ခေါင်းခါရမ်းလိုက်သည်။

'ဟင့်အင်း.... ကျွန်မ မသိဘူး'



ပိရင်းက ပြုံးလိုက်ပြီး....

'ဒါဖြင့် မမ ပြောပြမှဖြစ်တော့မယ်'

သူမသည် လုံမေ၏နားသို့ကပ်၍ တီးတိုးပြောပြလိုက်လေသည်။ သူမ၏စကားပင်မဆုံးသေးမီ လုံမေ၏မျက်နှာတစ်ခုလုံး နီရဲသွားလေသည်။

သူမသည်နားမလည်နိုင်သောအကြည့်ဖြင့် ပိရင်းအားကြည့်နေ၏။

'ဘာဖြစ်လို့'

သူ၏စကားမဆုံးမီ ပိရင်းက လက်ကာ၍ ဟန့်တားလိုက်ရလေသည်။

'ငါတို့သည် ဒီကိုရောက်လာတာက အလွန်အရေးကြီးတဲ့ တာဝန်တစ်ခုထမ်းဆောင်ဖို့ပါပဲ၊ ဒါကိုညီမလဲ သိပါတယ်'

လုံမေက....

'တာဝန် ထမ်းဆောင်တာတော့ ညီမလေး သိပါတယ်၊ ဒါပေမယ့် ဒီလိုတာဝန်မျိုးထမ်းဆောင်ရမှာ'

ပိရင်းက ရယ်မောရင်း သူမ၏စကားကို ကြားဖြတ်လိုက်သည်။

'ညီမက ဉာဏ်မခေပါဘူး၊ ဘယ့်နှယ် ဘာတွေလျှောက်တွေးနေတာလဲ'

သူမက အသံတိုးတိုးဖြင့်....

'ငါတို့က ဒီလိုပြောမှဘဲ ဒီနေရာမှာ နေလို့ရမယ်မဟုတ်လား၊ တကယ်လုပ်မှာမှ မဟုတ်ဘဲ'

သူမသည် ချန်ရှ ပေးသော တာဝန်များကို ပြောပြ လိုက်သောအခါမှ လုံမေက သဘောပေါက် နားလည် လိုက်လေသည်။

သူမက ခေါင်းခါရမ်းလိုက်သည်။

'ပေးတဲ့တာဝန်ကိုတော့ ထမ်းဆောင်ပါ့မယ်၊ ဒါပေမယ့် ကျွန်မအခန်းထဲမှာ ကျွန်မတစ်ယောက်တည်း အိပ်ရမှာကို စိတ်မလုံဘူး'

ပိရင်းက ပြုံးလိုက်လေသည်။

'ဘယ်ဖြစ်မလဲ၊ ညီမအခန်းကို ညီမပြန်အိပ်ရမယ်'

လုံမေသည် သူမ၏ဖိနပ်ကို ချွတ်လိုက်ပြီး ခုတင်ပေါ်သို့ တက်၍ လဲလျောင်းလိုက်လေသည်။

ပိရင်း၏မျက်လုံးအစုံမှာ ပြူးကျယ်သွားလေသည်။

'အဲဒါက ဘာလုပ်တာလဲ'

လုံမေက....

'ညီမ အိပ်ချင်ပြီလေ'

ပိရင်းက....

'ညည်းအိပ်ချင်ရင် ညည်းအခန်းပြန်အိပ်ပေါ့'

လုံမေသည် စကားတစ်ခွန်းမှ မပြောတော့ဘဲ စောင်ဖြင့် ခေါင်းမြီးခြုံထားလိုက်လေသည်။

ပိရင်းက မတတ်နိုင်တော့ဘဲ သက်ပြင်းတစ်ချက် ချလိုက်ရလေသည်။

* * *



ည....

ညဉ့်နက်လှပြီဖြစ်သည်။

ပိရင်းက အိပ်၍မပျော်သေးပေ။

ဝန်းကျင်တစ်ခုလုံးမှာလည်း တိတ်ဆိတ်၍နေ၏။

သူမသည် အိပ်ပျော်နေသော လုံမေအား တစ်ချက်ကြည့်ကာ သက်ပြင်းတစ်ချက်ချလိုက်လေသည်။

ထိုအချိန် ခြေသံတစ်ခုထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ ပိရင်းက သတိထား၍ နားစွင့်လိုက်လေသည်။

ထိုခြေသံသည် သူမ၏ အခန်းရှေ့တွင် ရပ်တန့်သွားသည်။

'ကလေးမ'

ထိုအသံသည် ဝမ်းဘွားဘွား၏အသံဖြစ်သည်ကို သူမကသိရှိလိုက်သော်လည်း မေးဖြစ်အောင် မေးမိလိုက်သေး၏။

'ဘယ်သူလဲ'

'ငါပါ.... ဝမ်းဘွားဘွားပါ'

'ဟုတ်ကဲ့၊ ဘာကိစ္စရှိလို့လဲ'

'ဟိုဘက်ခန်းက မိန်းကလေး ဒီမှာရောက်နေသလားလို့ လာမေးတာပါ'

'ဟုတ်ပါတယ်ဘွားဘွား၊ သူက တစ်ယောက်တည်းမအိပ်ရဲလို့တဲ့'

'ရပါတယ်၊ ဒီမှာရှိနေရင် ပြီးတာပါဘဲ၊ ကဲ အိပ်တော့'

စကားဆုံးသွားသည်နှင့် ခြေသံ ထပ်မံ ထွက်ပေါ်လာလေသည်။ ခြေသံများ ပျောက်ကွယ်သွားသောအခါ....

ပိရင်းသည် လဲလျောင်းရာမှ ထ,ရပ်လိုက်ပြီး အခန်းတံခါး ရှိရာသို့ လျှောက်သွားသည်။

မင်းတုံးကို အသာအယာဖြုတ်လိုက်ပြီး အခန်းတံခါးအား အနည်းငယ်တွန်းဖွင့်လိုက်သည်။

သူမသည် ဟ,နေသောတံခါးကြားမှ ချောင်းကြည့်လိုက်ရာ စင်္ကြံလမ်းတစ်ခုလုံးမှာ လူရိပ်ပင်မတွေ့ရပေ။

သူမသည် နားစွင့်ကြည့်လိုက်ရာ အားလုံး အိပ်ပျော်နေသည်ကို အကဲခတ်မိ၏။ သူမသည် အခန်းတံခါးကို အသာအယာဖွင့်ပြီး အခန်းထဲမှ လှမ်းထွက်လိုက်လေသည်။

လုံမေမှာမူ တုတ်တုတ်မျှ မလှုပ်ချေ။

သူမက....

'အိပ်ပျော်နေပြီထင်ပ'

ပိရင်းနေခဲ့သော အခန်းသည် အဆောင်သုံးခု၏ အလယ်ဆောင်၌ဖြစ်သည်။ ဤအဆောင်တွင် ဧည့်ခန်းတစ်ခု ရှိနေသည်မှအပ အခန်းစုစုပေါင်း ခြောက်ခန်းရှိသည်။

ထိုအခန်းခြောက်ခန်းတွင် ဝမ်းဘွားဘွား၏အခန်း တစ်ခန်းရှိနေ၏။ ပိရင်းသည် ဤနေရာသို့ ရောက်ရှိလာသောအခါ အခန်း၏အနေအထားများကို တိတ်တဆိတ် ကြပ်မတ်ထားပြီးဖြစ်ရာ သူမသည် ဝမ်းဘွားဘွား၏အခန်းသို့ ချဉ်းကပ်လိုက်လေသည်။

## သန်းခေါင်ယံတွေ့ဆုံခြင်း....

ပိရင်း၏။ခြလှမ်းမှာ အလွန်ပေါ့ပါးသည်။ ဤသည် သူမ ...ာ လေ့ကျင့်ခဲ့ရသော အကျိုးဖြစ်သည်။

သူမသည် ဝမ်းဘွားဘွားအခန်းသို့ ရောက်ရှိသွားသည် ...င့် သူမ၏ ခန္ဓာကိုယ်သည် တောက်တက် တစ်ကောင်ပမာ ...ခန်းနံရံသို့ ကပ်လိုက်လေသည်။

အကယ်၍ စင်္ကြံလမ်းတွင် လူထွက်လူဝင် ရှိနေသည့်တိုင် ...အောင် အထူးသတိမပြုလျှင် တွေ့မြင်ကြမည်မဟုတ်ပါ။

အခန်းတံခါးသည် လုံခြုံစွာပိတ်ထားသည် ဖြစ်သော်လည်း ...ခန်းထဲမှ အသံများသည် အပြင်သို့ကြားနိုင်လောက်အောင် ...ှင့်ထွက်လာ၏။

ပိရင်းသည် အခန်းထဲမှ စကားပြောသံများကိုကြားလိုက် လေသည်။ ယောကျ်ားတစ်ယောက်၏ အသံဖြစ်သည်။

'ဝမ်းဘွားဘွား မြင်းပွဲခြံကလူတွေ ရောက်လာပြီလား'
အသံများက ချုပ်ထိန်းထားသောကြောင့် စကားပြောသူ၏ အသက်အရွယ်အား ခန့်မှန်းရန်မှာ မလွယ်ပါ။

'ဆက်သွယ်တဲ့လူတော့ ရောက်လာပြီ'

'ဟုတ်လား၊ သူ ဘယ်မှာတည်းသလဲ'

'ဒီမှာပဲ၊ ချိုင်ယင်း အခန်းမှာ'

'သူက ဘာပြောသေးလဲ'

'သူတို့လူ နောက်သုံးယောက် မနက်ဖြန် ညနေ ရောက်လာမယ်လို့ ပြောတယ်'

'ကောင်းပြီ၊ ဒါနဲ့ ကျုပ်တစ်ခုတော့ သတိပေးချင်တယ်'

'ပြောပါ ချစ်ရဲ'

ထိုစကားပြောသူ၏အမည်မှာ 'ချစ်ရဲ'ဖြစ်သည်ကို ပီရင်းက သိလိုက်လေသည်။

'ဝမ်းဘွားဘွား ဒီနေရာမှာအခုလို အေးအေးချမ်းချမ်း နေနိုင်ဖို့ဆိုတာ ဘယ်သူက ကျောထောက်နောက်ခံ လုပ်ပေးတယ်ဆိုတာ ခင်ဗျားသိပါတယ်'

'ငါသိပါတယ်ဟာ'

'သိရင် ကျေးဇူးမမေ့နဲ့၊ သစ္စာမဖောက်နဲ့'

'စိတ်ချပါ ချစ်ရဲ'

ပီရင်းသည် ဝမ်းဘွားဘွား၏ ကျောထောက်နောက်ခံပေးသူက မည်သူမည်ဝါ ဖြစ်သည်ကို သိလိုနေသော်လည်း သူတို့က ဆက်မပြောသဖြင့် စိတ်မောက်ကျသွားလေသည်။

'ဒါဖြင့် ကျုပ်သွားတော့မယ်'



'ချစ်ရဲ၊ ခဏ....'

'ဘာပြောမလို့လဲ ဝမ်းဘွားဘွား'

'တခြားဟော့မဟုတ်ပါဘူး၊ အခု ငါလုပ်ရမယ့်တာဝန်ဟာ ဘယ်လောက် အန္တရာယ်များတယ်ဆိုတာ ချစ်ရဲသိပါတယ်'

'သိလို့ သတိပေးနေရတာပေါ့'

'ကောင်းပြီ၊ ဆောင်ရွက်ခတော့ ပေးသင့်ပါတယ်'

'ခင်ဗျားက ဘယ်လောက်လိုချင်လို့လဲ'

'ချစ်ရဲက ဘယ်လောက်ပေးချင်လို့လဲ'

'ရွှေချောင်းနှစ်ချောင်း၊ ကျေနပ်လား'

'ကောင်းပြီ၊ ငါလက်ခံတယ်'

'ဒါဖြင့် အလုပ်ကို အောင်မြင်အောင်လုပ်၊ တစ်ခုခုဖြစ်ရင် ခင်ဗျားအန္တရာယ် မသေးဘူးဆိုတာမှတ်'

'စိတ်ချ၊ ငါ့ကိုပေးမယ်လို့ ကတိရမှတော့ ဖြစ်အောင် လုပ်ဖို့ ငါ့တာဝန်ထား'

'ကောင်းပြီ၊ ကျုပ်သွားတော့မယ်'

'ဟုတ်ကဲ့၊ ပြတင်းပေါက်ကနေ ထွက်ပါ'

* * *

ပိရင်းသည် မိမိ၏ခေါင်းဆောင်ဖြစ်သူ ချန်ရှုအပေါ် ပို၍ လေးစားကြည်ညိုလာသည်။

သူရရှိသော သတင်းမှာ အလွန်တိကျမှန်ကန်သည်ကို တွေ့ရသည်။ ဝမ်းဘွားဘွားအခန်းမှ မီးရောင် ငြိမ်းသွားပြီဖြစ်သည်။

သူမက ထိုအခန်းမှ ထွက်လာခဲ့လေသည်။ ဤနေရာ၏ မြေပထဝီအနေအထား၊ ဤနေရာမှာ နေထိုင်သောသူများ၏ အကြောင်း။

ဤအဆောင်များ၏ ဝင်ပေါက်ထွက်ပေါက်များ စသည်တို့ကို ချန်ရှုကသေသေချာချာ ရှင်းလင်းပြောပြထားပြီးဖြစ်ရာ တို့ကြောင့် သူမသည် အခက်အခဲမရှိဘဲ 'ချိုင်ယင်း' အမည်ရှိသော ကြေးတန်းစားမယ်၏ အခန်းသို့ ရောက်ရှိလာနိုင်ခဲ့လေသည်။

အခန်းထဲ၌ အိပ်မောကျ၍ ဟောက်သံထွက်ပေါ်နေသည်ကို ကြားရသည်။ ထိုလူသည် လူဝကြီးတစ်ယောက်ဖြစ်နိုင်သည် သူမက ခန့်မှန်းမိသည်။

အခန်းတံခါးမှာ မင်းတုံးချထားသည်။ သို့သော် ပိရင်းအတွက် ခက်ခဲခြင်း မရှိပေ။

သူမသည် အခန်းတံခါးအား အလွယ်တကူ ဖွင့်နိုင်ခဲ့လေသည်။ ပိရင်းသည် ခြေဖျားထောက်၍ ခုတင်အနီးသို့ လျှောက်သွားသည်။

ပြတင်းပေါက်မှတစ်ဆင့် တိုးဝင်လာသော ကြယ်ကလေး၏ အလင်းရောင်အောက်တွင် ခုတင်ပေါ်၌ ယောကျ်ား



တစ်ယောက်နှင့် မိန်းကလေးတစ်ယောက် အိပ်မောကျနေသည်ကိုတွေ့ရလေသည်။

သူမသည် အသင့်ပါလာသော ဓားအား ဆွဲထုတ်လိုက်သည်။ ထိုဓားသည်(၇)လက်မခန့်သာ ရှည်သည်။ ပါးသည်။ ထက်မြက်လှပေသည်။

အခန်းတစ်ခုလုံးမှာ မီးရောင်များ မရှိသည့်တိုင်အောင် စိမ်းဖန့်ဖန့်အရောင်များ ထွက်ပေါ်နေ၏။

ချိုင်ယင်းဆိုသောမိန်းကလေးသည် အိပ်မောကျနေသဖြင့် သူမ၏လက်အား တစ်ဖက်သို့ ဖယ်ရှားလိုက်သည်ကို မသိလိုက် ါ။

ပိရင်းသည် ထိုယောကျ်ား၏ ခေါင်းအုံးနံဘေး၌ ခေါက်၍ ားသော အင်္ကျီကိုယူလိုက်သည်။

ထို့နောက် ထိုလူ၏ မျက်နှာပေါ်သို့ အုပ်လိုက်သည်။ ူမ၏ လက်တစ်ဖက်က ထိုလူ၏ပါးစပ်ကို ပိတ်ထားသည်။ ျန်လက်တစ်ဖက်မှဓားသည် ထိုလူ၏ လည်ချောင်းကြွက်အား းဖြတ်လိုက်လေသည်။

ဂွိ ဂွိ အသံထွက်လာပြီး နောက်ဆုံး ငြိမ်သက်သွားသည်။ င်ယင်းက လုံးဝမနိုးပါ။ တစ်ဖက်သို့လှည့်၍ အိပ်ပျော် က်။

ပိရင်းက ထိုလူ၏ပါးစပ်အား အုပ်ထားသော လက်ကို ပြန်ရုပ်လိုက်သည်။ ပြီးနောက် ခြေဖျားထောက်၍ အခန်းထဲမှ ထွက်လာလေသည်။

အမှန်အတိုင်းပြောရလျှင် ဤကဲ့သို့လုပ်ရပ်သည် သူမ၏ ပထမဆုံးအကြိမ်ဖြစ်သော လုပ်ရပ်ဖြစ်သည်။

သူမက ဆောင်ရွက်စဉ်တုန်းက ကြောက်စိတ်လုံးဝမရှိပါ။ ယခု အခန်းအပြင်သို့ ရောက်လာတော့မှ သူမ၏တစ်ကိုယ်လုံး ချွေးများအေးစိမ့်ပြီး ကျောပြင်တစ်ခုလုံး အေးစိမ့်လာသည်ကို တွေ့ရလေသည်။

သူမသည် တစ်ကိုယ်လုံး အားအင်ကုန်သွားသည့်အလား တံခါးပေါ်၌မှီ၍ ရပ်နေလိုက်သည်။

အတန်ကြာမှ လေပူတစ်ချက်မှုတ်လိုက်သည်။ ခါးကို ပြန်လည် သိမ်းဆည်းလိုက်သည်။ ပတ်ဝန်းကျင်တစ်ခုလုံးအား သေသေချာချာကြည့်ပြီးမှ ပုန်းလျှိုးကွယ်လျှိုးဖြင့် ထိုနေရာမှ ထွက်ခွာသွားလေသည်။

ဝန်းကျင် တစ်ခုလုံးမှာလည်း လူသူမရှိ၊ သူမက ဘေး အန္တရာယ်လုံးဝရင်ဆိုင်ခဲ့ခြင်းမရှိဘဲ ချန်ရှုပေးသော တာဝန်ကို ထမ်းဆောင်နိုင်ခဲ့လေသည်။

သူမတို့သည် မီးပုံးအိမ်လမ်းသို့ အဘယ့်ကြောင့် ရောက် လာကြသနည်း။

ဤနေရာသို့ ရောက်လာရသည့် ရည်ရွယ်ချက်က ဘယ်သို့ နည်း....



ချန်ရှုက ပြောမပြပါ။ သူမတို့လည်း မမေးပါ။

ချန်ရှုစေခိုင်းသည့်တာဝန်ကို တစ်သဝေမတိမ်း ထမ်းဆောင်သည်။ ဤသည် သူမတို့က လိုက်နာရသည့် သံဃာမစည်းကမ်း တစ်ခုပင် ဖြစ်လေသည်။

သူမသည် ချောမောစွာဖြင့် အခန်းထဲသို့ ပြန်လာခဲ့သည်။ အခန်းတံခါးမင်းတုံးချလိုက်သည်။

ခုတင်ပေါ်သို့ လဲလျောင်း လိုက်လေသည်။ သူမသည် ခြေပစ်လက်ပစ်ဖြင့် ကောင်းစွာအိပ်မည်ဟု မျက်လုံးများ ပိတ်လိုက်လေသည်။

သို့သော် သူမသည် အိပ်ရန် ဟန်ပြင်လိုက်သောအခါ အလွန်ရင်ထိတ်ဖွယ်ရာကောင်းသော အဖြစ်တစ်ခုအား တွေ့ရှိလိုက်ရလေသည်။

ခုတင်ပေါ်၌ အိပ်နေခဲ့သော လုံမေတစ်ယောက် လုံးဝ မတွေ့ရသောကြောင့် ဖြစ်လေသည်။

**မိန်းမတို့၏မာယာ**

ရှင်းငါးကျေးရွာသည် မီးပုံးအိမ်လမ်းနှင့် သုံးလီခန့် ဝေးသည်။

(လီ ဆိုသည်မှာ မိုင်ဖြစ်သည်။ (၂)လီခွဲသည် တစ်မိုင်ဖြစ်သည်။ သုံးလီဆိုသည်မှာ တစ်မိုင်သာသာမျှ ရှိလေသည်။)

ရှင်းငါးကျေးရွာသည် ဝါးများ၏ စုဝေးသောနေရာနှင့် နယ်အသီးသီးသို့ ပို့ဆောင်ရသော နေရာဖြစ်သည်။

ဝါးခုတ်သောလူများ၏ စုဝေးသောနေရာလည်း ဖြစ်လေသည်။ ယခု ဆောင်းရာသီ ဝါးမျှင်ပေါ်သောလရာသီကုန်ဆုံးသွားပြီး နွေဝါးမျှင်က မပေါ်သေးသော ကြားကာလ ဖြစ်သည်။

ဝါးခုတ်သော အလုပ်သမားများတို့မှာ အားလပ်၍နေကြသည်။ သူတို့သည် အားလပ်သောအခါ လက်များ ယားလာကြလေသည်။



လက်မယားရန် နည်းလမ်းမှာ လောင်းကစားခြင်း ဖြစ်သည်။ ထို့ကြောင့် လောင်းကစားအိမ်မှာ လူများ အလွန် စည်ကားနေ၏။

* * *

ယနေ့ညသည် စန်းဝါးအဖို့ ကံလိုက်သည်ဟု ဆိုရပေမည်။ သူသည်ငွေ (၃၀)ခန့် အနိုင်ရနေ၏။

ထိုငွေသည် သူ၏လစာ သုံးလနှင့် ညီမျှသည်။ သူသည် ရောင့်ရဲတင်းတိမ်နိုင်သော လူငယ်တစ်ယောက်ဖြစ်ရာ အနိုင်ပိုင်း၌ အိမ်ပြန်လေသည်။

ကနေ့ည.... လရောင်မရှိ၊ ကြယ်ကလေးများလည်း မလင်းပါ။ ငန်းကျင်တစ်ခုလုံးမှာ မှောင်မည်းနေ၏။

စန်းပါးမှာ ငယ်ရွယ်သူဖြစ်သည်။ သတ္တိလည်း ကောင်းသည်။ ထို့ကြောင့် မှောင်မည်းသည်ကို ကြောက်ရွံ့ခြင်း မရှိဘဲ....

သူပြန်ရမည့်လမ်းတစ်လျှောက်လုံးမှာ သရဲခြောက်သည်ဟု မရှိခဲ့ပါ။ ရှိလျှင်လည်း သူက မှုမည်မဟုတ်ပါ။

သို့သော် သူသည် မီးပုံးအိမ်လမ်းသို့ ရောက်ခါနီးမှ သရဲနှင့် တွေ့ဆုံမိလေသည်။ သရဲက နှစ်ယောက်ဖြစ်သည်။ သရဲမလည်း ဖြစ်နေ၏။

သူက ခြေလှမ်း တုံ့ခနဲ ရပ်လိုက်သည်။ ထိုသရဲမနှစ်ယောက်အား အကဲခတ် ကြည့်နေ၏။

မိန်းကလေး နှစ်ယောက်လော၊ သရဲမ နှစ်ယောက်လော....

သူက ဇဝေဇဝါ ဖြစ်နေ၏။ တဒင်္ဂမျှ သူက မှင်သက်မိသွားသည်။ ထိုမိန်းကလေးနှစ်ယောက်မှာ သရဲမဖြစ်ရမည်ဟု သူက ယုံကြည်လာသည်။

အကယ်၍ သရဲမ မဟုတ်လျှင် ယခုကဲ့သို့ ညဉ့်နက် သန်းခေါင် အချိန်မှာ ကျုံသုံးခွဆုံ လမ်းတွင် အဘယ့်ကြောင့် လာရောက်၍ ရပ်နေရပါသနည်း။

စန်းဝါးက သတ္တိရှိသည်မှာ မှန်သော်လည်း ယခုကဲ့သို့ သရဲမနှစ်ယောက်နှင့် ပက်ပင်း ရင်ဆိုင်တိုးမိသောအခါ သူ၏ တစ်ကိုယ်လုံး ကြက်သီးမွေးညင်းများထလာပြီး ခြေဖျားမှသည် ကျောပြင်တစ်ခုလုံးအထိ အေးစိမ့်သွားလေသည်။

သူ၏ မျက်လုံးအစုံမှာမူ ထိုသရဲမနှစ်ယောက်အား ကြောက်ရွံ့စွာဖြင့် ငေးကြည့်နေ၏။

'အစ်ကိုကြီး'

သရဲမက စတင်ခေါ်လိုက်ရာ စန်းဝါးက ရပ်တုန့်သွားသည်။



'ကျွန်မတို့ လမ်းမှားနေလို့ ဒီနေရာမှာ တဝဲလည်လည် ဖြစ်နေတယ်၊ ကျေးဇူးပြုပြီး ကျွန်မတို့ကို လမ်းပြပေးပါလား ရှင်'

အသံမှာ ချိုလွင်ပြီး အေးချမ်းလှသည်၊ စန်းဝါးသည် ကြောက်စိတ် အနည်းငယ် ပြေပျောက်သွားသည်။

အခြားသရဲမကလည်း တောင်းပန်လာသည်။

'စိတ်ချပါ အစ်ကို၊ ကျွန်မတို့လူကောင်းတွေပါ၊ လမ်းမှားပြီး ဒီနေရာမှာပဲ တဝဲလည်လည် ဖြစ်နေလို့ ချမ်းလဲချမ်းလှပြီ၊ ဗိုက်လဲဆာလှပြီ၊ ကျွန်မတို့ကို ကူညီပါဦး'

စန်းဝါးသည် သရဲမနှစ်ယောက်မှာ လူစင်စစ် ဖြစ်သည်ကို ယုံကြည်လာလေသည်။

'ခင်ဗျားတို့က ဘယ်ကိုသွားကြမှာလဲ'

'မီးပုံးအိမ်လမ်းပါ အစ်ကိုကြီး'

'အတော်ပဲ ကျွန်တော်လဲ မီးပုံးအိမ်လမ်း ပြန်မလို့ လိုက်ခဲ့ပါလေ'

'ကျေးဇူးပါပဲ အစ်ကိုကြီး'

မိန်းကလေးနှစ်ယောက်သည် စန်းဝါးနောက်သို့ လိုက်လာလေသည်။ အမှန်ပြောရလျှင် စန်းဝါးသည် ရိုးသားသော လူငယ်တစ်ယောက် ဖြစ်သည်။

မိန်းကလေး နှစ်ယောက်အပေါ် မရိုးသားသော စိတ်မျ
လုံးဝမရှိ။ သူက ထိုမိန်းကလေး နှစ်ယောက်အပေါ် ရိုးစ
လိုသော စိတ်များသာ ရှိနေ၏။

'ခင်ဗျားတို့က ဒီအနီးတစ်ဝိုက် ရွာကတော့ မဟုတ်
ထင်တယ်'

'ဟုတ်ကဲ့ ကျွန်မတို့ မုံလုံကျေးကပါ'

'မုံလုံကျေး ဟုတ်လား၊ အတော်ဝေးသားပဲ၊ ဒါနဲ့ ခင်ဗျား
မီးပုံးအိမ်လမ်းက ဆွေမျိုးတွေဆီကို လာတာလား'

'မဟုတ်ဘူး'

'မဟုတ်ဘူး၊ ဒါဖြင့်....'

'ကျွန်မက အမှန်အတိုင်း ပြောပြရင် အစ်ကိုကြီးက ကျွန်
တို့ကို အထင်သေးသွားမှာ'

'ဗျာ....ကျွန်တော်က ဘာဖြစ်လို့ အထင်သေးသွားမှာလဲ

'အစ်ကိုကြီးက အထင်သေးမှာ သေချာမှာပါ'

'ကျွန်တော်က လူများကို အထင်သေးတတ်တဲ့ လူ
မဟုတ်ပါဘူး၊ ကဲပါလေ ခင်ဗျားတို့ မပြောချင်လဲ မပြေ
ပါနဲ့'

မိန်းကလေး တစ်ယောက်က....



'အစ်ကိုကြီးကို အမှန်အတိုင်း ပြောမပြရင် ကျွန်မတို့ကို
အထင်လွဲသွားမှာ၊ ဒါကြောင့် ပြောပြပါတော့မယ်'

'ရပါတယ်'

'ကျွန်မတို့ မီးပုံးအိမ်လမ်းကို လာတာက ဝမ်းဘွားဘွား
ဆီကို'

စန်းဝါးက သူမတို့အပေါ် အထင်မသေးမိပါ။ အနည်း
ငယ်တော့ အံ့ဩသွားသည်။

'ဗျာ....ဝမ်းဘွားဘွားဆီ သွားမလို့ ဟုတ်လား'

'ဟုတ်ပါတယ်အစ်ကိုကြီး'

'ဝမ်းဘွားဘွားက ဘာအလုပ်လုပ်တယ်ဆိုတာ ခင်ဗျားတို့
သိလား'

'သိပါတယ်ရှင်'

သူမတို့၏ လေသံများ တိုးသွားသည်။ ခေါင်းကလေးငုံ့
သွားကြသည်။

'ကျွန်မတို့အိမ်မှာ ငွေလိုနေလို့၊ သူ့ဆီမှာ ငွေ....ငွေချေးဖို့
လာခဲ့တာ'

စန်းဝါးက လေပူတစ်ချက် မှုတ်ထုတ်လိုက်သည်။
'ခင်ဗျားနဲ့ သူနဲ့ သိကျွမ်းကြသလား'
'မသိပါဘူး'

'မသိပါဘူး'

'သူ့ကို မသိရင် ဘာဖြစ်လို့ သူ့ဆီလာပြီး ငွေချေးလို့ ရမှာလဲ'

'ဒီလိုပါရှင်....'

မိန်းကလေးက မဝံ့မရဲသော အသံဖြင့်....

'မုံလုံကျွိမှာ ငွေတိုးချေးစားတဲ့ 'ချန်စန်းရဲ' ဆိုတဲ့ လူတစ်ယောက် ရှိပါတယ်၊ ကျွန်မတို့က သူ့ဆီမှာ အကြွေးတွေ အများကြီး တင်ခဲ့ပါတယ်၊ ဒီငွေကို အမြန်ဆုံး မဆပ်ရင် အတိုးပေါ်မှာ အတိုးဆင့်လာတဲ့အခါ တစ်သက်လုံး ဆပ်လို့ ကုန်မှာ မဟုတ်တော့လို့ ဝမ်းဘွားဘွားဆီ လာချေးဖို့ ပြောပါတယ်ရှင်'

'ကောင်းပြီ၊ ဝမ်းသွားဘွားက ဘာအလုပ်လုပ်တတ်တယ် ဆိုတာ သူက ခင်ဗျားတို့ကို ပြောပြသလား'

'ပြောပြပါတယ်'

မိန်းကလေး နှစ်ယောက်က ရှက်လွန်း၍ ခေါင်းငုံ့သွားလေသည်။

'ခင်ဗျားတို့က သူ့ဆီမှာ ငွေချေးရင် သူကချေးမှာပါ၊ ဒါပေမယ့် ဒုက္ခဘယ်လောက်ရောက်မယ် ဆိုတာလဲ စဉ်းစားစေချင်တယ်'

'အင်း'



မိန်းကလေးနှစ်ယောက်က ပြိုင်တူ သက်ပြင်းချလိုက်သည်။

'ကျွန်မတို့ ဘဝမှာလဲ မရှုနိုင် မကယ်နိုင် ဖြစ်နေရလို့ အခုလို ကြံမိကြံရာ ကြံရတာပါ၊ ဒီ....ဒီကို ဘယ်လာချင်ပါ့မလဲ'

'ခင်ဗျားတို့က သူ့ဆီမှာ ငွေဘယ်လောက် ချေးချင်လို့လဲ'

'ချန်းစန်းရဲကတော့ တစ်ယောက်ကို ငွေငါးဆယ်ပဲချေးလို့ ရတယ်လို့ ပြောလိုက်ပါတယ်'

'စန်းဝါးက သူ၏အင်္ကျီအိတ်ကို အမှတ်မထင် စမ်းမိသည်။ သူ၏အိတ်ထဲတွင် အရင်းနှင့် အနိုင်ရခဲ့ထားသော ငွေများမှာ မိန်းကလေး တစ်ယောက်အတွက်မျှသာ ပေးနိုင်သည်။

ထိုမိန်းကလေးနှစ်ယောက် လူ့ရေပြည်သို့ သက်ဆင်းသွားမည်ကိုလည်း မကြည့်ရက်ပေ။

သူသည် အကြိမ်ကြိမ်စဉ်းစားပြီးမှ မဝံ့မရဲသော အသံဖြင့်....

'ခင်ဗျားတို့က ကျွန်တော့်ကို ယုံကြရဲ့လား'

မိန်းကလေး နှစ်ယောက်သည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ပြီးမှ....

'အစ်ကိုကြီးနှင့် စကားပြောမိတာ အစ်ကိုဟာ လူကောင်းတစ်ယောက်ဆိုတာ ကျွန်မတို့ ယုံကြည်ပါတယ်'

'ဝမ်းဘွားဘွားဆီကို ရောက်သွားရင် ဘဝတစ်ခုလုံး ဆုံးသွားနိုင်တယ်၊ ဒါပေမယ့် ခင်ဗျားတို့မှာလဲ ငွေလိုနေတယ်၊

ကျွန်တော်က ကူညီချင်တယ်၊ ဒါကြောင့် ကျွန်တော့်ဆီကို လိုက်ခဲ့ပါ၊ တစ်ညလောက်နားပြီး မနက်ကျရင် ကျွန်တော် ငွေလိုက်ချေးကြည့်ပါမယ်’

မိန်းကလေး နှစ်ယောက်က ချက်ချင်း အဖြေမပေးကြသေးပါ။ သူတို့သည် ချင့်ချိန်နေကြဟန် ရှိသည်။

စန်းဝါးသည် မိမိအပေါ် အထင်လွဲမည်ကို စိုးရိမ်သွားသည်။

‘ကျွန်တော်က ‘ဟိန်’ မီးပုံးအိမ် အရောင်းဆိုင်က အလုပ်သမားပါ၊ အဲဒီမှာ မိန်းကလေးအလုပ်သမားတွေလဲ ရှိပါတယ်၊ ခင်ဗျားတို့က သူတို့နဲ့ အိပ်လို့ရပါတယ်’

‘အစ်ကိုကြီးကို မယုံလို့ မဟုတ်ပါဘူး၊ အစ်ကိုကြီးကို မဆီမဆိုင် ဒုက္ခပေးရမှာကို အားနာလို့ပါ’

စန်းဝါးက ရိုးသားစွာဖြင့် ပြောပြလိုက်သည်။

‘ဒီလို မပြောပါနဲ့ဗျာ၊ ခင်ဗျားတို့ဟာ မိခကောင်းဖခင်ရဲ့ သမီးများ ဖြစ်ကြတယ်ဆိုတာသိလို့ ဒီလိုဒုက္ခမရောက်သင့်ဘူးလို့ ထင်လို့ပါ၊ ကဲ သွားကြမယ်၊ ပြောစရာရှိလဲ မနက်ဖြန်မှ ပြောကြပါ’

သူသည် ထိုမိန်းကလေးနှစ်ယောက်အား ခေါ်ဆောင်သွားလေသည်။

* * *



‘ဒေါက်....ဒေါက်....ဒေါက်’

စန်းဝါးက တံခါးကို အတန်ကြာ ခေါက်လိုက်တော့မှ လုပ်ကြမ်းသမားတစ်ယောက်က လာရောက် တံခါးဖွင့်ပေးည်။

သူသည် စန်းဝါးမှာ မိန်းကလေးနှစ်ယောက် ပါလာသည် ို တွေ့ရသဖြင့် အလွန်အံ့သြသွားသည်။

သို့သော် သူ ဘာမမေးပါ။ စန်းဝါးသည် မိန်းကလေး လုပ်သမားတစ်ယောက်အား နှိုးလိုက်ပြီး မိန်းကလေး နှစ် ယောက်အတွက် အိပ်မည့်နေရာပေးရန် မှာကြားပြီးနောက်....

သူသည် မိမိ၏ အိပ်ရာသို့ ဝင်ရောက် လဲလျောင်းလိုက်လေ ည်။ ယခု သူ၏ဦးနှောက်ထဲ၌ ထိုမိန်းကလေးများအား အကူ ညီပေးရန် မည်သည့်နေရာသို့ သွားရောက်၍ ငွေချေးရမည်  စဉ်းစားနေ၏။

မိန်းကလေး နှစ်ယောက်တို့သည် အလုပ်သမား စီစဉ်ပေး ားသော အိပ်ရာထဲသို့ ဝင်ရောက်လဲလျောင်းရင်း....

သူမတို့၏ ဦးနှောက်ထဲတွင် သူမတို့၏ ခေါင်းဆောင်ဖြစ်သူ န်ရှ၏ ချပေးသော အကွက်မှာ ကွက်တိ ဝင်နေသည်ကို ကျူးမိသည်။

သူမတို့သည် ချန်ရှု၏ စီစဉ်မှုကြောင့် ‘ဟိန်’ မီးပုံးအိမ်သို့ ျာမောစွာ ဝင်ရောက်နိုင်ခဲ့ပြီ မဟုတ်ပါလော....

သို့သော် ချန်ရှုက သူမတို့အား 'ဟိန်' မီးပုံးအိမ်ထဲသ
ဝင်ရောက်စေခြင်းမှာ အဘယ့်ကြောင့် ဖြစ်သနည်း။ သူမတ
မည်ကဲ့သို့ ဆက်၍ လှုပ်ရှားရမည်ကိုမူ ချန်ရှုဆက်လက်ရောက်
လာမည့် ညွှန်ကြားမှုကို စောင့်မျှော်ရဦးမည် ဖြစ်လေသည်

လူသတ်မှု...

နံနက်စောစော....

ဝမ်းဘွားဘွား၏ ဂေဟာမှ လူသတ်မှု ဖြစ်ပွားသည့် သတင်းသည် မီးပုံးအိမ်လမ်း တစ်လမ်းလုံး လွင့်ပျံ့သွားလေသည်။

ထိုလူသတ်မှုတွင် ကြေးတန်းစားမယ်တစ်ယောက် ပါဝင် ပတ်သက်နေသောကြောင့် သတင်းက လျင်မြန်စွာ ပျံ့နှံ့သွားသည်။

နေရာအနှံ့သို့လည်း ပျံ့နှံ့သွားလေသည်။ ဟိန်စုံရဲသည် ဤ လူသတ်မှုနှင့် ပတ်သက်ပြီး အလွန်စိတ်ဝင်စားပုံရသည်။

သူသည် စန်းဝါးအား ထပ်တလဲလဲ မေးသည်။ အပြန်ပြန် အလှန်လှန် မေးသည်။

သူသည် စန်းဝါးအား ထပ်တလဲလဲမေးသည်။ အပြန်ပြန် အလှန်လှန်မေးသည်။

၆ 'အသတ်ခံရတဲ့လူက ဘယ်သူလဲ'

'ဘယ်လိုရုပ်သွင်မျိုးရှိသလဲ'

'ဘယ်လိုအသတ်ခံရတာလဲ'

စန်းဝါးသည် ဟိန်စုရဲက ယင်းကဲ့သို့ သေသေချာချာ မေးမြန်းလာသည်ကို သံသယဖြစ်လာလေသည်။

ဟိန်စုရဲသည် ဤလူသတ်မှုအပေါ် အဘယ်ကြောင့် ဤမျှ စိတ်ဝင်စားပါသနည်း။ သို့သော်လည်း သံသယဖြစ်သည်ကို ရင်ထဲမှာပင် သိမ်းဆည်းထားသည်။

ထုတ်ဖော်မေးမြန်းခြင်း မပြုဝံ့ပေ။ ထို့ပြင် သူသည် ကိုယ့်အကြောင်းက ရှိနေသေးသည် မဟုတ်ပါလော။

ယခုတိုင် သူသည် မည်သည့်နေရာသို့ သွားရောက်၍ ငွေချေးရမည်ကို စဉ်းစား၍ မရရှိသေးပါချေ။

စန်းဝါးသည် ဦးနှောက်အား စက်ကုန်ဖွင့်၍ စဉ်းစားနေစဉ် အလုပ်ကြမ်းသမားက လှမ်းခေါ်လိုက်သည်။

'စန်းဝါး...ဧည့်သည်'

စန်းဝါးက ဆိုင်ရှေ့သို့ထွက်လာသည်။ လူငယ်တစ်ယောက်သည် ဆိုင်ထဲသို့ လှမ်းဝင်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ချန်ရှုဖြစ်သည်။ သူသည် အသုဘမီးပုံး လာဝယ်ယူစဉ်တုန်းကပင် သူ့အား သတိထားမိသည်။

ထို့ကြောင့် သူက ကောင်းစွာမှတ်မိလိုက်လေသည်။ သူ၏ ရင်ထဲမှာလည်း ထိတ်ခနဲ ဖြစ်သွားရလေသည်။



သူက စိတ်ကို ထိန်းချုပ်လိုက်ပြီးမှ မျက်နှာချို သွေးလိုက်သည်။

'အစ်ကိုလေး....ဘာကိစ္စရှိလို့လဲ'

'ခင်ဗျားတို့သူဌေးရှိလား'

ချန်ရှုက ပြုံး၍မေးလိုက်သည်။

'အစ်ကိုလေးက သူဌေးနဲ့ တွေ့ချင်လို့ဟုတ်လား'

'ဟုတ်ကဲ့၊ သူနဲ့တွေ့ပြီး စကားပြောစရာရှိလို့'

'ကောင်းပါပြီ ထိုင်ပါဦး၊ သူဌေးနိုးလာပြီဆိုတာ သွားကြည့်လိုက်ဦးမယ်'

ချန်ရှုက ထိုင်ချလိုက်သည်။

စန်းဝါးက....

'အစ်ကိုလေးရဲ့နာမည်....'

'ချန်ရှုပါ'

'ဟုတ်ကဲ့၊ ထိုင်ပါဦး'

စန်းဝါးက အတွင်းခန်းဘက်သို့ ဝင်သွားသည်။

ချန်ရှုက ထိုင်ရာမှ ထရပ်လိုက်သည်။ သူသည် ဟိုဟိုဒီဒီ ကြည့်လိုက်သောအခါ အတွင်းခန်းဘက်မှာ မိန်းကလေးတစ်ယောက်၏မျက်နှာ လျှပ်တပြက် ပေါ်လာသည်။

ချန်ရှုက လက်ဟန်တစ်ချက်ပြလိုက်သည်နှင့် မိန်းကလေး၏ မျက်နှာ ကွယ်ပျောက်သွားလေသည်။

* * *

တစ်ခဏအကြာတွင်....

စန်းဝါးက ပြန်ရောက်လာသည်။ သူ့နောက်တွင် ဟိန်စုရဲ ပါလာလေသည်။ အမှန်တော့ ဟိန်စုရဲသည် ဤလူငယ်အား အလွန် တွေ့လိုနေ၏။

'ကျွန်တော်ချန်ရှုပါ'

'ဟုတ်ကဲ့၊ တွေ့ရတာ ဝမ်းသာပါတယ်၊ ကျုပ်က ဟိန်စုရဲ ပါ'

'ဟုတ်ကဲ့'

ဟိန်စုရဲနှင့်ချန်ရှုတို့သည် အချင်းချင်းမိတ်ဆက်ပြီး ထိုင်လိုက်သည်။ စန်းဝါးက အိမ်ဖော်များအား ရေနွေးကြမ်း ပန်းကန် ချထားစေပြီးနောက် ပြန်လည် ထွက်သွားကြလေသည်။



ထို့ကြောင့် ညနေခင်းထဲ၌ ဟိန်စုရဲနှင့်ချန်ရှုသာကျန်တော့သည်။

'အစ်ကိုလေး....အခုမင်းဟာ မီးပုံးအိမ်လမ်းရဲ့ကျော်ကြားတဲ့ ပုဂ္ဂိုလ်တစ်ယောက် ဖြစ်လာပြီ'

ဟိန်စုရဲက ပြောရင်း ချန်ရှုအား အကဲခတ်ကြည့်နေ၏။

'ချီဝူရဲဆိုတာ ဒီဒေသမှာ လက်မထောင်တဲ့ ပုဂ္ဂိုလ်တစ်ယောက်ဗျ၊ ဘယ်သူကမှ သူ့ကိုအံမတုဝံ့ကြဘူး၊ အခု အစ်ကိုလေးက သူ့ကိုလာပြီး ပြဿနာရှာဝံ့တာ ချီးကျူးပါတယ်'

သူက ထိုင်ချရင်း....

'အထူးသဖြင့် အစ်ကိုလေးရဲ့ အသုဘမီးပုံး(၁၂)လုံးချိတ်ပေးလိုက်တာ သိပ်ကိုသဘောကျစရာ ကောင်းပါတယ်'

'စုရဲ'

ချန်ရှု၏ ဟန်မူရာမှာ လေးနက်တည်ကြည်နေ၏။

'ချီဝူရဲကိစ္စကို ခဏထားလိုက်ပါဦး၊ ကျွန်တော် အခုလိုလာတာက ဒါထက်အရေးကြီးတဲ့ကိစ္စ ရှိလို့ပါ'

'ဟေ....ဟုတ်လား'

'ဝမ်းဘွားဘွားရဲ့ဂေဟာမှာ လူသတ်မှုဖြစ်ခဲ့တာ ခင်ဗျားလဲ ကြားသိရောပေါ့'

'ဒီလူသတ်မှုနဲ့အစ်ကိုလေးနဲ့ ဘယ်လိုများ ပတ်သက်နေလို့လဲ'

'စုရဲ....သေဆုံးသွားတဲ့လူဟာ ကျုပ်ရဲ့အဖွဲ့ဝင် တစ်ယောက်ပါ၊ ဘယ်နဲ့မပတ်သက်ရမှာလဲ'

ဟိန်စုရဲက အလွန်အံ့ဩသွားလေသည်။

ချန်ရှုက စကားဆက်လိုက်သည်။

'စုရဲ၊ ဒါဟာ အလွန် လျှို့ဝှက်တဲ့အချက်ပါ၊ သတင်းဘယ်လိုပေါက်ကြားသွားတယ်ဆိုတာ ကျွန်တော်စုံစမ်းရမှာပဲ'

သူက ဟိန်စုရဲအား ကြည့်လိုက်သည်။

'ဒီကိစ္စနဲ့ပတ်သက်ပြီး စုရဲမှာလဲ တာဝန်ရှိပါတယ်'

'ဘာဖြစ်လို့'

'ဝမ်းဘွားဘွားရဲ့ နေရာဟာ လူဝင်လူထွက် များတယ်၊ ရှုပ်တယ်၊ ခင်ဗျားက ကျုပ်နဲ့ ဆက်သွယ်ဖို့ ဒီလိုနေရာမျိုးမှာ မလုပ်သင့်ဘူး၊ အခုတော့ ကျုပ်ရဲ့အဖွဲ့သားတစ်ယောက် သက်သက် အသက်ဆုံးရှုံးရတယ်'

'ကျုပ်ကို အပြစ်မတင်ပါနဲ့၊ ဝမ်းဘွားဘွားဟာ ကျုပ်ရဲ့ လူယုံတော်ဗျ၊ ဘယ်နည်းနဲ့မှ သတင်းပေါက်ကြားမှာ မဟုတ်ဘူး၊ ငါ့ဘက်မှာလဲ ညာလက်ရှိုးတစ်ယောက်လွဲလို့ ဘယ်သူမှ မသိကြပါဘူး၊ ဒါကြောင့် မြင်းပွဲရုံခြံဘက်ကနေ သတင်းပေါက်ကြားတာ ဖြစ်နိုင်တယ်'



'စုရဲ ခင်ဗျားက ကျွန်တော်တို့ အဖွဲ့သားတွေကို နားမလည်လို့ ဒီလိုပြောနေတာ၊ ကျွန်တော်တို့အဖွဲ့သားတွေဟာ သစ္စာရှိကြပါတယ်၊ ဒါကြောင့် မြင်းပွဲရုံခြံဝင်းဘက်က ပေါက်ကြားမှာ မဟုတ်ဘူးဆိုတာ သေချာပါတယ်'

ချန်ရှုက ပြောရင်း တစ်စုံတစ်ခုအား သတိရလာလေသည်။

'ဟုတ်ပြီ၊ ခင်ဗျားပြောတဲ့ ညာလက်ရှိုးက စန်းဝါးဆိုတဲ့ လူငယ်လား'

'မဟုတ်ဘူး၊ စန်းဝါးက မီးပုံးအိမ်အလုပ်ပဲ တာဝန်ယူထားတာ၊ တခြားကိစ္စကတော့ တခြားလူ တစ်ယောက်က တာဝန်ယူထားပါတယ်'

'သူက ဘယ်သူလဲ'

ဟိန်စုရဲက ပြောပြသင့်မသင့် စဉ်းစားနေ၏။

ချန်ရှုက....

'စုရဲ ဒီလူဘယ်သူလဲဆိုတာ ပြောပြပါ၊ အခုခေတ်က လူတွေဟာ သစ္စာမရှိကြပါဘူး၊ သူဟာ ခင်ဗျားရဲ့ငွေကို ယူပြီး နောက်ကွယ်ရာမှာ ခင်ဗျားကို သစ္စာဖောက်တတ်ကြတယ်ဗျာ၊ သူဘယ်သူလဲဆိုတာ ပြောပြမှ ကျွန်တော့်ကို သူတို့ တိတ်တိတ်ကလေး စုံစမ်းလို့ ရမှာပေါ့'

ဟိန်စုရဲက အမှန်အတိုင်း ဖွင့်ဟပြောပြလိုက်လေသည်။

'လုံခြုံလမ်းက သံမဏိလက်သီးလီပါ၊ အစ်ကိုလေးက သူ့နာမည် ကြားဖူးသလား'

'သံမဏိလက်သီး လီယင်ချူးကို ပြောနေတာလား'

'ဟုတ်တယ်၊ သူပါပဲ'

'အမှန်အတိုင်းပြောရရင် သူလဲပဲ ခေတ့်ပုဂ္ဂိုလ်တစ်ယောက် မဟုတ်ပါဘူး၊ ဒါနဲ့ သူ့ကို ဘယ်မှာတွေ့နိုင်သလဲ'

'ကျုပ်လူလွှတ်ပြီး သွားခေါ်လိုက်မယ်'

'မလုပ်နဲ့ စုရဲ၊ ခင်ဗျားဟာ မီးပုံးအိမ်လမ်းက လူချမ်းသာတစ်ယောက် သူနဲ့တွေ့ဆုံဖို့ ခင်ဗျားအိမ်မှာ မသင့်တော်ဘူး မဟုတ်လား'

'အင်း....ဒါလဲဟုတ်တယ်'

'သူဘယ်မှာရှိတယ်ဆိုတာ ပြောပါ၊ ကျုပ်တစ်ယောက်တည်း သူ့ဆီကို သွားတွေ့မယ်'

ဟိန်စုရဲသည် ပြောသင့်မပြောသင့် ချီတုံချတုံ ဖြစ်ပြီးမှ....

'သူဟာ တိမ်ဖြူကျောင်းမှာရှိတယ်၊ တိမ်ဖြူကျောင်း သိတယ် မဟုတ်လား'

'ဟုတ်ကဲ့ ဒီကနေသွားရင် သုံးလီလောက် ဝေးမယ်'

'အစ်ကိုလေးနဲ့ သူနဲ့ ဆက်သွယ်ခဲ့ဖူးသလား'



'တစ်ကြိမ်လောက်တော့ တွေ့ဖူးကြပါတယ်၊ ဒါပေမယ့် အခု သူက မှတ်မိတော့မှာ မဟုတ်ဘူး'

ချန်ရှူက မတ်တတ်ရပ်လိုက်သည်။

'စုရဲ ကျွန်တော် သတိပေးပါရစေ၊ အခုချိန်ကစပြီး ဆိုင်ကနေ ဘယ်ကိုမှ မသွားပါနဲ့၊ လူသတ်မှုအကြောင်းကိုလဲ လုံးဝမေ့ထားလိုက်ပါ၊ ဒီကိစ္စတစ်ခုခု ချွတ်ချော်သွားရင် ခင်ဗျား ဘယ်လောက် နစ်နာထိခိုက်သွားမယ်ဆိုတာ ခင်ဗျား သိသင့်ပါတယ်'

'စိတ်ချ'

'ဒါဖြင့် ကျွန်တော့်ကို သွားခွင့်ပြုပါ'

## တိမ်မြို့ကျောင်း

တိမ်မြို့ကျောင်းသည် အလွန်သေးငယ်သည်။ အလွန်တိတ်ဆိတ်သည်။

ကျောင်းသို့လာရောက် ဖူးမြော်သော လူများ အလွန်နည်းပါးလှသည်။ ကျောင်းအပြင်၌ရပ်၍ ကျောင်းဝင်းထဲမှ လူသံသူသံများ စိုးစိမျှ မကြားရပါ။

ကျောင်းဝင်းထဲ၌ လူများပင် ရှိပါလေသလောဟုပင် သံသယဖြစ်စေလေသည်။

'ဒေါက်....ဒေါက်....ဒေါက်'

ချန်ရှုက တံခါးခေါက်လိုက်သည်။

သွားများ တစ်ချောင်းပင်မရှိသော ဘုန်းတော်ကြီးအိုတစ်ပါးက လာရောက်၍ တံခါးဖွင့်ပေးသည်။

'ဒကာကြီး လီယင်ချူးကို တွေ့ချင်လို့ပါဘုရား'



ဘုန်းတော်ကြီးက စကားတစ်ခွန်းမှ မပြောဘဲ အထဲဝင်ရန် လက်ဟန်ပြလိုက်သည်။ ချန်ရှုက လှမ်းဝင်လိုက်လေသည်။

ဘုရားခန်း၏ ဝဲယာတစ်ဘက်တစ်ချက်တွင် အခန်းတစ်ခန်းစီ ရှိကြသည်။ ဘယ်ဘက်အခန်း၏ တံခါးပေါ်၌...

'ဘာဂံတု....'

ဟူသော ဆိုင်းဘုတ်ငယ်တစ်ချပ် ရှိသည်။

ဘုန်းတော်ကြီးက ထိုအခန်းအား လက်ညှိုးထိုးပြလိုက်သည်။ ထို့နောက် ဘုရားခန်းသို့ လျှောက်သွားလေသည်။

* * *

'ဒေါက်....ဒေါက်....ဒေါက်'

ချန်ရှုက တံခါးခေါက်လိုက်သည်။

တံခါးဖွင့်သွားရာ သူသည် စူးရှသော မျက်လုံးအစုံအား ရှေးဦးစွာ တွေ့မြင်လိုက်လေသည်။

တစ်ဘက်လူ၏ကြည့်ပုံကို တွေ့လိုက်ရသည်နှင့် ချန်ရှုအား ထိုလူက မမြင်ဖူးသည်မှာ ထင်ရှားနေ၏။

ချန်ရှုက ဟိန်စုရဲအား ပြောလိုက်သောစကားမှာ လီမ်ညာပြောလိုက်ခြင်းဖြစ်သည်။

တံခါးပွင့်သွားသည် ဆိုသော်လည်း လုံးဝဖွင့်လိုက်ခြင်း မဟုတ်ပါ။ အပြင်လူအား မြင်ရုံသာ ဟထားခြင်းဖြစ်သည်။

ကစ်နည်းဆိုရလျှင် လီယင်ချူးသည် ညှိသည်အပေါ် သတိထားနေ၏။

'အစ်ကိုလီယင်ချူးလားခင်ဗျာ'

ချန်ရှု၏အသံသည် တစ်ဖက်လူအား လေးစားပုံရသည်။

'လီယင်ချူးကိုတွေ့ချင်လို့ ဟုတ်လား'

'ဟုတ်တယ်'

'သူနဲ့ကိစ္စရှိလို့လား'

လီယင်ချူးက အလွန်ဉာဏ်များပုံရသည်။ သူသည် မိမိမှာ လီယင်ချူးဖြစ်သည်ဟု မပြောပါ။

'ကျွန်တော်က ဟိန်စုရဲခိုင်းစေချက်အရ စကားပါးလိုက်ပါတယ်'

'ပြော'

'ဝမ်းနည်းပါတယ်၊ လီယင်ချူးနဲ့တွေ့မှ ပြောနိုင်ပါတယ်'

'ကျုပ်က လီယင်ချူးပါပဲ'



လီယင်ချူးက ပြောလိုက်လေသည်။

'ကျုပ်ကို အခန်းထဲဝင်ပါရစေ၊ အေးအေးဆေးဆေး ပြောကြတာပေါ့'

လီယင်ချူးက တုံ့တုံ့ဆိုင်းဆိုင်း ဖြစ်သွားသည်။ သို့သော် သူသည် တံခါးဖွင့်ပေးလိုက်လေသည်။

ချန်ရှုသည် အခန်းထဲသို့လှမ်းဝင်လိုက်သည်နှင့်လျှပ်တစ်ပြက် လီယင်ချူး၏ 'ချီရင်' သွေးကြောအား ဖမ်းပိတ်လိုက်သည်။

အလွန်သတိကောင်းသော လီယင်ချူးက ချာခနဲ ရှောင်တိမ်းလိုက်သည်။ သူက မျက်မှောင်ကြုတ်သွားလေသည်။

'မင်းက ဒီလိုလား'

သူသည် ပြောပြီးသည်နှင့် ချန်ရှုအား တိုက်ခိုက်လိုက်သည်။ အခန်းသည် ကျယ်ဝန်းလှသည်မဟုတ်။ အနီးကပ် တိုက်ခိုက်နေရသည်။

ထို့ကြောင့် အမှားပြုမိသောလူသည် ခံရမည်ဖြစ်သည်။ ချန်ရှုက ပေါ့ပေါ့ဆဆ မနေဝံ့သကဲ့သို့ လီယင်ချူးကလည်း သတိကြီးစွာဖြင့် တိုက်ခိုက်နေ၏။

သိုင်းကွက်ပေါင်း (၂၀)ခန့် ယှဉ်ပြိုင်လာမိသောအခါ ချန်ရှုသည် လျှပ်တစ်ပြက် ဓားငယ်တစ်လက်အား ဆွဲထုတ်လိုက်လေသည်။

ဓားက ငယ်သော်လည်း အရောင်တဖိတ်ဖိတ် တောက်နေ၏။ လီယင်ချူး၏ လက်များသည် သံမဏိဖြင့် ပြုလုပ်ထားသည် မဟုတ်ပါ။

လက်နှင့်ဓားနှင့်မထိဝံ့သဖြင့် ရှောင်တိမ်းနေရသည်။ သူက ရှောင်တိမ်းနေရသောကြောင့် ချန်ရှုက ဖိ၍တိုက်ခိုက်နိုင်ခဲ့သည်။

တင်ဘက်က ဖိ၍ တိုက်ခိုက်လာသောအခါ တစ်ဘက်က နောက်ဆုတ်ရစမြဲ မဟုတ်ပါလော။ လီယင်ချူးက နောက်သို့ ဆုတ်လိုက်ရသည်။

ချန်ရှုက ဖိ၍ရှေ့တိုးလာသည်။ လီယင်ချူးသည် ဆုတ်ရင်းဆုတ်ရင်း သူ၏ကျောပြင်သည် နံရံနှင့်ထိမိလိုက်သည်။ သူသည် နောက်သို့ဆုတ်ရန် လမ်းမရှိတော့ပါ။

ထိုအချိန်တွင် ချန်ရှု၏ဓားသည် လီယင်ချူး၏ ရင်ဝသို့ ထောက်မိထားလေသည်။

'မလှုပ်နဲ့ သေသွားမယ်'

ချန်ရှုက အော်ပေါက်လိုက်သည်။

လီယင်ချူးက လုံးဝရပ်တန့်သွားသည်။ သို့သော် သူ၏ ဟန်မူရာမှာ အေးဆေးနိုင်လွန်းသည်။

သူ၏အသံမှာလည်း တည်ငြိမ်ပြီး လေသံအေးအေးဖြင့်....

'မင်းက ဘာသဘောလဲ'



'ခင်ဗျားလက်ထဲမှာရောက်နေတဲ့ လူတစ်ယောက်ကို လာပြန်တောင်းတာ'

'ဘယ်လို ကျုပ်ဆီရောက်နေတဲ့ လူတစ်ယောက်ဟုတ်လား'

လီယင်ချူး၏လေသံသည် ချန်ရှုပြောသည်ကို လုံးဝ နားမလည်သည့် ဟန်မူရာမျိုးဖြစ်သည်။

ချန်ရှုက....

'ဒီမှာလီယင်ချူး၊ ခင်ဗျားကိုဟိန်စုရဲ့က ယုံကြည်အားကိုးလောက်တယ်ဆိုရင် ခေမယ် လူတစ်ယောက်တော့ မဖြစ်နိုင်ဘူး၊ ကျွန်တော်ပြောတာကို နားမလည်သလို ဟန်မဆောင်ပါနဲ့'

'မင်းဘာကို လိုချင်တယ်ဆိုတာ ရှင်းရှင်းပြောစမ်းပါ'

'မနေ့ညတုန်းက ခင်ဗျားကာဝမ်းဘွားဘွားဆီက မိန်းကလေးတစ်ယောက် ခေါ်သွားတယ်၊ ကျွန်တော်က အဲဒီမိန်းကလေးကို လာတောင်းတာ'

လီယင်ချူးက အေးတိအေးစက်သော အသံဖြင့်....

'ဒီမှာငါ့ညီ၊ မင်းရဲ့ သိုင်းပညာမညံ့ဘူး၊ ဒါပေမယ့် ဦးနှောက်က ထုံထိုင်းတယ်၊ မင်းလူမှားနေပြီ'

ချန်ရှုက ထောက်ထားသောဓားအား အနည်းငယ် ဖိအားပေးလိုက်သည်။

'ကျုပ်က လက်ကိုရှေ့တိုးလိုက်ရင် ခင်ဗျားဘာဖြစ်သွားမလဲဆိုတာ သိလား'

'လုပ်ချင်သလို လုပ်လေ၊ ဘာဖြစ်လို့ စကားအပိုင် ပြောနေရတာလဲ'

'ကျုပ်မေးတာကို အမှန်အတိုင်း မဖြေရင် ကျုပ်အဆိုးမဆိုနဲ့'

လီယင်ချူးက ပါးစပ်ပိတ်ထားလိုက်သည်။

'ပြော မိန်းကလေးကို ဘယ်မှာထားသလဲ'

လီယင်ချူးက ပါးစပ်ပိတ်ထားရုံမက မျက်လုံးပါ မှိတ်ထားလိုက်လေသည်။ ချန်ရှုက သည်းမခံနိုင်တော့ပါ။

ခြေထောက်ဖြင့် ကန်လိုက်ရာ လီယင်ချူးက နောက်သို့ ယိမ်းယိုင်သွားသည်။ သို့သော် လဲကျမသွားပါ။

ချန်ရှုက ရှေ့သို့ တိုးလိုက်သည်။

'ခင်ဗျားမပြောရင် ခင်ဗျားရဲ့လက်သီးက သံမဏိလက်သီးဟုတ်မဟုတ် စမ်းကြည့်ရလိမ့်မယ်'

သူက ထပ်မံမေးလိုက်သည်။

'ပြော မိန်းကလေးဘယ်မှာလဲ'

လီယင်ချူးက ပါးစပ်ပိတ်ထားပြီးမျက်လုံးဖွင့်ကြည့်နေ၏။ ချန်ရှုလက်ထဲမှ ဓားသည် တစ်ချက်ဝှေ့ယမ်းလိုက်ရာ လီယင်ချူး



ရင်ဘတ်တွင် သွေးစင်းတစ်ခုပေါ်လာပြီး သွေးများချင်းချင်းနီရဲသွားလေသည်။

နာကျင်မှု ဝေဒနာအား အံကြိတ်၍ခံရင်း သူ၏မျက်လုံးအစုံသည် ချန်ရှုအား အစိမ်းလိုက် ဝါးစားမတတ် စိုက်ကြည့်နေ၏။

'ပြောပါ လီယင်ချူး၊ ခင်ဗျား အနာမခံချင်စမ်းပါနဲ့'

လီယင်ချူးက ရယ်မောလိုက်လေသည်။

'ဟား....ဟား....ဟား'

ချန်ရှုက မျက်မှောင်ကြုတ်သွားသည်။

'ခင်ဗျား ဘာရယ်နေတာလဲ၊ သေချင်လို့လား'

လီယင်ချူးက....

'မင်းနောက်ကို လှည့်ကြည့်စမ်း၊ သေရမှာက မင်းကွ'

ချန်ရှုက နောက်သို့ လှည့်ကြည့်လိုက်ရာ သူ့နောက်တွင် လူတစ်ယောက်မှ မတွေ့ရပေ။ သူသည် အလိမ်မိသွားသည်ကို ချက်ချင်း သိလိုက်သည်။

သို့သော် သူ၏အသိမှာ နောက်ကျသွားလေသည်။ လီယင်ချူး၏ ခြေထောက်သည် သူ့လက်ထဲမှ ကိုင်ဆောင်ထားသော ဓားငယ်အား ကန်လိုက်ရာ....

'ဝုိ....'

သူ့လက်ထဲမှ ဓားငယ်သည် အဝေးသို့ လွင့်စင်သွားလေသည်။

ချန်ရှုသည် မိမိမှာ မဟာအမှားတစ်ခု ပြုမူမိသည်ကို နားလည်လိုက်သည်။ သူသည် လျှပ်တစ်ပြက် ရှေ့သို့တိုးလိုက်ပြီး လီယင်ချူးအား တိုက်ခိုက်လိုက်သည်။

လီယင်ချူးသည် ဒဏ်ရာပြင်းထန်စွာ ရရှိနေသော်လည်း ကြံ့ကြံ့ခံ ပြန်တိုက်နေ၏။ ဤသို့ဖြင့်သူတို့သည် အပြန်အလှန် သဲသဲမဲမဲ တိုက်ခိုက်လာရာ သိုင်းကွက်ပေါင်း (၅၀) ခန့်ပင် ရှိလာပြီးဖြစ်သည်။

သူတို့သည် မည်သူကမှ အသာစီး မရကြပါချေ။ အမှန်စင်စစ် လီယင်ချူးကသာ ဒဏ်ရာမရခဲ့ပါမူ အခြေအနေ တစ်မျိုးသစ်မှ ပြောင်းသွားနိုင်သည်။

ယခုမှာမူ လီယင်ချူးက အသက်ကြီးရင့်သည့် ဒဏ်ရာလည်း ရထားသောကြောင့် သိုင်းကွက် (၇၀) အထိ ယှဉ်ပြိုင်လာသောအခါ သူသည် အနည်းငယ် မောဟိုက်လာလေသည်။

သူ၏ တိုက်ခိုက်မှုမှာလည်း အားပျော့လာသည်။ ထိုအခွင့်အရေးကို ချန်ရှုက ကောင်းစွာ အသုံးပြုရန် အခြေအနေ ပေးလာသည်။

သူကဖိ၍ တိုက်ခိုက်နေရင်း ရုတ်တရက် သူ့နောက်မှ လေသံများ ကြားလိုက်ရ၏။ သူသည် ချာခနဲ လှည့်ကြည့်လိုက်ရာ



သူ့အား တံခါးဖွင့်ပေးသော ဘုန်းတော်ကြီးက ထမ်းပိုးတစ်လက်ဖြင့် ရိုက်ချလာနေသည်ကို တွေ့ရလေသည်။

သူသည် ရင်ထိတ်သွားသည်။ ကမန်းကတန်း ရှောင်တိမ်းရာ လီယင်ချူး၏ လက်သီးတစ်လုံးသည် သူ၏မျက်နှာပေါ်သို့ ရောက်ရှိလာလေသည်။

'ဝုန်း'

သူ၏နားထဲတွင် အသံကျယ်လောင်စွာ ကြားလိုက်ရပြီး မျက်လုံးများ မီးပွင့်သွားသည်။

ထို့နောက် သူသည် အလွန်နက်ရှိုင်းသော ချောက်ကမ်းပါးထဲသို့ ထိုးကျသွားသည်ဟု ခံစားလိုက်ရလေသည်။

* * *

ချန်ရှုသည် မျက်လုံးဖွင့်ကြည့်လိုက်သောအခါ ညအချိန် ရောက်ရှိနေသည်ကို သိလိုက်ရလေသည်။

သေးငယ်သော ပြတင်းပေါက်မှ တိုးဝင်လာသော ကြယ်ကလေးများ၏အလင်းရောင်ကြောင့် ခင်းထားသောကောက်ရိုးပုံပေါ်တွင် မိန်းကလေးတစ်ယောက် ခွေခွေကလေး အိပ်ပျော်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

အလင်းရောင်က ဝိုးတဝါး ဖြစ်နေသော်လည်း ထိုမိန်းကလေးမှာ လုံမေဖြစ်သည်ကို သူက ကောင်းစွာ မှတ်မိလိုက်သည်။

ဤမျှ အန္တရာယ်များသည့် ပတ်ဝန်းကျင်မှာ လုံမေတစ်ယောက် မလှုပ်မယှက် အိပ်ပျော်နိုင်သည်ကို သူက ဘဝင်မကျတဲ့ဖြစ်မိသည်။

'လုံမေ'

သူက သူမထံသို့ လျှောက်သွားရင်း မေးလိုက်သည်။ အနီးသို့ ရောက်သွားတော့မှ ကြယ်ကလေးများပမာ တောက်ပနေသော လုံမေ၏ မျက်လုံးအစုံအား မြင်တွေ့လိုက်ရလေသည်။

ယခုမှ သူသည် လုံမေမှာ သေွးကြောပိတ်ထားခြင်း ခံရသည်ကို နားလည်လိုက်လေသည်။

သူသည် သူမ၏ သွေးကြောအား ဖွင့်ပေးလိုက်သည်။ လုံမေသည် သူ၏ပခုံးပေါ်မှီ၍ ငိုကြွေးလိုက်လေသည်။

အတန်ကြာတော့မှ ချန်ရှူက သူမ၏ပခုံးအား အသာအယာ ပုတ်လိုက်သည်။

'ဟိုလူက ညီမကို စစ်ဆေးမေးမြန်းသေးသလား'

လုံမေက မျက်ရည်သုတ်ရင်း ခေါင်းညိတ်ပြလိုက်သည်။ ချန်ရှူ၏မျက်နှာပေါ်တွင် စိုးရိမ်သည့် အရိပ်အရောင်များ ပေါ်လွင်လာသည်။



'ညီမက ပြောပြသေးသလား'

'ညီမ....ဘာမှ ပြောမပြပါဘူး'

သူမက စကားဆက်လိုက်သည်။

'ဟိုလူက အတော်ကြောက်စရာကောင်းတယ်၊ သူမေးတာကို မပြောရင် ညီမကို ရက်ရက်စက်စက် နှိပ်စက်မယ်လို့ ပြောတယ်၊ ညီမက အသေခံမယ်၊ ဘယ်တော့မှ မပြောဘူး'

'မှန်တယ်'

ချန်ရှူက သူမ၏ပခုံးအား အသာအယာ ပုတ်လိုက်သည်။

'ဒါမှ ချင်းရှမ်းမင်းအဖွဲ့ရဲ့ သူရဲကောင်းဖြစ်မှာ'

'ဒါနဲ့ အစ်ကို့ကို သူတို့က ဖမ်းပြီးပို့လိုက်တယ် ဟုတ်လား'

'ဟုတ်တယ်'

'ဟင်....ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ'

လုံမေ၏အသံများပင် တုန်ခါလာသည်။ ချန်ရှူက ပြုံးလိုက်သည်။

'မပူပါနဲ့'

သူသည် အခန်းတံခါးအား အတွင်းအားဖြင့် ဆောင့်တွန်းလိုက်သည်။ သူသည် သုံးကြိမ်တိတိ ဆောင့်တွန်းလိုက်သောအခါ....

'ဝုန်း....'

တံခါးကျိုးပဲ့သွားသည်။

ချန်ရှုသည် တံခါးအား ရိုက်ချိုး၍ လုံမေအား ဆွဲခေါ်၍ ထွက်သွားကြလေသည်။ အပြင်သို့ ရောက်လာကြသောအခါ ချန်ရှုက....

'ညီမကို အလွန်အရေးကြီးတဲ့ တာဝန်တစ်ခု ပေးမလို့'

'ပြောပါ ကိုကြီး'

'ဒီတာဝန်က'

ချန်ရှုသည် သူမ၏နားသို့ ကပ်၍ လက်ဟန် ခြေဟန်ဖြင့် တီးတိုးပြောပြလိုက်လေသည်။ အစတွင် လုံမေ၏မျက်နှာပေါ်တွင် အံ့သြထိတ်လန့်သည့် ဟန်မူရာများ ဖြစ်ပေါ်လာသည်။

ထို့နောက် သူမသည် ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်သည်။ ပြီးနောက် ချန်ရှုသည် တစ်ယောက်တည်း ထွက်ခွာသွားလေတော့သည်။

## ဝူးဝမ်းစန်း

ညအချိန်မရောက်သေးပါ။

ဝမ်းဘွားဘွား၏ဂေဟာသို့ ဧည့်သည်သုံးယောက် ရောက်လာသည်။ မျက်နှာစိမ်းဧည့်သည်များ ဖြစ်သည်။

ထိုလူများမှာ မြင်းပွဲရုံခြံဝင်းမှ လာကြခြင်း ဖြစ်သည်ဟု သူတို့ကဆိုသည်။ သူတို့သည် ရောက်လျှင်ရောက်ခြင်း အရက်နှင့် စားသောက်ဖွယ်ရာများ မှာသည်။

ကြေးတန်းစားမယ် ချိုင်ယင်းနှင့် တွေ့လိုကြောင်း ပြောသည်။ ချိုင်ယင်းသည် လူသတ်မှု ဖြစ်ပွားခဲ့သည်မှာ ရက်မကြာသေးသောကြောင့် ယနေ့တိုင် ရင်တုန်နေသေး၏။

သူမက ဧည့်သည်ကို လုံးဝမတွေ့လိုပေ။ သို့သော် ဝမ်းဘွားဘွားက မရမက တိုက်တွန်းနေသောကြောင့် ဧည့်သည်များအား မတွေ့ချင်ဘဲလျက် ထွက်တွေ့ရလေသည်။

ဝမ်းဘွားဘွားက ညှော်သည်များ၏ အလိုကျ ထမင်းဟင်းများနှင့် အရက်များအား ချိုင်ယင်း၏အခန်းသို့ ပို့ပေးသည်။
အခန်းထဲသို့ ရောက်ရှိပြီးနောက် ဝူးဝမ်းစန်းက မိမိကိုယ်မိမိ မိတ်ဆက်ပေးသည်။

'ကျုပ်နာမည်က ဝူဝမ်းစန်း'

သူက ပါရှိလာသော လူနှစ်ယောက်အား တစ်ယောက်ချင်း မိတ်ဆက်ပေးလိုက်သည်။

'သူက ရှောင်ဖန်း....သူက ရှောင်မန်း'

ချိုင်ယင်းက စိတ်အားတင်း၍ ပြန်လည် နှုတ်ဆက်လိုက်သည်။

'ဟုတ်ကဲ့ရှင့်၊ ကျွန်မ ချိုင်ယင်းပါ'

သူမသည် မျက်နှာချိုသွေးရင်း အရက်ငှဲ့ပေးရန် အရက်ကရား ကောက်ကိုင်လိုက်သည်။

ဝူးဝမ်းစန်း၏ အရိုးပေါ် အရေဖုံးသော လက်ချောင်းများက သူမ၏လက်အား ဖမ်းဆုပ်ထားလိုက်လေသည်။

ဤကဲ့သို့ အပြုအမူမျိုးသည် ချိုင်ယင်းအတွက် ရိုးနေပြီဖြစ်သည်။ သူမသည် ဝူးဝမ်းစန်း၏ ရင်ခွင်ထဲသို့ အလိုက်သင့်ယိုင်သွားသည်။
သို့သော် မမျှော်လင့်ဘဲ ဝူးဝမ်းစန်းက သူမအား တွန်းဖယ်လိုက်သည်။



'မင်းက အတွေ့အကြုံ ရင့်ပြီးသားပါ၊ ငါတို့က မင်းကိုလိုချင်ရင် ဒီအချိန်ဟာ စောသေးတယ်ဆိုတာ မင်းနားလည်ပါတယ်၊ အခုလိုအချိန်မျိုး ဒီကိုလာပြီး မင်းနာမည်ကိုမှ ရွေးခေါ်တယ်ဆိုတာ တခြားအကြောင်း ရှိတယ်ဆိုတာ မင်းနားလည်သင့်တယ်'

ချိုင်ယင်းက ရင်ထိတ်သွားသည်။ သူမက မျက်နှာချိုသွေးကာ....

'ကြေးတန်းစား ဂေဟာကို လာတဲ့ ညှော်သည်တွေဟာ မိန်းမလိုချင်တာကလွဲလို့ တခြားဘာကိစ္စများရှိနိုင်လို့လဲရှင့်'

'ချိုင်ယင်း'

ဝူးဝမ်းစန်း၏အသံ ခက်ထန်လာသည်။
'တစ်နေ့ညမှာ မင်းရဲ့ခုတင်ပေါ်မှာ လူတစ်ယောက်အသတ်ခံရတယ်မဟုတ်လား'

ချိုင်ယင်း၏ရင်ထဲ၌ ဖုတ်လှိုက်ဖုတ်လှိုက် ဖြစ်လာသည်။

'အစ်ကိုကြီးက ဘာကြောင့်သိလိုက်သလဲ'

သူမက လွှတ်ခနဲမေးလိုက်သည်။

ဝူးဝမ်းစန်းသည် မဲ့ပြုံးပြုံးလိုက်သည်။
'သိတာပေါ့၊ သူက ငါ့ရဲ့ သွေးသောက်တစ်ယောက်ကွ'
သူသည် ချိုင်ယင်းအား သူ၏အနီးသို့ ဆွဲယူလိုက်သည်။
လက်တစ်ဖက်က သူမ၏မေးစေ့အား ပင့်ထားလိုက်သည်။

'လူတစ်ယောက်ကို အလွယ်တကူနဲ့သတ်လို့မရဘူးကွ၊ ငါ့ကို မှန်မှန်ပြောစမ်း၊ သတ်တဲ့လူက ဘယ်သူလဲ'

ချိုင်ယင်း၏ ခန္ဓာကိုယ်သည် တုန်တုန်ယင်ယင် ဖြစ်လာလေသည်။

'ကိုကြီး၊ ကျွန်မ ဘယ်လိုလုပ်သိမလဲရှင့်'

'လူတစ်ယောက်လုံး မင်းအနားမှာ အိပ်နေတာ မင်းမသိဘူးလား'

'ကျွန်မ အိပ်မောကျနေလို့'

'မင်းဘာပဲပြောပြော ညီ့သည်တစ်ယောက်လုံး မင်းအနားမှာ သေနေတာ မင်းမသိဘဲနေပါမလား'

'ကိုကြီးရယ်....'

ချိုင်ယင်းက မျက်ရည်ကျလာလေသည်။

'ကျွန်မတို့အလုပ်ဟာ အင်မတန်မှပင်ပန်းပြီး ဒုက္ခရောက်ပါတယ်၊ ကိုကြီးရဲ့ သွေးသောက်က ကျွန်မကို တစ်ညလုံးနီးပါး ဒုက္ခပေးတဲ့အတွက် ကျွန်မက ခြေကုန်လက်ပန်းကျပြီး အိပ်ပျော်သွားတာ ဘာတွေဖြစ်တယ်ဆိုတာ ကျွန်မဘယ်သိနိုင်ပါ့မလဲ'

ဝူးဝမ်းစန်းနှင့်ပါလာသော အစောင့်နှစ်ယောက်က ပြုံးတုံ့ရယ်မောကြသည်။ ဝူးဝမ်းစန်းက မျက်လုံးပြူးကြည့်လိုက်တော့မှ သူတို့က ပါးစပ်ပိတ်ထားလိုက်ကြလေသည်။



ဝူးဝမ်းစန်းသည် လေသံတစ်မျိုးတစ်ဖုံ ပြောင်းသွားပြန်သည်။

'ဒါဖြင့် ဘယ်သူများဖြစ်နိုင်တယ်ဆိုတာ စဉ်းစားစမ်းပါ'

'ဒါကတော့ ကျွန်မဘယ်ပြောတတ်ပါ့မလဲ'

'ဥပမာ ငါ့ရဲ့သွေးသောက်က ဒီကိုရောက်လာပြီးနောက် တခြားလူတစ်ယောက်နဲ့ ရန်ဖြစ်ခဲ့သလား၊ သံသယဖြစ်စရာ အချက်တွေပေါ့'

'ကိုကြီးရယ် ဒီကိုလာတဲ့ ဧည့်သည်တွေဟာ များသောအားဖြင့် လူစိမ်းတွေများပါတယ်၊ ယောကျ်ားတွေဟာ အသစ်အဆန်းမှ သဘောကျတာရှင့်'

ဝူးဝမ်းစန်းက မျက်မှောင်ကြုတ်သွားသည်။

'ဒါဖြင့် အဲဒီနေ့မှာ ထူးထူးခြားခြား ဘာတွေဖြစ်ခဲ့တဲ့ ကိစ္စများ ရှိတာလား၊ စဉ်းစားပါ'

ချိုင်ယင်း မျက်မှောင်ကြုတ်သွားလေသည်။

'ထူးခြားတဲ့ကိစ္စလဲ ဘာမှမရှိပါလား'

သူမသည် တစ်စုံတစ်ခုအား သတိရလာသည်။

'အင်း....တစ်ခုတော့ရှိတယ်'

'ဘာများလဲ'

'မိန်းကလေးနှစ်ယောက်တော့ ရောက်လာတယ်ရှင့်'

ဦးဝမ်းစန်းက စိတ်ဝင်စားလာသည်။

'မိန်းကလေးနှစ်ယောက် ဟုတ်လား၊ သူတို့က ဘာလာလုပ်ကြတာလဲ'

'သူတို့ခန္ဓာကိုယ်ရောင်းဖို့လို့ ပြောတယ်'

'ဟော….ဟုတ်လား'

'ဟုတ်တယ်'

'အောင်သွယ်မရှိဘူးလား၊ ဒါမှမဟုတ် သူတို့ကိုလာပို့တဲ့လူ မရှိဘူးလား'

'မရှိဘူး ကိုကြီး'

'အုံ့ဩစရာကောင်းပါလား'

'ဟုတ်ကဲ့၊ ကျွန်မလဲ အံ့ဩမိပါတယ်'

'ဝမ်းဘွားဘွားက လက်ခံလိုက်သလား'

'ဟုတ်ကဲ့၊ ဒါပေမယ့် အလုပ်ကိုတော့ မလုပ်ခိုင်းသေးဘူး'

'သူတို့အသက် ဘယ်အရွယ်ရှိလဲ'

'တစ်ယောက်က (၂၀) ကျော်ရှိပြီ၊ တစ်ယောက်ကတော့ (၁၇-၁၈)လောက်ပဲ ရှိလိမ့်မယ်'



'ကောင်းပြီ၊ မင်းက ဝမ်းဘွားဘွားကို ပြောလိုက်၊ ငါတို့က အသစ်နှစ်ယောက် ရောက်လာတဲ့ သတင်းရလို့ ခေါ်ပေးပါလို့ မှာလိုက်တယ်လို့'

'ဟုတ်ကဲ့'

သူမက ထရပ်လိုက်သည်။

'သူတို့က မလာဘူးဆိုရင်….'

'မလာလို့ ဘယ်ရမလဲ'

ချိုင်ယင်းက….

'ဟုတ်ကဲ့၊ ကျွန်မသွားပြောလိုက်ပါမယ်'

သူမသည် ကမန်းကတန်း ထွက်သွားလေသည်။

သူမ ထွက်ခွာသွားပြီးနောက် ဦးဝမ်းစန်းသည် ရှောင်ဖန်းနှင့် ရှောင်မန်းအား အနီးသို့ခေါ်၍ တီးတိုးမှာကြားလိုက်သည်။

ရှောင်ဖန်းနှင့် ရှောင်မန်းတို့သည် အခန်းထဲမှထွက်သွားရာ ဦးဝမ်းစန်း၏ မျက်နှာပေါ်တွင် ကျေနပ်သည့်အရိပ်အယောင်များ ပေါ်လွင်လာလေသည်။

* * *

ပိရင်း၏ အခန်းထဲ၌ ဝမ်းဘွားဘွားနှင့်ပိရင်းတို့ စကားလက်ဆုံကျနေ၏။

သူမတို့ပြောဆိုနေသော အကြောင်းမှာ လုံမပျောက်ဆုံးသွားသည့်အကြောင်း ဖြစ်သည်။

ယခုအထိ ချန်ရှုက လုံမအား တွေ့ရှိခဲ့သည့်သတင်း သူမထံ မရောက်သေးပါ။

'ဝမ်းဘွားဘွား၊ညီမလေးကကြောက်တတ်တယ်၊ လူသတ်မှု ဖြစ်ပွားတာကိုကြားလို့ ကြောက်ပြီး ထွက်ပြေးသွားတာ ဖြစ်ရမယ်'

'ဟုတ်လိမ့်မယ်၊ ဒါပေမယ့် အစ်မကိုတော့ အကြောင်းကြားသင့်တာပေါ့'

'ဒါကလဲ ကျွန်မကိုပြောနေရင် ကျွန်မက သူ့ကိုမလွှတ်မှာစိုးရိမ်လို့ ဖြစ်မှာပေါ့'

ပိရှင်းက ဆက်ပြင်းချလိုက်သည်။

'ကျွန်မတောင်မှ ငွေအလွန်လိုနေလို့ သည်းခံပြီးနေတာ၊ နို့မဟုတ်ရင် ကျွန်မလဲ ပြေးမှာပဲ'

'အမှန်ပြောရရင် ငါလဲ သူ့ကို ငွေမပေးရသေးပါဘူး၊ တစ်နေ့ ထမင်းသုံးနပ်ပဲ ကျွေးရပါတယ်၊ သူဘယ်ကိုပဲသွားသွား ငါက ပြောပိုင်ခွင့်မရှိပါဘူး၊ ဒါပေမယ့် ငယ်ရွယ်တဲ့မိန်းကလေးတစ်ယောက် အခုလို ထွက်သွားတာ အန္တရာယ်များပါတယ်လေ'

ပိရှင်းက သက်ပြင်းချလိုက်သည်။



'သူ့အတွက် စိတ်ပူနေလို့လဲ ဘာအကြောင်းထူးမှာလဲ၊ ဘုရားမ, ပါလို့သာ ဆုတောင်းပေးရမှာပဲ'

ထိုအချိန် ချိုင်ယင်းက အခန်းထဲသို့ လှမ်းဝင်လိုက်သည်။

'ဝမ်းဘွားဘွား....ဟို'

သူမသည် ပိရှင်းရောက်နေသည်ကို တွေ့ရသဖြင့် ပြောမည့်စကားများ ပြန်လည် မျိုသိပ်ထားလိုက်လေသည်။

ဝမ်းဘွားဘွားက သူမအား တွေ့မြင်လိုက်ရသဖြင့် အနည်းငယ် အံ့ဩသွားသည်။

'ချိုင်ယင်း....ညည်းက ဧည့်သည်ဆီမှာ မနေဘဲ ဘာလာလုပ်တာလဲ'

'ဒီလိုပါ ဝမ်းဘွားဘွား၊ ဧည့်သည် သုံးယောက်ထဲမှာ ဦးဝမ်းစန်းက ဒီမှာ မိန်းကလေး အသစ်နှစ်ယောက် ရောက်လာတယ်လို့ သတင်းကြားပါတယ်တဲ့၊ သူက အဲဒီမိန်းကလေးနှစ်ယောက်ကို တွေ့ချင်တယ်ဆိုလို့ ကျွန်မက လာပြောတာ'

'ဘယ်ဖြစ်နိုင်ပါ့မလဲ၊ သူတို့က ဒီမှာနေမလား မနေဘူးလားဆိုတာ မသေချာသေးဘူး'

'ဒါဖြင့် ဧည့်သည်ကို ဘယ်လိုပြန်ပြောလိုက်ရမလဲ'

'ငါပြောသလို ပြောလိုက်၊ ဒါပေမယ့် စကားကိုအဆင်ပြေအောင်တော့ ပြောပေါ့'

‘ဟုတ်ကဲ့’

ချိုင်ယင်းက လှည့်ထွက်မည်အပြုတွင် ပိရင်းက ဟန့်တားလိုက်သည်။

‘ခဏလေးကွ’

သူမသည် ဝမ်းဘွားဘွားဘက်သို့ လှည့်လိုက်သည်။

‘ဧည့်သည်များ စိတ်ပျက်သွားပါဦးမယ်၊ ကျွန်မသွားပြီး စကားပြောလိုက်ပါ့မယ်’

‘ပိရင်း....ညည်းဘာသိသလဲ၊ဒီဧည့်သည်က ရှာခံမဟုတ်ဘူး၊ လူကောင်းလဲမဖြစ်နိုင်ဘူး’

‘လူကောင်းပဲ ဖြစ်ဖြစ်၊ လူဆိုးပဲ ဖြစ်ဖြစ် ဧည့်သည်ဟာ ဧည့်သည်ပါပဲ၊ ကျွန်မက လိုက်သွားပြီး အရက်တစ်ခွက်တိုက်လိုက်ရင် ဝတ္တရားကျေပြီလေ၊ ကျွန်မ ချက်ချင်းပြန်လာမှာ’

ဝမ်းဘွားဘွားက ခေါင်းညိတ်လိုက်သည်။

‘ဒါဖြင့် ချက်ချင်းပြန်ခဲ့၊ သူတို့နဲ့ စကားပြောနေရင် ဆိုးမှာမဟုတ်ဘူး’

‘ဟုတ်ကဲ့ ဘွားဘွား’

ပိရင်းသည် ချိုင်ယင်းနောက်သို့ လိုက်ပါသွားလေသည်။

* * *



အခန်းထဲလှမ်းဝင်လိုက်သည်နှင့် ဝူးဝမ်းစန်း တစ်ယောက်သာ ထိုင်နေသည်ကို တွေ့ရလေသည်။

ချိုင်ယင်းက အံ့ဩသွားသည်။

‘ကိုကြီး ကျန်တဲ့ ဧည့်သည်နှစ်ယောက်ကော’

‘အိမ်သာဘက်နေတယ်’

ဝူးဝမ်းစန်းက ပိရင်းကို အကဲခတ်ကြည့်ရင်း လက်ယပ်ခေါ်လိုက်သည်။

‘လာပါလေ၊ ဒီမိန်းကလေးက သိပ်ကိုလှတယ်၊ နာမည်က ဘယ်လိုခေါ်ပါသလဲ’

‘ပိရင်းလို့ ခေါ်ပါတယ်’

ပိရင်းသည် ဝူးဝမ်းစန်းအနီးတွင် ရဲဝံ့စွာထိုင်ချလိုက်သည်။ ထိုအချိန်တွင် ရှောင်ဖန်းနှင့် ရှောင်မန်းတို့သည် ထိတ်ထိတ်ပျာပျာဖြင့် ဝင်လာလေသည်။

ဝူးဝမ်းစန်းက ဆီး၍ငေါက်လိုက်သည်။

‘ဘာကိစ္စနဲ့ ဒါလောက်တောင် ထိတ်ထိတ်ပျာပျာ ဖြစ်နေရတာလဲ’

ရှောင်ဖန်းနှင့် ရှောင်မန်းတို့သည် ဝူးဝမ်းစန်းရှေ့သို့ လျှောက်လာလေသည်။ သို့သော် သူတို့သည် ဝူးဝမ်းစန်းအား စကားပြောရန်မဟုတ်ဘဲ ပိရင်းဘေးတွင်ရပ်၍ သူမ၏လက်များအား တစ်ဘက်တစ်ယောက် ဖမ်းဆွဲထားလိုက်လေသည်။

ပိရင်းက ထိတ်ခနဲ ဖြစ်သွားသည်။

'ဒါက ဘာလုပ်တာလဲရှင့်'

ဝူးဝမ်းစန်းက စကားမပြောပါ။ သူ၏သက်နှစ်ဖက်သည် ပိရင်း၏တစ်ကိုယ်လုံးသို့ လှုပ်ရှားလိုက်လေသည်။

သူ၏လုပ်ရပ်မှာ စော်ကားလို၍ မဟုတ်ပါ။ တစ်စုံတစ်ခု ရှာဖွေနေခြင်းဖြစ်သည်။ ပိရင်းက အလွန်ခံပြင်းလာသည်။

'တစ်နေ့ ဒီလုပ်ရပ်ကို လက်စားချေမယ်'

ဟု ကြိတ်၍ ကြုံးဝါးလိုက်လေသည်။

ဝူးဝမ်းစန်းသည် ပိရင်း၏ကိုယ်ပေါ်တွင် ဓားငယ်တစ်လက် ရှာဖွေတွေ့ရှိလိုက်ရလေသည်။

သူ၏မျက်နှာပေါ်တွင် ကျေနပ်သည့် ဟန်အမူအရာများ ပေါ်လွင်လာသည်။

'ကြည့်စမ်း ဒါလောက် နုနယ်ပြီးလှတဲ့ မိန်းကလေး တစ်ယောက်ဟာ လူသတ်သမား ဖြစ်နေပါလား'

သူ၏လေသံများ တင်းမာသွားသည်။

'ပြောစမ်း၊ ဘယ်အဖွဲ့ကလဲ'

'ပြောစမ်း၊ ဘယ်အဖွဲ့ကလဲ'

'ဘယ်လိုမေးလိုက်တာလဲရှင်၊ ကျွန်မ ဓားကလေးဆောင်ထားတာက ကိုယ့်ကိုကိုယ် ကာကွယ်ဖို့ပါပဲ'



ဝူးဝမ်းစန်း၏အသံမှာ အေးတိအေးစက် နိုင်လှပေသည်။

'ငါ့ကို ဒီလိုပြောလို့ ဘယ်ရမလဲ၊ ဒီဓားဟာ လူကိုသတ်လို့ ရတဲ့ဓားပါကွ'

'အစ်ကိုရယ် ကျွန်မကို အဘော်အဘင်ကြီးနေတာကိုး'

'ဒီမှာ ပိရင်း တစ်နေ့ညမှာ မင်းရဲ့လုပ်ရပ်က အလွန်ရက်စက်လှတယ်၊ ပိလဲပိရိပါတယ်၊ ကျုပ်နားမလည်တာက ကျုပ်လူက ဘယ်နေရာမှာ မင်းကို ဘာတွေလုပ်ခဲ့လို့လဲဆိုတာ'

'အစ်ကိုကြီးရယ်၊ ဘာတွေ ပြောနေတာလဲဆိုတာ ကျွန်မ နားမလည်ပါလား'

'ဒါဖြင့် လူသတ်မှုဖြစ်ပွားတာကို မင်းမသိဘူးလား'

'လူသတ်မှုပဲဟာ မသိဘဲ နေပါ့မလား'

'အဲဒီလူသတ်သမားက မင်းပဲဖြစ်ရမယ်'

'ဒီလို အရမ်းမပြောပါနဲ့၊ လူသတ်မှုဟာ သေဒဏ်အထိ ဖြစ်ဒဏ်ကျနိုင်ပါတယ်၊ သူများကြားသွားရင် ကျွန်မ ဒုက္ခ ရောက်နေပါလိမ့်မယ်'

ဝူးဝမ်းစန်းက လက်ဟန်ပြလိုက်ရာ ရှောင်ဖန်းနှင့်ရှောင်မန်း တို့သည် အားဖြင့်ဆွဲလိုက်ရာ ပိရင်းက ရင်ကော့သော အနေ အထားသို့ ရောက်ရှိသွားလေသည်။

ဝူးဝမ်းစန်းသည် ဓားငယ်အား တစ်ချက်ကြည့်လိုက်သည်။ ထို့နောက် ပိရင်းအနီးသို့ လှုပ်ရှားလိုက်လေသည်။

ခါးရောင်ဖွေးလက်သွားသည်။ သူ၏လှုပ်ရှားမှုမှာ တိကျသည်။ လျင်မြန်လှသည်။ ပိရင်း၏ အပေါ်အင်္ကျီကြယ်သီးများ တိခနဲ ပြုတ်သွားသည်။

သို့သော် သူမ၏အတွင်းခံအင်္ကျီမှာ အနည်းငယ်မျှ မထိမိပေ။ သူ၏ခါးကျွမ်းကျင်ပုံမှာ ထင်ရှားလှပေသည်။

'ဒီမှာ မိန်းကလေး ကျုပ်ရှေ့မှာ ဒီလိုလာလုပ်လို့ မရဘူး၊ ခြင်တစ်ကောင် ငါ့ရှေ့ကပျံသန်းသွားတာတောင် အထီးလား အမလားဆိုတာ ငါသိတယ်၊ ပြောစမ်း မင်းကဘာဘယ်အဖွဲ့ကလဲ၊ ဘာကြောင့် ငါ့လူကို သတ်ရတာလဲ'

ပိုရင်းက ရင်ထိတ်သွားသည်။ ထိုပိန်လှီသော အဘိုးအိုသည် သွေးအေးသော အန္တရာယ်လူစားမျိုးဖြစ်သည်ကို သူက နားလည်လိုက်သည်။

ယနေ့အဖို့ သူမမှာ သက်သာလိမ့်မည်မဟုတ်ဟု အကဲခတ်မိလေသည်။

## ဦးဝမ်းစန်း

ကျော်အောင်လျှံသည် ဆိုင်ထဲ၌ ထိုင်၍ ဝေးငိုင်နေ၏။

သူမသည် မည်သည့်အရေးကို ဤမျှတွေဝေ စဉ်းစားနေမှန်းမသိ၊ ဆိုင်ထဲသို့ ဧည့်သည်ဝင်လာသည်ကိုပင် သတိမပြုမိပေ။

ဧည့်သည်မှာ ဦးဝမ်းစန်းပင် ဖြစ်သည်။ သူ၏စူးရှသော မျက်လုံးအစုံသည် ဆိုင်ထဲသို့ လှမ်းဝင်လိုက်သည်နှင့် ဟိုဟိုသည်သည် ကြည့်နေ၏။

သူသည် အတန်ကြာ ကြည့်ပြီးမှ စကားသံ ထွက်ပေါ်လာသည်။

'ကျော်အောင်လျှံ ခင်ဗျား ဘာကိုစဉ်းစားနေတာလဲ'

အသံကြားလိုက်တော့မှ ကျော်အောင်လျှံက သတိရလာလေသည်။ သူမသည် ကမန်းကတန်း ထိုင်ရာမှထလိုက်သည်။ သူမသည် ဦးဝမ်းစန်းအား မသိပါ။

သို့သော် စီးပွားရေးသမားပီပီ သိကျွမ်းသည့် မျက်နှာထား မျိုးဖြင့်....

'ကိုကြီး မရောက်တာ ကြာပြီနော်'

'ဟုတ်ကဲ့ အခုရောက်လာပြီ မဟုတ်လား'

ဦးဝမ်းစန်းကလည်း ရင်းနှီးဖူးသည့်အလား....

'ခင်ဗျားက နုပျိုသေးတယ်နော်၊ ဘာများဆေးကောင်း ရှိသလဲ၊ ရှိရင် ပေးပါဦးဗျာ'

ကျောအောင်လျှံက သူ၏စကားအား ကြားဖြတ်လိုက်သည်။

'မပြောပါနဲ့တော့ရှင်၊ ဒါနဲ့ အခန်းငှားမလို့လား'

'ဟုတ်တယ်၊ ခင်ဗျားတို့မှာ အခန်းဘယ်နှစ်ခန်း ရှိသလဲ'

'ဘာလို့မေးတာလဲ၊ ရှိသမျှအခန်းကို ငှားမလို့လား'

ဦးဝမ်းစန်းက သူမအား ပြုံးစိစိဖြင့် ကြည့်လိုက်သည်။

'ခင်ဗျားကိုပါငှားဖို့ စိတ်ကူးမိသေးတယ်'

သူက ပြုံး၍ စကားဆက်လိုက်သည်။

'ကျုပ်မှာ လူအများကြီးပါလာတယ်၊ ဒါကြောင့် အခန်း ဘယ်နှစ်ခန်းရှိတယ်ဆိုတာ မေးနေတာ'

'စုစုပေါင်း ရှစ်ခန်းရှိတယ်၊ နှစ်ခန်းက ပျက်နေတယ်၊ နှစ်ခန်းက ငှားထားတယ်၊ လေးခန်းပဲကျန်တယ်'



'ဟောဗျာ၊ အခု မီးပုံးရာသီမှမဟုတ်ဘဲ၊ ဘယ်ကဧည့်သည် များပါလိမ့်'

'မျက်နှာစိမ်းတွေပဲ'

'ဧည့်သည်က ဘယ်နှစ်ယောက်လဲ'

'ယောကျ်ားလေးတစ်ယောက်နဲ့ မိန်းကလေး လေးယောက် ပါရှင်၊ ဘာဖြစ်လို့ မေးနေတာလဲရှင့်'

ဦးဝမ်းစန်းက လက်ကာပြလိုက်သည်။

'ကောင်းပါပြီ၊ မမေးတော့ပါဘူးဗျ'

သူက ပြုံး၍....

'ကဲ....အခန်းကိုလိုက်ပြပါဗျာ၊ ဖြစ်တယ်မဟုတ်လား'

'ဖြစ်ပါတယ်၊ ရှင့်လူတွေ ဘယ်တော့ရောက်မှာလဲ'

'နေဝင်တာနဲ့ ရောက်လာကြမှာ'

* * *

ကျော်အောင်လှ သည် ဝူးဝမ်းစန်းအား အခန်းများလိုက်ပြသည်။

သူမသည် ချန်ရှုနေထိုင်သော အခန်းနှင့် မိန်းကလေး (၄)ယောက် နေထိုင်သော အခန်းတို့ကိုလည်း ပြသလိုက်သည်။

ဤသည် ဝူးဝမ်းစန်းသိလိုသော အကြောင်းတစ်ရပ် ဖြစ်သည်။ ဝူးဝမ်းစန်းသည် ပိရင်းအား စစ်ဆေး မေးမြန်းခဲ့သည့် အကြောင်းကို ပြန်လည်သတိရလာလေသည်။

ပိရင်းဆိုသော မိန်းကလေးသည် မိမိထင်ထားတာထက် ပို၍ ခေါင်းမာသည်။ သူသည် သူမအား နည်းမျိုးစုံဖြင့် ညှဉ်းပမ်းနှိပ်စက်ခဲ့သည်။

သို့သော် ပိရင်းက လုံးဝမပြောဘဲ တောင့်ခံသည်။ နောက်ဆုံး သူမသည် ကျော်အောင်လှ တည်းခိုခန်းတွင် တည်းခိုသည့် အကြောင်း တစ်ခွန်းတည်းသာ လွှတ်ခနဲ ပြောပြမိသည်။

ထိုစကားတစ်ခွန်း ရရှိလိုက်သောအခါ ဝူးဝမ်းစန်းက ကျေနပ်သွားလေသည်။ သူ့အဖို့ သဲလွန်စ ရရှိထားပြီမဟုတ်ပါလော။

* * *



ကျော်အောင်လှ က ဧရာနွေးကြမ်းအိုးချပြီး ထွက်သွားသောအခါ ဝူးဝမ်းစန်းသည် တစ်စုံတရာ ဝေဖန်သုံးသပ် မိလေသည်။

သူ၏သုံးသပ်ချက်မှာ....

ထိုမိန်းကလေး (၄)ယောက်နှင့် လူငယ်တို့မှာ တစ်ဖွဲ့တည်းက ဖြစ်ရမည်။ မည်သည့်အဖွဲ့ ဖြစ်သနည်း။

သူတို့သည် အဘယ်ကြောင့် မိမိ၏အဖွဲ့သားအား သတ်ပစ်ရသနည်း။ သူသည် ထိုလူများ၏ နောက်ကြောင်း ရာဇဝင်များ လေ့လာရမည်ဖြစ်သည်။

အမှန်တော့ သူသည် ဤနေရာသို့ ရောက်လာခြင်းမှာ လီယင်ချူးနှင့် ဆက်သွယ်ပြီးမှ မည်ကဲ့သို့ လှုပ်ရှားရမည်ကို ဆုံးဖြတ်ရပါမည်။

သို့သော် သူသည် လီယင်ချူးနှင့် မည်သို့မှ ဆက်သွယ်မှုမရဘဲ ပြတ်တောက်နေ၏။

နောက်ဆုံး သူသည် လီယင်ချူးမှာ တစ်စုံတစ်ခုနှင့် ရင်ဆိုင်နေရပြီဟု သုံးသပ်မိလေသည်။

* * *

အခန်းပြတင်းပေါက်၏ အပြင်ဘက်၌ ဥယျာဉ်ငယ်တစ်ခု ဖြစ်သည်။

သို့သော် ပြုပြင်ခြင်း မရှိသောကြောင့် မြက်ပင်များ အလေ့ကျအပင်များ ရှုပ်ထွေး၍နေ၏။

ဝူးဝမ်းစန်း၏ လက်သည် ပြတင်းပေါက် ဆောင်ပေါ်သို့ အားယူလိုက်သည်နှင့် သူ၏ ခန္ဓာကိုယ်သည် အပြင်သို့ရောက် သွားလေသည်။

ပိတ်နေသော ပြတင်းပေါက်တံခါးအား ဖွင့်ရန်မှာ ဝူးဝမ်း စန်းအဖို့ အလွန်လွယ်ကူသည့် ကိစ္စတစ်ရပ်ဖြစ်သည်။

သူသည် ပြတင်းပေါက်တံခါးဖွင့်ပြီး ချန်ရှူ၏အခန်းထဲသို့ ရောက်ရှိသွားလေသည်။

ဤကဲ့သို့ တည်းခိုခန်းမျိုးတွင် ဧည့်သည်များသည် အဖိုး တန်သော ပစ္စည်းများအား ထားခဲ့ကြမည် မဟုတ်ပါ။

ဝူးဝမ်းစန်းက ဤအခန်းထဲသို့ ဝင်ရောက်လာသည့် ရည် ရွယ်ချက်မှာ ထိုဧည့်သည်၏ အကြောင်းအရာများနှင့် ပတ် သက်သည့် သဲလွန်စများ ရလိုရငြားဖြစ်လေသည်။

ခေါင်းအုံးဖယ်ရှား၍ ကြည့်သည်။ သံသယဖြစ်ဖွယ်ရာ ပစ္စည်းများမတွေ့ပါ။ သူသည် အဝတ်အစားများ ပြန်လည် သိမ်းဆည်းသော အချိန်မှာပင် အခန်းတံခါး ပွင့်သွားသည်။

ချန်ရှူသည် ခြေလှမ်းလျင်မြန်စွာ အခန်းထဲသို့ လှမ်းဝင် လိုက်လေသည်။ ဝူးဝမ်းစန်းက ရပ်မြဲရပ်နေ၏။



ခြေလှမ်းမရွေ့, ခန္ဓာကိုယ်လည်း မလှုပ်ဘဲနေ၏။ အကယ်၍ သူက ရုတ်တရက်ထွက်ပြေးလျှင် အတိုက်အခိုက်ခံရမည်ကို သူက နားလည်သည်။

သူ၏ တည်ငြိမ်မှုအား ကြည့်လိုက်သည်နှင့် ဝူးဝမ်းစန်း သည် ထိပ်တန်းအဆင့် သိုင်းသမားတစ်ယောက် ဖြစ်သည်ကို အကဲခတ်နိုင်ပေသည်။

ချန်ရှူ၏ ဟန်မူရာအား ကြည့်လိုက်လျှင် သူသည် အခန်း တံခါးဖွင့်လိုက်တော့မှ သူ၏အခန်းတွင် တစ်စုံတစ်ယောက် ရောက်နေသည်ကို သိလိုက်ရခြင်းမဟုတ်။

အခန်းထဲ၌ တစ်စုံတစ်ယောက် ရောက်နေသည်ကို ပိုင်ရှင် ကျောအော်လျံထံမှ သတင်းရရှိထားဟန်ရှိသည်။

သူသည် အခန်းတံခါးတွန်းဖွင့်ပြီး အခန်းထဲသို့ လှမ်းဝင် လိုက်သည်နှင့် ခြေလှမ်းရပ်တန့်သွားလေသည်။

ဤသို့ဖြင့် သူတို့နှစ်ယောက် မည်သူမှ လှုပ်ရှားခြင်းမရှိကြ ဘဲ ရပ်လျက်နေကြသည်။

အတန်ကြာတော့မှ ဝူးဝမ်းစန်းက စတင် အသံထွက်လာ လေသည်။

'ဒီအခန်းက ခင်ဗျားငှားထားတဲ့ အခန်းလား'

ချန်ရှူက ခေါင်းညိတ်လိုက်သည်။

'ခင်ဗျားက ဘယ်သူလဲ'

ဝူးဝမ်းစန်းက နောက်သို့လှည့်လိုက်သည်။ သူ၏ ဟန်မူရာက တည်ငြိမ်လှသည်။

'ကျုပ်လဲ ညှော်သည်ပါပဲ၊ အခန်းမှားဝင်မိတာ ဖြစ်ရမယ်'

'အခန်းမှားဝင်တာ ဟုတ်လား'

ချန်ရှုက မျက်ခမှာင်ကြုတ်၍ မေးလိုက်သည်။

'ခင်ဗျားက အခန်းဝင်တာလဲ မှားတယ်'

ဝူးဝမ်းစန်းက....

'ဘာဖြစ်လို့'

ချန်ရှုက....

'ခင်ဗျား အခန်းတံခါးကနေ ဝင်လာတာမှ မဟုတ်ဘဲ၊ ပြတင်းပေါက်ကနေဝင်လာတာ၊ အဲဒါဘာသဘောလဲ'

ဝူးဝမ်းစန်းက သူ့အားကြည့်လိုက်သည်။

'ခင်ဗျားရဲ့နာမည်'

'ချန်ရှု'

'ခင်ဗျားက ပိရင်းဆိုတဲ့မိန်းကလေးကို သိလား'

ချန်ရှုက ရင်ထိတ်သွားသည်။

'ခင်ဗျားလာတဲ့ကိစ္စကို ပြောပါ'

ဝူးဝမ်းစန်းက ပြုံးလိုက်သည်။



'ကျုပ်က ပိရင်းဆိုတဲ့ နာမည်ကို ပြောပြနေမှတော့ ခင်ဗျားသဘောပေါက်ဖို့ ကောင်းပါပြီ'

ချန်ရှုက သူ့အား စေ့စေ့ကြည့်လိုက်သည်။

'ခင်ဗျားပြောစရာရှိရင် လိုရင်းကိုပြောပါ'

ဝူးဝမ်းစန်းက....

'ပိရင်းဆိုတာ ခင်ဗျားရဲ့ မိန်းမလား၊ ဒါမှမဟုတ်ရင် ညီမလား၊ ဒါမှမဟုတ်ရင် အဖွဲ့လား'

စကားများများပြောလျှင် အမှားပါတတ်သည်ဟု ရှေးပညာရှင် တစ်ဦးက ပြောခဲ့ဘူးသည်။

ယင်းစကားသည် အလွန်မှန်ကန်ပေသည်။ ဝူးဝမ်းစန်းက စကားများများ ပြောလိုက်သောကြောင့် ချန်ရှုသည် ဝူးဝမ်းစန်း၏ စကားကို ဝေဖန်သုံးသပ်လိုက်သောအခါ ပိရင်းသည် လျှို့ဝှက်ချက်များ ထုတ်ဖော်ပြောပြခြင်း မရှိသည်ကို မှန်ကန်စွာ ကောက်ချက်ချမိလေသည်။

သူသည် စိတ်သက်သာရာ ရသွားလေသည်။ ပိရင်း၏ အသက်မှာလည်း စိုးရိမ်စရာ မရှိသေးကြောင်း နားလည်လိုက်သည်။

သူက လေသံအေးသွားသည်။

'မိတ်ဆွေ သူကကျုပ်နဲ့ ဘယ်လိုပတ်သက်တယ်ဆိုတာ မေးမနေပါနဲ့တော့၊ သူ အခုဘယ်မှာလဲဆိုတာပဲ သိချင်တယ်'

ဝူးဝမ်းစန်းက ပြုံးလိုက်သည်။

'ငါတို့ အေးအေးဆေးဆေး ဆွေးနွေးဖို့ သင့်တယ်လို့ ထင်ပါတယ်'

ချန်ရှုက....

'သူက အသက်ရှင်နေသေးတယ်ဆိုရင် ဆွေးနွေးလို့ ရပါတယ်'

'စိတ်ချ၊ သူက အသက်ရှင်နေပါသေးတယ်'

ချန်ရှုက ကုလားထိုင်တစ်လုံးပေါ်သို့ ထိုင်ချလိုက်သည်။ သူသည် အခြားကုလားထိုင်တစ်လုံးအား ညွှန်ပြလိုက်သည်။

'ထိုင်ပါ'

ဝူးဝမ်းစန်းက ထိုင်ချလိုက်သည်။

ချန်ရှုက ပြုံး၍ -

'ဒါနဲ့ မိတ်ဆွေက လီယင်ချူးဆိုတဲ့ ပုဂ္ဂိုလ်တစ်ယောက်ကို သိကျွမ်းသလား'

ထိုစကားသည် ဝူးဝမ်းစန်း၏ ရင်ဘတ်ထဲသို့ မြွေတစ်ကောင် တိုးဝင်သွားသည့်အလား သူ၏ခန္ဓာကိုယ်သည် အနည်းငယ် တုန်ခါသွားသည်။

သူသည် အတန်ကြာတော့မှ....

'သူက ဘာဖြစ်သလဲ'



ချန်ရှုက ပြုံး၍တုံ့ပြန်လိုက်သည်။

'သူမသေသေးပါဘူး'

ဝူးဝမ်းစန်း၏ မျက်နှာပေါ်တွင် စိတ်အေးသွားသည့် ဟန်မူရာများ ပေါ်လွင်လာသည်။

'ခင်ဗျား ဘယ်လိုအစီအစဉ်ရှိသလဲ'

ချန်ရှုက စကားတစ်လုံးချင်း ပြောချလိုက်သည်။

'လူချင်းဖလှယ်ကြတာပေါ့'

ဝူးဝမ်းစန်းက....

'ကျုပ်ကတော့ သိပ်မယုံချင်ဘူး'

'ဘာဖြစ်လို့လဲ'

ဝူးဝမ်းစန်းက သူ့အား သေချာစွာကြည့်လိုက်သည်။

'လီယင်ချူးလိုလူမျိုးကို မိတ်ဆွေလို ငယ်ရွယ်တဲ့လူက....'

ချန်ရှုက ပြုံးလိုက်သည်။

'အသက်အရွယ်နဲ့ မဆိုင်ပါဘူး'

သူက သူ၏နားထင်အား လက်ညှိုးဖြင့် ထောက်ပြလိုက်သည်။

'ခေါင်းရှိဖို့ အရေးကြီးတယ်'

ဝူးဝမ်းစန်းက လက်မထောင်လိုက်သည်။

'ကောင်းပြီ၊ ကျုပ်လက်ခံတယ်၊ ဒါနဲ့ ဘယ်လိုဖလှယ်ကြမလဲ'

ချန်ရှုက....

'ပိရင်း အခုဘယ်မှာလဲ'

ဝူးဝမ်းစန်းက....

ဝမ်းဘွားဘွားဆွမှာပဲ ရှိသေးတယ်'

ချန်ရှုက....

'သူ့ဆီကို ကျုပ်ကိုအရင်ခေါ်သွားပြပါ၊ ပြီးတော့ကျုပ်က ခင်ဗျားကို လီယင်ချူးဆီ ခေါ်သွားမယ်၊ ပြီးရင် လူချင်းလဲကြတာပေါ့'

သူက သတိပေးလိုက်သည်။

'ကတိမဖျက်နဲ့၊ ပရိယာယ်မသုံးနဲ့'

ဝူးဝမ်းစန်းက ခေါင်းညိတ်လိုက်သည်။

'ကောင်းပြီ၊ ကျုပ်လက်ခံတယ်'

ဖလှယ်ခြင်း

ချန်ရှုသည် မီးပုံးအိမ်လမ်းသို့ ရောက်ရှိပြီးနောက် ကြိုတင်စီမံထားသည်။

စီမံချက်အတိုင်း လုပ်ငန်းများအား တစ်လှမ်းပြီးတစ်လှမ်း လှုပ်ရှားခဲ့သည်။ သူ၏လှုပ်ရှားမှုများမှာလည်းအောင်မြင်လျက်ရှိသည်။

ယခုမှာမူ ပိရင်း၏ ခြေချော်လက်ချော် ဖြစ်လာသောကြောင့် သူ၏ခြေလှမ်းသည် ဆူးငြောင့်ခလုတ်နှင့် တိုက်မိရလေသည်။

ဤသည် သူ၏ အခက်အခဲတစ်ခု ဖြစ်လာလေသည်။ ကံကောင်းသည်မှာ လီယင်ချူးအား မိမိက အနိုင်ရရှိထား၍ လူချင်းဖလှယ်နိုင်ခွင့် ရရှိခဲ့လေသည်။

သို့သော် သူက စိုးရိမ်မိသည်မှာ မိမိတို့မှာ မည်သူမည်ဝါ ဖြစ်သည်၊ ဤမီးပုံးအိမ်လမ်းသို့ လာရောက်လှုပ်ရှားသည်။

လျှို့ဝှက်ချက်များ ပေါက်ကြားသွားလျှင် မိမိ၏လုပ်ငန်း တစ်ခုလုံးမှာ ပျက်စီးသွားနိုင်သည် မဟုတ်ပါလော....

* * *

ချန်ရှုသည် ပိရင်းအား မြင်တွေ့လိုက်ပြီ ဖြစ်လေသည်။

သူမသည် ဒဏ်ရာများမရှိဘဲ ပကတိကောင်းမွန်နေသည်ကို တွေ့ရသည်။ သို့သော်သူမ၏မျက်နှာပေါ်၌ ဖြစ်ပေါ်နေသော ဟန်မူရာက သူမမှာ ညှဉ်းပန်းနှိပ်စက်ခြင်း ခံခဲ့ရသည်ဟု ဖော်ပြနေ၏။

မည်သည့်မိန်းကလေးမျိုးမဆို ညှဉ်းပန်းနှိပ်စက်မှုဒဏ်အား ခံနိုင်ရည်ရှိကြမည် မဟုတ်ပေ။

ဝူးဝမ်းစန်းက....

'မိတ်ဆွေ ခင်ဗျားလူဒီမှာ၊ ကျုပ်ကသူ့ရဲ့ ဆံပင်မွေးတစ်ချောင်းမှ မထိဘူး၊ ကဲ လီယင်ချူးဆီကို သွားကြမယ်၊ ပြီးရင် လူချင်းဖလှယ်ကြမယ်'



ချန်ရှုက ပါးစပ်ပိတ်ထားသည်။ သူက ကတိဖျက်လို၍ မဟုတ်ပါ၊ သူသည် ကျောင်းပျက်မှ ထွက်လာစဉ်တုန်းက လုံမေအား လျှို့ဝှက်တာဝန်တစ်ခု ပေးခဲ့သည်။

အကယ်၍ လုံမေက သူပေးထားသော တာဝန်အတိုင်း ဆောင်ရွက်ပြီးပါက လီယင်ချူးသည် ကျောင်းပျက်ထဲ၌ ရှိနေမည် မဟုတ်တော့ပါ။

ထို့ကြောင့် သူသည် မည်ကဲ့သို့ ဆက်လုပ်ရမည်ကို စဉ်းစားနေခြင်း ဖြစ်သည်။

ဝူးဝမ်းစန်းက စိတ်မရှည်နိုင်တဲ့ ဖြစ်လာသည်။

'မိတ်ဆွေသွားမယ်'

ချန်ရှုက ရုတ်တရက် မေးလိုက်သည်။

'မိတ်ဆွေ့ရဲ့နာမည်'

'ဝူးဝမ်းစန်း'

'ဒီနာမည်ကို မကြားဖူးဘူး'

'အခုတော့ ကြားဖူးပြီ မဟုတ်လား'

'ဟုတ်တယ်၊ ဒါပေမယ့် ကတိတည်ပါ့မလား၊ ကတိမတည်ရင် ကျုပ်အထိနာမှာကို စိုးရိမ်ရတယ်'

'ခင်ဗျားအ ဘာတွေပြောနေတာလဲ၊ လီယင်ချူးလို သိုင်းအကျော်အမော် တစ်ယောက်ကိုတောင် အမိဖမ်းထားနိုင်တာ ခင်ဗျားက ဘယ်လိုလူစားမျိုးဆိုတာ ထင်ရှားနေပါတယ်'

'ခင်ဗျား သိပ်အထင်ကြီးသွားတာကိုး'

'နို့မဟုတ်လား'

'ဟုတ်တိုင်းမှန်ရာ ပြောရမယ်ဆိုရင် လီယင်ချူးက ကျုပ်ကို အထင်သေးမိလို့ အငိုက်မိသွားတာ၊ နို့မဟုတ်ရင် သူကလက်တစ်ဖက်နဲ့ ကျုပ်ကို အသာလေး အနိုင်ရနိုင်တယ်ဗျာ'

ဝူးဝမ်းစန်းက မျက်မှောင်ကြုတ် ကြည့်လိုက်သည်။

'ခင်ဗျားက ဘာပြောချင်လို့လဲ'

ချန်ရှုက....

'လူချင်း ဖလှယ်တဲ့နေရာမှာ ခင်ဗျားတစ်ယောက်တည်းပဲ လိုက်ပါ၊ ဒါမှ ကျုပ်စိတ်ချမယ်'

ဝူးဝမ်းစန်းက....

'ခင်ဗျား ဘာတွေ အကြံထုတ်ဦးမလို့လဲ'

'အကြံထုတ်တာ မဟုတ်ဘူး၊ ခင်ဗျားတို့ လူများရင် တော်ကြာ လူမလဲဘဲ လီယင်ချူးကို အတင်းလုသွားရင် ဘယ့်နှယ်လုပ်မလဲ'

'ကျုပ်က ဒီလိုလူစားမျိုး မဟုတ်ဘူးကွ'



'ဟုတ်ပါတယ်၊ ဘာပဲဖြစ်ဖြစ် ကျုပ်က စိတ်မချလို့ပါ'

ဝူးဝမ်းစန်းက အနည်းငယ်စဉ်းစားလိုက်သည်။

'ကောင်းပြီလေ'

သူသည် သူ၏လူများအား လက်တစ်ချက် ဝှေ့ယမ်းပြလိုက်သည်။

'မင်းတို့သွားတော့'

သူ၏ တပည့်တစ်ယောက်က စိတ်မချသော အကြည့်ဖြင့် ချန်ရှုအား ကြည့်လိုက်ပြီး ဝူးဝမ်းစန်းအား....

'ဆရာ....သူ့စကားကို မယုံရင် ကောင်းမယ်ထင်တယ်'

ဝူးဝမ်းစန်းက....

'ကျုပ်နားလည်တယ် မင်းသွားတော့'

သူ၏လူများသည် ဦးညွှတ် အလေးပြုပြီး ထွက်ခွာသွားကြလေသည်။

* * *

ယခု....

ချန်ရှုက ရှေ့ဆုံးမှ လျှောက်နေ၏။

ပိရင်းက အလယ်၌လိုက်နေ၏။ ဦးဝမ်းစန်းက နောက်ဆုံးမှ လိုက်နေလေသည်။ သူတို့သည် ရေနွေးတစ်အိုးကျက်ခန့် အချိန် လျှောက်လာမိသောအခါ....

တိမ်ဖြူ ကျောင်းအား မြင်တွေ့လိုက်ရပြီ ဖြစ်လေသည်။ ဦးဝမ်းစန်းက စိတ်မရှည်နိုင်တော့ဘဲ အော်မေးလိုက်သည်။

'မိတ်ဆွေ ငါ့ကိုဘယ်အထိ ခေါ်သွားမှာလဲ'

'ရှေ့မှာ ရောက်ပါပြီ'

ချန်ရှုက တိမ်ဖြူကျောင်းအား လက်ညှိုးထိုးပြလိုက်သည်။

ဦးဝမ်းစန်းက....

'တိမ်ဖြူကျောင်းက ဟုတ်လား'

'ဟုတ်တယ်'

ဦးဝမ်းစန်းက....

'ကျုပ်ကြိုတင်သတိပေးပါရစေ၊ အူကြောင်ကြောင်လုပ်ရင် ဟဲ....ဟဲ ခင်ဗျားမိန်းမ ဒုက္ခရောက်သွားမယ်'

ချန်ရှုက စကားမပြောဘဲ ဆက်၍လျှောက်သွား၏။ မကြာမီ သူတို့သည် တိမ်ဖြူကျောင်းရှေ့သို့ ရောက်ရှိလာလေသည်။

တိမ်ဖြူကျောင်း၏တံခါးသည် ပွင့်နေ၏။ ချန်ရှုက လှမ်းဝင်လိုက်သည်နှင့် ဦးဝမ်းစန်းက လိုက်၍ လှမ်းဝင်လိုက်လေသည်။



ချန်ရှုက နောက်သို့ လှည့်လိုက်သည်။

'ခင်ဗျားတို့ ဒီမှာ ခဏစောင့်နေကြပါ'

ဦးဝမ်းစန်းက....

'ခင်ဗျား ဘယ်သွားမလို့လဲ'

'ကျုပ်က လီယင်ချူးကို သွားခေါ်မလို့'

'ကျုပ်ကို ဘာဖြစ်လို့ ခေါ်မသွားတာလဲ'

'အကြောင်းရှိလို့ပေါ့ဗျာ'

'ကောင်းပြီလေ၊ မြန်မြန်ပြန်လာ'

'စိတ်ချ'

သူသည် ပြောပြီးအတွင်းဘက်သို့ဝင်သွားသည်။ဘုန်းတော်ကြီးက လဲလျောင်းနေသည်ကို တွေ့ရသော်လည်း လီယင်ချူးအား မတွေ့ရတော့ပေ။

သူသည် ရင်ထဲ၌ ထိတ်လန့် တုန်လှုပ်သွားသည်။ မလှုပ်မယှက် ကြောင်အမ်းအမ်းဖြင့် ရပ်နေလေတော့သည်။

*　　*

လီယင်ချူး မသေသေးပါ။

သို့သော် ဒဏ်ရာများဖြင့် မချိမဆံ့ ခံနေရသည်။

ထို့ပြင် သူထွက်ခွာလာခဲ့စဉ်တုန်းက သတိမေ့နေသေး၏။ ယခုကဲ့သို့ တိုတောင်းသော အချိန်တွင် သူသည် တစ်ယောက်တည်းနှင့် ထွက်ခွာသွားနိုင်မည် မဟုတ်ပါ။

ဤသို့ဆိုလျှင် လီယင်ချူး အဘယ်ကြောင့် ပျောက်ကွယ်သွားပါသနည်း။ တစ်ယောက်ယောက်က သူ့အား ကယ်ယူခေါ်ထုတ်သွားခြင်း ဖြစ်ရမည်။

ထိုသူသည် မည်သူဖြစ်နိုင်မည်နည်း။ သူသည် အခက်ကြုံနေရပြီဖြစ်သည်။ ဝူးဝမ်းစန်းက စောင့်နေ၏။ သူ မည်ကဲ့သို့ ဖြေရှင်းရမည်နည်း။

ဤပြဿနာအား ဖြေရှင်းနိုင်သည့် အကောင်းဆုံးနည်းမှာ ဝူးဝမ်းစန်းကိုပါ အလဲထိုးရန် ဖြစ်သည်။

သူသည် ယင်းသို့ တွေးမိလိုက်သည်နှင့် ဝင်းနံရံဘက်သို့ ပြေးလွှားသွားသည်။ နံရံပေါ်သို့ခုန်တက်ပြီး အပြင်သို့လွှားခနဲ ခုန်ချလိုက်လေသည်။

ပြီးနောက် ခြေသံမကြားစေရန် သတိကြီးစွာဖြင့် ကျောင်းရှေ့သို့ ပြန်ပတ်လာလေသည်။

သူသည် ကျောင်းထဲသို့ အသာကလေးလှမ်းဝင်လိုက်သည်။ ဝူးဝမ်းစန်းသည် အတွင်းခန်းဘက်သို့ လှမ်းမျှော်ကြည့်နေသည်ကို တွေ့မြင်လိုက်သည်။



သူသည် ဝူးဝမ်းစန်းနောက်မှ ခုန်အုပ်တိုက်ခိုက်ရန် အနီးသို့ ချဉ်းကပ်သွားသည်။ သူသည် ဝူးဝမ်းစန်းနှင့် ခြေလှမ်း (၃၀)ခန့်မျှသာ ကွာဝေးတော့သည်။

သူ၏ခြေလှမ်းသည် တဖြည်းဖြည်း ချဉ်းကပ်သွားသည်။ ဝူးဝမ်းစန်းက သူ့အားကျောပေး၍ အတွင်းခန်းသို့ မျှော်၍ ကြည့်နေဆဲ....

ယခု သူသည် ဝူးဝမ်းစန်းနှင့် ခြေလှမ်း(၁၀)လှမ်းမျှသာ ကွာတော့သည်။ သူသည် ခုန်အုပ်ရန် ဟန်ပြင်လိုက်သည်။

'ရပ်လိုက်'

ရုတ်တရက် သူ့နောက်တွင် လူတစ်ယောက်က အော်လိုက်သောအသံ ထွက်ပေါ်လာသည်ကို ကြားလိုက်သည်။

သူက ရင်ထိတ်သွားသည်။ ချာခနဲ နောက်သို့ လှည့်ကြည့်လိုက်သည်။ ဝူးဝမ်းစန်းနှင့် ပီရင်းတို့ကလည်း နောက်ပြန်လှည့်ကြည့်လိုက်သည်။

ကျောင်း၏ အဝင်တံခါး တည့်တည့်တွင် လူတစ်ယောက် ရပ်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

သူ၏လက်ထဲတွင် အရောင်တလက်လက်နှင့် ဓားတစ်လက် ကိုင်ထားသည်။ ချန်ရှုသည် ထိုလူအား မမျှော်လင့်ဘဲ တွေ့မြင်လိုက်ရသောအခါ အံ့ဩတုန်လှုပ်သွားသည်။

ဝူးဝမ်းစန်းက ဝမ်းသာသွားသည်။

'ဟင်....လီယင်ချူး'

ဟု အားရပါးရ အော်ခေါ်လိုက်လေသည်။

ထိုအချိန်မှာပင် ပီရင်းက လှုပ်ရှားလိုက်သည်။ သူမသည် ဝူးဝမ်းစန်းခါးမှာ ချိတ်ထားသော ဓားကို ဆွဲထုတ်လိုက်သည်။

နောက်သို့ တစ်လှမ်းလှမ်း၍ ဆုတ်လိုက်သည်။ သူမ၏ဓားသည် ဝူးဝမ်းစန်း၏ ရင်ဝ၌ ထောက်ထားသည်။

'ရှင်ဘာမှ မလှုပ်နဲ့'

လီယင်ချူးက လုံးဝမမှုပဲ ပီရင်းအား ကြည့်လိုက်သည်။

'မင်းက ဘာလုပ်တာလဲ'

ပီရင်းက....

'ရှင်က ရှေ့တိုးလာရင် ကျွန်မသူ့ကို သတ်လိုက်မယ်'

လီယင်ချူးက ရယ်မောရင်း သူမထံ လျှောက်လာသည်။ သူကပြုံး၍ လက်နှစ်ဖက် မြှောက်ပြလိုက်သည်။

'ခင်ဗျား သတ်ချင်တဲ့စိတ်ရှိရင် သဘောပါပဲ'

ဝူးဝမ်းစန်းက မျက်မှောင်ကြုတ်၍ သူ့အားကြည့်လိုက်သည်။ လီယင်ချူး၏ တစ်ကိုယ်လုံးမှာ အဝတ်များ စည်းထားသည်။



'မင်းဘယ့်နှယ်နေလဲ'

လီယင်ချူးက ပြုံးလိုက်သည်။

'မသေနိုင်သေးပါဘူး'

ချန်ရှသည် လီယင်ချူးအား မသတ်ဘဲ ထားခဲ့သည်ကို နောင်တကြီးစွာ ရလာလေသည်။

သို့သော် သူသည် လီယင်ချူး၏ အရှုံးမပေး အနိုင်မခံသော စိတ်အား ကြိုက်၍ ချီးကျူးမိလေသည်။

လီယင်ချူးက ပီရင်းအား အော်လိုက်သည်။

'မင်းရဲ့ဓား ချလိုက်'

ပီရင်းက မဲ့ပြုံးပြုံးလိုက်သည်။

'မချဘူး'

လီယင်ချူးက ဝူးဝမ်းစန်းအား ပြုံးပြလိုက်သည်။

'သူက ဓားကိုမချဘူး၊ အဲဒီတော့ ကျုပ်လဲဘာမှ မတတ်နိုင်ဘူး'

'ရပါတယ်'

ဝူးဝမ်းစန်း၏ စကားဆုံးသွားသည်နှင့် သူ၏ခန္ဓာကိုယ် တစ်ချက် ရွေ့လျားလိုက်သည်။

သူ၏လက်တစ်ဖက်သည် ပီရင်း၏ဓားအား လုယူလိုက်လေသည်။ ပီရင်းသည် မည်သို့မျှပင် လှုပ်ရှားခြင်းမပြုမီ မိမိ၏ဓား

သူများလက်ထဲသို့ ပါသွားသည်ကို တွေ့ရသဖြင့် အလိုလို ထိတ်လန့်သွားလေသည်။

ဝူးဝမ်းစန်းက ဓားအားချိုးလိုက်သည်။

'ချွမ်'

ဓားသည် ထက်ပိုင်းကျိုးသွားလေသည်။

သူက ဓားကျိုးအား လွှင့်ပစ်လိုက်သည်။ သူက ပိရင်းအား မော့ကြည့်လိုက်သည်။

'မင်းဘာလုပ်ချင်သေးလဲ'

ပိရင်းက ဒေါသချောင်းချောင်းထွက်လာပြီး....

'ရှင့်ကို သတ်ချင်တယ်'

သူမ၏ လက်ဝါးနှစ်ဖက်ဖြင့် တိုက်ခိုက်လိုက်သည်။

သူမ၏သိုင်းပညာ မညံ့ပါ။ အထူးသဖြင့် သူမ၏ လီပ်ပြာလက်ဝါးသည် ရန်သူများအား အကြိမ်ကြိမ် အနိုင်ယူခဲ့လေသည်။

သို့သော် ဝူးဝမ်းစန်းသည် ခေသူတစ်ယောက် မဟုတ်၊ ထိပ်သီး သိုင်းပညာရှင်တစ်ယောက် ဖြစ်သည်။

အတွေ့အကြုံလည်း ရင့်ကျက်ပြီးသူ ဖြစ်သည်။ ထို့ကြောင့် သိုင်းကွက် (၁၀) ကွက်မျှနှင့် အသာစီး ရလာလေသည်။



ချန်ရှူသည် ပိရင်းမှာ အခြေအနေ မဟန်မှန်း သိလိုက်သဖြင့်....

'ရပ်လိုက် ပိရင်း'

သူက လှမ်း၍ ဟန့်တားလိုက်လေသည်။ ပိရင်းသည် ဝူးဝမ်းစန်း၏ တိုက်ခိုက်မှုအား ခံနိုင်ရည်မရှိတော့ဘဲ ဖြစ်နေသည်။

ချန်ရှူ၏ အမိန့်ကြားလိုက်ရသောအခါ နောက်သို့ဆုတ်၍ ရပ်တန့်လိုက်သည်။ ဘုမသိဘမသိ စတင်လာသော တိုက်ပွဲသည် ဘုမသိဘမသိသော အခြေအနေတွင် ဘုမသိဘမသိ ရပ်တန့်သွားရလေသည်။

* * *

ပိရင်းသည် ချန်ရှူနှင့် ပခုံးချင်းယှဉ်၍ ရပ်လိုက်သည်။

ဝူးဝမ်းစန်းသည် လီယင်ချူးထံသို့ လျှောက်သွားသည်။ သူတို့သည်မည်သူကမှ စကားတစ်ခွန်းမှ မပြောဘဲ ရပ်လျက်နေကြသည်။

အတန်ကြာတော့မှ လီယင်ချူးက စကားအစ်လိုက်လေသည်။

'ခင်ဗျား ပြောပြဖို့ အချိန်တန်ပြီထင်တယ်'

ချန်ရှူက ပခုံးတစ်ချက် တွန့်လိုက်သည်။

'ကျုပ်က ဘာပြောပြရမှာလဲ'

လီယင်ချူးက....

'ခင်ဗျား မီးပုံးအိမ်လမ်းကို ဘာရည်ရွယ်ချက်နဲ့ ရောက်လာတာလဲ'

ချန်ရှူက....

'မဆိုးဘူး၊ ခင်ဗျားရဲ့မေးခွန်းဟာ ပြတ်သားတယ်၊ တိကျတယ်၊ ဒါပေမယ့် ကျုပ်လဲ စကားတစ်ခွန်း မေးချင်သေးတယ်'

'မေးပါ'

'ခင်ဗျားရဲ့နောက်မှာ ရှိနေတဲ့ ပုဂ္ဂိုလ်ဟာ ဘယ်သူလဲ'

'ကျုပ်မေးတာနဲ့ ဆိုင်လို့လား'

'ဆိုင်တာပေါ့၊ ကျုပ်က အဆုံးအဖြတ် ပေးပိုင်ခွင့်မရှိတဲ့ လူနဲ့ စကားမပြောချင်ဘူး'

'ခင်ဗျားရဲ့မေးခွန်းကိုအဖြေမပေးခင် ကျုပ်ကလဲ မေးခွန်းတစ်ခု မေးရဦးမယ်'

'မေးပါ'



'ခင်ဗျား မီးပုံးအိမ်လမ်းကိုလာခဲ့တာ၊ ဘယ်သူကို ရည်ရွယ်ထားပြီး လာခဲ့တာလဲ'

'ကျုပ်မပြောလဲ ခင်ဗျား နားလည်ပါတယ်'

'နားလည်တာလား၊ ဒါဆိုရင် ကျုပ်နောက်က ပုဂ္ဂိုလ် ဘယ်သူလဲဆိုတာ ခင်ဗျားလဲ နားလည်ပြီးသားပါ'

'ဟိုက်'

လီယင်ချူး၏စကားကြောင့် ချန်ရှူက ပါးစပ်ပိတ်ထားရလေသည်။ လီယင်ချူးက စကားဆက်လိုက်သည်။

'ခင်ဗျားဟာ ကျုပ်လူနဲ့ ရန်ငြိုးလဲမရှိဘူး၊ တစ်ယောက်နဲ့ တစ်ယောက် သိတောင်မသိကြဘူး၊ ဒါကြောင့် အခုလိုလုပ်နေတာ သူများရဲ့ ခိုင်းစေချက်ဖြစ်တယ်ဆိုတာ ထင်ရှားနေပါတယ်'

သူသည် ချန်ရှူအား စိုက်ကြည့်လိုက်သည်။

'ဒါကြောင့် မမေးတော့ပါဘူး၊ တစ်ခုပဲမေးမယ်၊ ဒီကိစ္စ ပြေလည်သွားအောင် ကျုပ်တို့က ငွေဘယ်လောက် ပေးရမလဲ'

ချန်ရှူက မျက်မှောင်ကြုတ်သွားသည်။

'ခင်ဗျားက ကျုပ်ကို သူတောင်းစားများ အောက်မေ့နေသလား'

'သူတောင်းစားဆိုရင် ကြေးပြားနှစ်ပြားလောက်ပဲ ကုန်မယ်'

'ဒါဖြင့် ခင်ဗျားရဲ့ပုဂ္ဂိုလ်က ငွေဘယ်လောက် ပေးနိုင်မလဲ'

'ခင်ဗျားပြောပါ'

'ခင်ဗျားက သံမဏိလက်မောင်းလို့ အများကခေါ်ကြတယ်၊ ကျုပ်ကတော့ သံမဏိပါးစပ်ပါပဲ'

'ဘာကို ဆိုလိုတာလဲ'

'စကားပြောလိုက်ရင် ဘယ်တော့မှ အပြောင်းအလဲ မရှိဘူး'

'ကောင်းပြီ၊ ထမင်းဆိုင် ဖွင့်နေမှတော့ အစားကြီးတဲ့လူကို ကြောက်မနေဘူး၊ ပြောမှာသာပြောပါ'

'ကျုပ်ပြောမယ့် စကားက တစ်ခွန်းတည်းပါ'

ချန်ရှုသည် လီယင်ချူးအား စိုက်ကြည့်လိုက်သည်။

'ခင်ဗျားရဲ့ပုဂ္ဂိုလ်ကြီးကို မီးပုံးအိမ်လမ်းကနေ ထွက်သွားပါ၊ ဘယ်တော့မှ ပြန်မလာပါနဲ့လို့'

ဝူးဝမ်းစန်းက ဒေါသကို မထိန်းနိုင်တော့ဘဲ....

'တော်တော်မိုက်ရိုင်းတဲ့ စကားပါလား၊ သေချင်လို့နေတာတယ်'



လီယင်ချူးက လက်ကာပြလိုက်သည်။

'ခင်ဗျား ဘာမှမပြောပါနဲ့'

ဝူးဝမ်းစန်းက မကျေမနပ်ဖြင့် နောက်သို့ လှည့်သွားသည်။

လီယင်ချူးက....

'ထမင်းကို ဝအောင် စားလို့ရတယ်၊ စကားကို ကုန်အောင် မပြောသင့်ဘူးဗျာ'

'ကျုပ်ပြောပြီးသားပါ၊ သံမဏိပါးစပ်လို့'

'ထားပါတော့လေ၊ ကျုပ်ပြောမယ် စဉ်းစားပါ'

သူသည် လက်ချောင်းသုံးချောင်း ထောင်ပြလိုက်သည်။

'ရွှေချောင်း (၃၀)'

ချန်ရှုက အံ့သြသွားသည်။

မီးပုံးအိမ်လမ်းသည် ကြီးကျယ်သော မြို့ကလေးတစ်မြို့ မဟုတ်ပါ၊ စီးပွားကလည်း အလွန်ကောင်းသော မြို့ကလေး မဟုတ်ပါ။

ယခု လီယင်ချူးက ရွှေချောင်း (၃၀) ပေးမည်ဟု ပြောလာသောအခါ သူ့အဖို့ မယုံကြည်နိုင်လောက်အောင် အံ့သြသွားခြင်း ဖြစ်သည်။

'ဘယ့်နှယ့်လဲ၊ သဘောတူရဲ့လား'

ချန်ရှုက ပရိယာယ် ဆင်လိုက်ရလေသည်။

'ဝမ်းနည်းပါတယ်'

လီယင်ချူးက....

'ဘာဖြစ်လို့လဲ'

ချန်ရှုက လက်ချောင်း သုံးချောင်း ထောင်ပြလိုက်သည်။

လီယင်ချူးက....

'သူလဲ ရွှေအချောင်း(၃၀)ပေးတယ် ဟုတ်လား'

ချန်ရှုက....

'မဟုတ်ဘူး၊ ငွေဒင်္ဂါးသုံးသောင်း ပေးတာ၊ ရွှေချောင်း ဝယ်ရင် အချောင်း(၃၀)မက ရမယ်'

လီယင်ချူးက....

'ကျုပ်မယုံဘူး'

ချန်ရှုက....

'ဘာဖြစ်လို့လဲ'

လီယင်ချူးက....

'မီးပုံးအိမ်လမ်းမှာ ဒါလောက် ပေးနိုင်မယ့်လူ မရှိနိုင်ဘူး'



ချန်ရှုက ပြုံးလိုက်သည်။

'ခင်ဗျားလူကကော ဘာကြောင့် ပေးနိုင်သလဲ'

လီယင်ချူးက ခေါင်းခါယမ်းလိုက်သည်။

'အခြေအနေက လုံးဝမတူနိုင်ပါဘူး'

'ဒါက အရေးမကြီးဘူး၊ အရေးကြီးတာက ကျုပ်ကတော့ လုပ်စရာရှိတာတွေ လုပ်နေဦးမှာပဲ'

သူက စကားဆက်လိုက်သည်။

'ကျုပ်ဟာ သံမဏိပါးစပ်လို့ ပြောပြထားပါတယ်၊ ခင်ဗျားလူကို မီးပုံးအိမ်လမ်းကနေ မောင်းမထုတ်မချင်း ဆက်ပြီး လုပ်မှာပဲ'

ဝူးဝမ်းစန်းက စိတ်မရှည်နိုင်တော့ပါ။ သူသည် ချန်ရှုအား တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

'စကားနဲ့မှအဆင်မပြေရင် လက်သီးနဲ့ပဲ ဖြေရှင်းဖို့ပဲ ကျန်တော့တယ်'

လီယင်ချူးက ဟန့်တားလိုက်သည်။

'မလုပ်နဲ့ ဝူးဝမ်းစန်း'

ဝူးဝမ်းစန်းက မကျေနပ်သော်လည်း လီယင်ချူးအား မလွန်ဆန်ဝံ့သဖြင့် ရပ်လိုက်ရလေသည်။

သူသည် ချန်ရှူအား လက်နှစ်ဖက်ကို ဆုပ်၍....

'မိတ်ဆွေ....သိုင်းလောကဟာအလွန်ကျဉ်းမြောင်းပါတယ်၊ ဒီတစ်ကွေ့မှာမတွေ့ရင် နောက်တစ်ကွေ့မှာ တွေ့စမြဲပါပဲ၊ အဲဒါကို ခင်ဗျားသဘောပေါက်ဖို့ လိုလိမ့်မယ်'

သူက စကားဆက်လိုက်သည်။

'ဝူးဝမ်းစန်း တို့သွားကြမယ်'

ဝူးဝမ်းစန်းက ခြေလှမ်းပြင်လိုက်ရာ ပိရင်းက သူ့ရှေ့တွင် ရပ်တန့်လိုက်သည်။

'ရှင်မသွားရဘူး'

ဝူးဝမ်းစန်းက ပြုံးလိုက်သည်။

'မင်းက လက်စားချေမလို့ ဟုတ်လား'

'ဟုတ်တယ်'

'မင်း နုပါသေးတယ်'

လီယင်ချူးက ပိရင်းထံသို့ လျှောက်လာသည်။

'ဒီမှာမိန်းကလေး၊ မင်းနဲ့ ငါတို့ဟာ ရန်သူတွေဖြစ်ကြတယ်၊ ဒါကြောင့် ဝူးဝမ်းစန်းက မင်းကို ရန်သူလိုသဘောထားပြီး ဆက်ဆံခဲ့တာ၊ တကယ်လို့ ငါတို့ဟာ မိတ်ဆွေဖြစ်သွားတဲ့ တစ်နေ့ကြရင် မင်းခံရတာတွေကို ငါတို့ဘာ ဘယ်လို



ပေးလျော်ရမယ်ဆိုတာစဉ်းစားပါ့မယ်၊ ဒါဟာ သိုင်းလောကရဲ့ စည်းကမ်းပါပဲ'

ပိရင်းသည် လီယင်ချူး၏စကားမှာ မှန်ကန်သည်ကို တွေ့ရသဖြင့် ချန်ရှူအား ကုန်းကြည့်လိုက်သည်။

ချန်ရှူက ခေါင်းညိတ်ပြလိုက်လေသည်။

'ဟုတ်ကဲ့၊ ပိရင်း....လမ်းဖယ်ပေးလိုက်ပါ'

ပိရင်းသည် မကျေမနပ်ဖြင့် လမ်းဖယ်ပေးလိုက်သည်။ ဝူးဝမ်းစန်းသည် ပိရင်းအား လှောင်ပြုံး ပြုံးလိုက်ပြီး လီယင်ချူးနှင့်အတူ ထွက်ခွာသွားလေသည်။

## ချင်းရှမ်းမင်းအဖွဲ့

ချန်ရှူသည် လီယင်ချူးတို့ ထွက်သွားသည်ကို ကြည့်နေ၏။

သူသည် လှုပ်လည်း မလှုပ်ပါ။ စကားလည်း တစ်ခွန်းမှ မပြောပါ။ ပိရင်းက သူ့အနီးသို့ လျှောက်သွားသည်။ အသံ တိုးတိုးဖြင့်....

'လီယင်ချူး ဒဏ်ရာရသွားတယ်၊ အစ်ကို့ လက်ချက် မဟုတ်လား'

'ဟုတ်တယ်'

'ဒါဖြင့် ကျွန်မတို့က သူတို့ကို အပြတ်ရှင်းဖို့ အခွင့်အရေး ရလိုက်သားပဲ၊ အစ်ကိုက သူတို့ကို ဘာကြောင့် လွှတ်လိုက်ရ တာလဲ'



'မင်း နားမလည်လို့ ဒီစကား ပြောနေတာ'

'အစ်ကို့ကို တစ်ခုခုမေးလိုက်ရင် မင်းနားမလည်လို့ ချည်း ဘဲ ပြန်ပြန်ပြောတယ်'

သူမ၏ မျက်ဝန်းအစုံတွင် နီရဲလာလေသည်။

'ကျွန်မ ဘယ်လောက် အနှိပ်စက် ခံလိုက်ရတယ်ဆိုတာ အစ်ကိုမှ မသိပဲ'

'ပိချင်း....'

ချန်ရှူ၏လေသံသည် အေးလျက်....

'ငါတို့ အခုလို မီးပုံးအိမ်လမ်းကို ရောက်လာတာ သူ့ရဲ ကောင်း လုပ်ဖို့ မဟုတ်ဘူးဆိုတာ သတိထားစေချင်တယ်'

'ဒါ ကျွန်မလဲ သိပါတယ်၊ ဒါပေမယ့် ကျွန်မကို'

ချန်ရှူက လက်ကာ၍ သူမ၏စကားအား ကြားဖြတ်လိုက် လေသည်။

'ပိရင်း....နင်.... ချင်းရှမ်းမင်းအဖွဲ့ ဝင်ခဲ့တဲ့အခါမှာ ဘာ တွေကို ဆရာက ပြောလိုက်သလဲ'

'ချင်းရှမ်းမင်းအဖွဲ့ရဲ့ စည်းကမ်းကို လိုက်နာရမယ်'

'နောက်ကော'

'အထက်ကပေးတဲ့အမိန့်ကို ပြန်မမေးရဘူး၊ တစ်သဝေမတိမ်း လိုက်နာရမယ်'

'ဟုတ်ပြီ၊ အခု ငါတို့တာဝန်ပေးလိုက်တဲ့ အခါမှာ ဆရာက ဘာမှာလိုက်သေးသလဲ'

'အမိန့်အတိုင်း တာဝန်ထမ်းဆောင်ရမယ်၊ ပုဂ္ဂိုလ်ရေးရဲ့ သေရေးရှင်ရေးနဲ့ ဂုဏ်သိက္ခာဆိုတာ မရှိရဘူး'

'နင်သိရင် ပြီးရော'

ပိရင်းသည် မိမိတို့လူစုသည် တောင်ပေါ်မှ ဆင်းလာမည့်အလား ဆရာဖြစ်သူက လေးလေးနက်နက် မှာကြားလိုက်ပုံများကိုလည်း တရေးရေး ပေါ်လာလေတော့သည်။

* * *

'ဒီကနေ့ဟာ နင်တို့ပထမဦးစွာ ချင်းရှမ်းမင်းအဖွဲ့ရဲ့ တာဝန်ကို ထမ်းဆောင်ရမှာ ဖြစ်ပါတယ်'

ဆရာ၏ လေးနက်တည်ကြည်သော အသံသည် လေထဲ၌ ဝဲပျံနေ၏။ အခုအဖွဲ့များ၏ ရင်ထဲသို့လည်း ရိုက်ခတ်လာသည်။

'ချင်းရှမ်းမင်းအဖွဲ့ရဲ့ တာဝန်ဟာ ချင်းရှမ်းမင်း အဖွဲ့ တစ်ဖွဲ့နှင့် သက်ဆိုင်တာ မဟုတ်ဘူး၊ တစ်မျိုးသားလုံးနဲ့ သက်ဆိုင်တယ်လို့ ပြောရင် ပိုပြီး မှန်ကန်ပါလိမ့်မယ်'



ပိရင်းသည် ဆရာမှာကြားသော စကားကို ပြန်လည် ကြားယောင်လာသည်။ မြင်ယောင်လာလေသည်။

* * *

စန်းတုံးနယ်သည် အလွန်ချမ်းသာသောနယ်မြေ မဟုတ်သော်လည်း ပဲပြောင်း ဂျုံစသည့် သီးနှံများသည် လှိုင်လှိုင်ပေါ်ကြွယ်ဝသော နယ်မြေတစ်ခု ဖြစ်သည်။

ပြည်သူများမှာလည်း ရိုးသားကြသည်။ အလုပ်များကို ကြိုးစား လုပ်ကိုင်ကြသည်။

ထို့ကြောင့် စန်းတုံးနယ်တွင် နေထိုင်ကြသော ပြည်သူများသည် အေးချမ်းသာယာသောဘဝများ ရရှိခဲ့လေသည်။

သို့သော် မန်ချူးတပ်များသည် စန်းတုံးနယ်သို့ ချဉ်းနင်းဝင်ရောက် လာသောအခါ အခြေအနေများသည် လုံးဝပြောင်းလဲသွားရပေသည်။

စန်းတုံးနယ်သို့ ဝင်ရောက်လာပြီး အုပ်ချုပ်သော မန်ချူးမှူးစားကြီးသည် အမျိုးသား သစ္စာဖောက် ထန်ကျန်နှင့်ပူးပေါင်းပြီး စန်းတုံးနယ်တစ်ခုလုံး ပြောင်းလဲသွားစေလေ၏။

မန်ချူးမြို့စားကြီး 'ထန်မု' သည် စန်းတုံးနယ်အား အပိုင်စား ရရှိလိုက်သောအခါ စန်းတုံးနယ်တွင် ပဲ-ဂျုံ-ပြောင်းစသည့်သီးနှံများသာ ထွက်ရှိနေသည်ကို တွေ့ရသဖြင့် သူ့အဖို့ ချမ်းသာကြွယ်ဝရန် လမ်းမရှိဟု စိတ်ဓာတ် ကျသွားလေသည်။

သူသည် ပြည်သူများထံမှ အကောက်အခွန် အမျိုးမျိုးကို မတရား ကောက်ယူသည်။ ပြည်သူများ၏ ဂျုံ-ပဲ-ပြောင်းစသည့် သီးနှံများ မတရားသိမ်းယူ၍ ရောင်းစားသည်။

သို့တိုင်အောင် ရရှိသောငွေပမာဏမှာ သူ၏မျှော်မှန်းထားသော အရေအသွေး မပိုပေ။

သူသည် စိတ်ပျက်နေစဉ် ထန်ကျန်ဆိုသူက သူ့ထံသို့ ရောက်ရှိလာလေသည်။

* * *

မြို့စားကြီးထန်မုသည် သူ၏ပဖိုင့်သော ခန္ဓာကိုယ်အား မြင်ထိုင်လိုက်သည်။ သူ၏ နံဘေးတွင် သေးငယ်သောစားပွဲ တစ်လုံးရှိသည်။



စားပွဲပေါ်၌ရေနွေးကြမ်းအိုးတစ်လုံး၊ ရေနွေးကြမ်းပန်းကန်လုံးများထားသော ရေဇလုံတစ်လုံး ရှိနေသည့်အပြင် ဝါးဆစ်ဖြင့် ပြုလုပ်ထားသော ပြောင်းတစ်လုံးပါရှိနေ၏။

ထိုပြောင်းတံမှာ တစ်ပေကျော်ကျော်ခန့် ရှည်သည်။ အလုံးမှာ ငွေဒင်္ဂါးပြားခန့်ရှိသည်။

ထိုဝါးပြောင်းသည် ဆီများဝပြီး ပြောင်း၏တစ်ဖက်တွင် ကျောက်စိမ်းနှင့် ငွေဖြင့်ကွပ်ထားသည်။

ကျန်တစ်ဖက်မှာမူ ဆေးတံကဲ့သို့ ဆေးအိုးတစ်လုံးတပ်ဆင်ထားသည်။ ပြောင်း၏နံဘေးမှာ ဖန်မီးအိမ်ငယ်တစ်လုံး ရှိသည်။

ထို့ပြင် ကြွေဘူးငယ်တစ်လုံးလည်း ရှိနေ၏။ မြို့စားကြီးထန်မုက စူးရှသောမျက်လုံးဖြင့် သူ့ရှေ့တွင် ဒူးထောက်၍ ခစားနေသော အသက်(၃၀)နီးပါးခန့်ရှိသော တရုတ်လူမျိုးတစ်ယောက်အား အကဲခတ်ကြည့်နေ၏။

'မင်းနာမည်က ဘယ်သူလဲ'

'ထန်ကျန်ပါ'

'ဘာလူမျိုးလဲ'

'ထန်လူမျိုးပါ'

'ဒါဖြင့် တရုတ်လူမျိုး စစ်စစ်ပေါ့'

'ဟုတ်ပါတယ်'

'မင်းက ငါ့ကို ချမ်းသာအောင်လုပ်နိုင်တဲ့ စီမံကိန်းတစ်ခု ရေးဆွဲထားတယ်လို့ တင်ပြထားတာကို ငါဖတ်ကြည့်ပြီးပြီ'

'ဟုတ်ကဲ့'

'မင်းရဲ့စီမံကိန်းဟာ မဆိုးဘူး၊ ဒါကြောင့် မင်းကိုငါခေါ်တွေ့တာ'

'ဟုတ်ကဲ့'

'ဒီစီမံကိန်းဟာ မင်းကရေးဆွဲတဲ့လူ၊ ဒါကြောင့် ဒီလုပ်ငန်းကို မင်းကပဲ ပိုပြီးကျွမ်းကျင်မယ်လို့ ငါယူဆမိတယ်'

'ဟုတ်ကဲ့ပါ မြို့စားကြီး'

'ကျုပ်က တာဝန်ပေးရင် မင်းက တာဝန်ယူနိုင်ပါ့မလား'

'ဟုတ်ကဲ့ပါ မြို့စားကြီး'

မြို့စားကြီးထန်မုက စားပွဲပေါ်မှာ ချထားသော ဝါးပြောင်းနှင့် ကြွေဘူးအား လက်ညှိုးထိုးပြလိုက်သည်။

'မင်းပို့လိုက်တဲ့ နမူနာကို ကျုပ်ကိုယ်တိုင် စမ်းကြည့်ပြီးပြီ တကယ်လဲ ကောင်းလှပါတယ်'

'ဟုတ်ကဲ့ပါ မြို့စားကြီး'

'မင်းရဲ့စီမံကိန်းထဲမှာ ပထမအဆင့်ကတော့ ပြည်သူတွေ ဘိန်းတဖြည်းဖြည်းစွဲလာအောင်ဘိန်းနဲ့ဘိန်းရှူတဲ့ဝါးပြောင်း



ကို တွင်တွင်ထုတ်ပေးရမယ်လို့ ပါတယ်၊ အဲဒါ မင်းမှာ အကြံရှိသလား'

'ဟုတ်ကဲ့၊ ရှိပါတယ်'

'ကောင်းပြီ၊ သူ့အတွက် သုံးငွေက ဘယ်လောက်လိုမလဲ'

'မများပါဘူး မြို့စားကြီး၊ စန်းတုံးနယ်တစ်နယ်လုံးအတွက် ငွေတစ်သောင်းလောက်ဆို လုံလောက်ပါပြီ'

'ဟုတ်ပြီ၊ ဘိန်းစိုက်ဖို့ကော ဘိန်းပင် ဘယ်ကရမှာလဲ'

'ဒီအတွက်မပူပါနဲ့၊ ကျွန်တော်မျိုး အားလုံး စီစဉ်ပေးပါ့မယ်'

မြို့စားကြီးထန်မုက အလွန်သဘောကျသွားသည်။

'တစ်နေ့ ငါအုပ်ချုပ်တဲ့ စန်းတုံးနယ်ဟာ ငါ့အတွက် ဝင်ငွေအကောင်းဆုံးနဲ့ အများဆုံးဖြစ်လာမှာ သေချာတယ်'

သူသည် အားရပါးရ ရယ်မောလိုက်သည်။

'ဟား....ဟား....ဟား'

ထန်ကျန်သည် သူ၏အကြံ မြို့စားကြီးက လက်ခံလာသည်ကို တွေ့လိုက်ရသဖြင့် ဝမ်းသာသွားလေသည်။

## ဘိန်းကုန်ကူးခြင်း

မြို့စားကြီး ထန်မုသည် ထန်ကျန်၏ အကြံများကို အကောင်အထည် ဖော်လိုက်လေသည်။

တစ်နှစ်အတွင်း စန်တုံးနယ်ပြည်သူများသည် ဘိန်းရှူသော လူပေါင်း သုံးချီးတစ်ချီးခန့် ရှိခဲ့လေသည်။

မြို့စားကြီးသည် ထန်ကျန်မှတစ်ဆင့် ဘိန်းကုန်ကူး၍ စီးပွားရှာခဲ့ရာ ချမ်းသာကြွယ်ဝလာလေသည်။

ဒုတိယနှစ် ရောက်ရှိလာသောအခါ ဂျုံ-ပဲ-ပြောင်းစသည့် သီးနှံများကို လုံးဝမစိုက်ရန် အမိန့်ထုတ်ပြီး ဘိန်းပင်များ စတင်စိုက်ပျိုးလိုက်လေသည်။



မသိနားမလည်သော ပြည်သူများသည် ဘိန်းပင်စိုက်ခြင်းမှာ ပို၍ ငွေရသည်ဟု မက်၍ ဘိန်းပင်ကိုသာ အားကြိုးမာန်တက် စိုက်ပျိုးကြသဖြင့် ပဲ-ပြောင်း-ဂျုံ စသည့် စားနပ်ရိက္ခာများ ပြတ်လပ်ရှားပါး လာလေသည်။

ထိုအခါ မြို့စားကြီးထန်မုသည် အခြားနယ်မှ ဂျုံ၊ ပြောင်း ပဲ စသည်များကို သယ်ယူ၍ ဈေးကြီးကြီး ရောင်းချပြန်ရာ သူသည် အမြတ်များ မတရားသဖြင့် ရရှိလာလေသည်။

ပြည်သူများမှာမူ တစ်နေ့တခြား အငတ်ဘေးနှင့် ရင်ဆိုင်လာရလေသည်။ မြို့စားကြီးက ပဲ၊ ပြောင်း၊ ဂျုံစသည့် စားကုန်များအား ဈေးအဆမတန်တင်၍ ရောင်းသည်။

ဘိန်းများအား ဈေးနှိမ်၍ ပယ်သည်။ ငါးနှစ်ကြာလာသောအခါ စန်းတုံးမြို့တွင် နန်းတော်သမျှ ကြီးကျယ်ထည်ဝါသော မြို့စားဂေဟာ အဆောက်အဦးတစ်ခု ပေါ်လာလေသည်။

မြို့၏အနောက်ဘက်မှာမူ စန်းတုံးစံအိမ်ဟူသော အဆောက်အဦးတစ်ခု တည်ဆောက်လိုက်သည်။

မြို့စားဂေဟာမှလွဲ၍ စန်းတုံးမြို့တွင် စန်းတုံး စံအိမ်သည် ဒုတိယအကြီးကျယ်ဆုံး ဖြစ်လေသည်။

စန်းတုံးစံအိမ်၏ ပိုင်ရှင်မှာ ထန်ကျန်ဖြစ်နေ၏။ သို့သော် စန်းတုံးနယ်မှ နယ်သူနယ်သားများတို့မှာ ငတ်မွတ်သောဘေးနှင့် ရင်ဆိုင်နေရသည်။

ဘိန်းစွဲသူများသည် နံရိုးပြိုင်းပြိုင်း ဖြစ်ပြီး နောက်ဆုံးအာဟာရပြတ်ကာ သေဆုံးကြရလေသည်။

သေဆုံးသူ များပြားလာသောအခါ မိဘမဲ့ကလေးများ များပြားလာလေသည်။

ယင်းမိဘမဲ့ ကလေးများသည် ယောကျ်ားလေး ရှိသည်။ မိန်းကလေးလည်း ပါဝင်သည်။

သူတို့သည် စားရမဲ့ နေရမဲ့ဘဝသို့ ရောက်ရှိလာကြရာ အချို့ကလေးငယ်များသည် ငတ်ပြတ်၍ လမ်းဘေး၌ သေဆုံးကြရလေသည်။

ပြည်သူများ မည်ကဲ့သို့ ငတ်ပြတ်လာစေကာမူ မြို့စားကြီး ထန်မုနှင့် သူဌေးကြီးထန်ကျန်တို့မှာမူ အနည်းငယ်မျှ သနားကြင်နာသောစိတ်များ မဖြစ်ကြပါ။

သူတို့သည် စန်းတုံးနယ်ရှိသမျှသောဘိန်းစိုက်ခင်းအားလုံး ပိုင်ဆိုင်ထားပြီဖြစ်ရာ မကြာမကြာ ဘိန်းကုန်သည်များအား ဖိတ်ခေါ်၍ ကြီးကျယ်ခမ်းနားစွာ ညစာခံပွဲများ ပြုလုပ်ကြလေသည်။

ထိုအချိန် မှခံမရပ်ဖြစ်နေသော သိုင်းဆရာ တစ်ဦးသည် စတင် ပေါ်ထွက် လှုပ်ရှားလာလေသည်။

## မျက်နှာဖုံးနှင့် သိုင်းသမား

ညဉ့်နက်နေပြီဖြစ်ရာ မြို့စားဂေဟာတွင်းမှာမူ မီးရောင်များ ထိန်ထိန်လင်းနေ၏။

ယနေ့ညသည် မြို့စားကြီးထန်မုက ကုန်သည်များအား ညစာခံကျွေးဆိုသော ညစာခံပွဲ ကျင်းပနေခြင်းဖြစ်သည်။

ငင်မြင့်ပေါ်၌ လှုပချောမောသော မိန်းကလေးများ ငြိမ့်ညောင်းသော တူရိယာသံနှင့်ကျိုက်၍ နွဲ့နှောင်း ပျော့ပျောင်းစွာ ကပြနေ၏။

ညစာသည်များတို့သည် အရက်များ ရိုက်ခတ်ထားသော မျက်လုံးနှင့် ရမ္မက်ဇော တက်နေသောအကြည့်ဖြင့် မျက်တောင်မခတ် ကြည့်နေ၏။

လက်ခုပ်တီး၍ ဩဘာပေးသံများသည် တစ်ချက်တစ်ချက် ဆူညံစွာ ထွက်ပေါ်လာသည်။

လုံခြုံရေးတာဝန် ယူထားသော ခေါ်သမားများတို့မှာလည်း ကင်းစောင့်ရန် အားမရှိကြပါချေ။ မရှိတော့လည်း ပြတင်းပေါက်မှတစ်ဆင့် မဝံ့မရဲ ဖြစ်နေသည်။ ထိုအချိန် လူရိပ်တစ်ခုသည် မြို့စား၏နံဘေးဘက်သို့ တက်လာနေသည်ကို မည်သူကမျှ မသိကြပါ။

ထိုလူရိပ်သည် နံရံပေါ်မှတစ်ဆင့် ကြောင်တစ်ကောင်ကဲ့သို့ ပေါ့ပါးစွာ မြင်းဂေဟာရှိရာသို့ လွှားခနဲ ကူးသွားသည်။

သူသည် ပြတင်းပေါက်တစ်ခုဆီ အတွင်းဘက်သို့ ချောင်းကြည့်နေသည်။ အဘိုးစူးစိုက်စွာ ချောင်းကြည့်နေသည်ကိုလည်း တွေ့မြင်လိုက်သည်။

ထို့နောက် သူသည် ဂေဟာ၏နောက်ဘက်သို့ ကူးသွားလေသည်။ ပြီးနောက် အခန်းတစ်ခန်းရှေ့တွင် ရပ်တန့်လိုက်သည်။

စကြံလမ်းတစ်လျှောက်လုံးမှာ မီးအိမ်တစ်လုံးမျှသာ ထွန်းထားသည်။ လူသံသူသံပင် မကြားလောက်အောင် တိတ်ဆိတ်၍ နေ၏။

အနီးတစ်ဝိုက်တွင် လူသူမရှိမှန်း သိလိုက်သည်နှင့် သူသည် ရဲတင်းစွာဖြင့် အခန်းတံခါးအား ကျွမ်းကျင်စွာ ရိုက်ချိုး၍ ဝင်သွားလေသည်။

အခန်းတစ်ခုလုံးမှာ မှောင်မည်းနေ၏။ သူသည် မီးခြစ်ခြစ်၍ကြည့်လိုက်ရာ ခုတင်တစ်လုံး၏ ခေါင်းရင်းတွင် အာမခံသေတ္တာတစ်လုံးရှိနေသည်ကို တွေ့ရလေသည်။



သူသည်အနီးသို့ချဉ်းကပ်သွားသည်။အိတ်ထဲတွင်သံချောင်းကလေးတစ်တွဲ ထုတ်ယူလိုက်လေသည်။

သံချောင်းကလေးများ၏ ထိပ်တွင် ပုံသဏ္ဍာန် အမျိုးမျိုး ကွေးကောက်ထားသည်ကို တွေ့ရသည်။

သူသည် သံချောင်းတစ်ချောင်း ထုတ်ကြည့်သည်။ ထို့နောက် သေတ္တာ၏ သော့ပေါက်ထဲသို့ သွင်းလိုက်ပြီး လှည့်ကြည့်လိုက်သည်။

မည်သည့်အသံမှ မကြားရပါ။ သူသည် နောက်ထပ် တစ်ချောင်းထုတ်၍ စမ်းကြည့်ပြန်သည်။

ဤသို့ဖြင့် သံချောင်းငါးချောင်းခန့် လှည့်လိုက်ပြီးမှ....

'ချောက်'

ဟူသော အသံတစ်ချက် ကြားလိုက်ရလေသည်။ သူကပြုံး၍ သေတ္တာတံခါးအား ဆွဲဖွင့်လိုက်လေသည်။

မီးခြစ်ဖြင့် ခြစ်၍ကြည့်လိုက်ရာ သူ၏ မျက်နှာဖုံးပေါ်ရှိ မျက်လုံးပေါက်ထဲတွင်ရှိနေသော မျက်လုံးအစုံမှာ ဝင်းလက်တောက်ပသွားလေသည်။

သူသည် အသင့်ပါလာသော အိတ်တစ်လုံးဖြင့် သေတ္တာထဲမှရှိသော ကျောက်သံပတ္တမြားများ တစ်ဆုပ်ဆုပ်၍ ထည့်လိုက်သည်။

ငွေဒင်္ဂါးပြားများကိုလည်း ဆုပ်၍ထည့်ယူလိုက်လေသည်။ အိတ်ကလေး အတော်လေးလုံးလာသောအခါမှ သူက ရပ်တန့်လိုက်သည်။

သေတ္တာပြန်ပိတ်လိုက်သည်။ ထို့နောက် အခန်းထဲမှ ထွက်ခွာ ကွယ်ပျောက်သွားလေသည်။ ဧည့်ခန်းတွင်းမှာမူ ရယ်မောသံများ ဆူညံနေသေး၏။

* * *

နောက်တစ်နေ့နံနက်....

မြို့စားဂေဟာကို သူခိုးဖောက်ထွင်းခြင်းခံရပြီး ကျောက်သံပတ္တမြား အမြောက်အမြား ခိုးယူသွားသည့် သတင်းသည် စန်းတိုးမြို့တစ်ခုလုံး ပျံ့နှံ့သွားလေသည်။

မြို့စားကြီး၏ ကိုယ်ရံတော်များသည် သူခိုးအား အမိဖမ်းနိုင်ရန် အစွမ်းကုန် လှုပ်ရှားကြလေသည်။

သို့သော် အချိန်သာ ကုန်သွားသည်။ သူခိုးအား မမိဘဲ မဟုတ်သော သူခိုးလေး (၁၄-၅)ယောက်သာ မိသွားသည်။



မြို့စားကြီးဂေဟာ ဖောက်ထွင်းခိုးခံရသည့် အမှုမှာ တရားခံ ဖမ်းမမိသေးပေ။ နောက်ထပ် ကြီးကျယ်သော ဖောက်ထွင်းမှုတစ်မှု ဖြစ်ပွားလာပြန်လေသည်။

ဖောက်ထွင်းခိုးခံရသောလူမှာ သူဌေးကြီး ထန်ကျန်ဖြစ်သည်။ ကျောက်သံပတ္တမြား ရွှေတုံးများ ခိုးခံလိုက်ရသဖြင့် အလူးအလိမ့် ခံလိုက်ရလေသည်။

ပြည်သူများသည် ဤသတင်းအား ကြားလိုက်ရသောအခါ ဝမ်းသာအူမြူးသွားကုန်ကြလေသည်။

အာဏာပိုင်များသည် ရှိသမျှအင်အားကို ထုတ်၍ အပူတပြင်း လိုက်လံရှာဖွေရာ အချိန်ကုန်လူပန်း ဖြစ်ကျန်ရစ်ခဲ့ရလေသည်။

* * *

တစ်နှစ်သာ အချိန်ကုန်ဆုံးသွားသောအခါ....

စန်းတိုးမြို့နှင့် မိုင်ပေါင်း (၅၀) ခန့်အကွာရှိ 'ရင်ဝေ' တောင်ပေါ်၌ လူတစ်စု ရောက်ရှိလာလေသည်။

လူတစ်စုဆိုသည်မှာ အသက် (၃၀) ကျော်ခန့်ရှိသော လူတစ်ယောက်နှင့် (၁၀) ကျော်သက်အရွယ်ရှိသော လူငယ်နှင့် မိန်းကလေးများ ဖြစ်သည်။

စုစုပေါင်း ကလေးသူငယ်တစ်ရာခန့်ရှိသည်။ ယင်းကလေးငယ်များသည် စန်းတုံးမြို့တစ်ဝိုက်မှာ လေလွင့်နေသော မိဘမဲ့ကလေးများ ဖြစ်ကြသည်။

စေတနာရှင်က သူတို့အား စုစည်း၍ ရင်ဝေတောင်ပေါ်သို့ ခေါ်ဆောင်လာခြင်းဖြစ်သည်။

သူတို့သည် ထိုတောင်ပေါ်၌ ဝါးအိမ်များ သစ်အိမ်များ တည်ဆောက်ကြသည်။ ဝါးများဖြင့် စားပွဲ ကုလားထိုင်များ လူသုံးကုန်ပစ္စည်းများ ပြုလုပ်ကြသည်။

စေတနာရှင်က ရိက္ခာများကို ပြည့်စုံစွာဝယ်ယူထားသည်။ လိုအပ်သော ပစ္စည်းများ ရိက္ခာများကို (၁၅) ရက်တစ်ကြိမ် မြို့ပေါ်သို့ တက်ဝယ်ကြသည်။

နံနက်တိုင်း သိုင်းပညာ သင်ကြားပေးသည်။ နေ့လယ်ပိုင်းတွင် စာသင်ပေးသည်။ စန်းတုံးနယ်အဖြစ်အပျက် သိုင်းလောက၏ သတင်းများ ပြောပြသည်။

ဤသို့ဖြင့် တစ်နှစ်ကြာလာသောအခါ သူတို့သည် ချင်းရှမ်းမင်းအဖွဲ့ဟု တည်ထောင်လိုက်လေသည်။



သုံးနှစ် ကြာလာသောအခါ ကလေးသူငယ်များသည် ကြီးပြင်းလာကြသည်။ သိုင်းပညာလည်း ကောင်းစွာ ကျွမ်းကျင်လာကြလေသည်။

သူတို့၏ဆရာ စေတနာရှင်သည် တစ်လတစ်ကြိမ် သို့မဟုတ် နှစ်ကြိမ် တောင်ပေါ်မှ ဆင်းသွားတတ်သည်။

တစ်ခါတစ်ရံ(၃)ရက် တစ်ခါတစ်ရံ (၇)ရက်ခန့် ကြာတတ်ပါသည်။ သူသည် တောင်ပေါ်သို့ ပြန်လည်ရောက်ရှိလာသောအခါ မန်ချူးမြို့စား၏ သတင်းနှင့် ထန်ကျန်၏ သတင်းအား ပြောပြလေ့ရှိသည်။

ဤသို့ဖြင့် (၁၀)နှစ်ခန့် အချိန် ကြာလာသောအခါ ကလေးသူငယ်များတို့မှာ လူပျိုအရွယ်သို့ ရောက်ရှိလာကြလေသည်။

ထိုအချိန်မှစပြီး 'ချင်းရှမ်းမင်း' အဖွဲ့ဟူသော အမည်သည် စန်းတုံးမြို့နယ်တွင် တစ်စတစ်စ နာမည်ကျော်ကြားလာလေ၏။

ချင်းရှမ်းမင်းအဖွဲ့၏ လုပ်ရပ်များမှာ မြို့စားကြီးထန်မုနှင့် သူဌေးကြီး ထန်ကျန်အား နည်းအမျိုးမျိုးဖြင့် တိုက်ခိုက်ဖျက်ဆီးသည်။

ဘိန်းပင်များအား မီးရှို့သည်။ ပြည်သူများထံသို့ ပဲ-ပြောင်း-ဂျုံ စသည့် စားနပ်ရိက္ခာများ ပို့ဆောင်ပေးသည်။

မြို့စားကြီးထန်မုသည် သူ၏ကိုယ်ရံတော် တပ်ဖွဲ့အား ချင်းရှမ်းမင်းအဖွဲ့အား ချေမှုန်းရန် ကြိုးစားခဲ့သည်။

သို့သော် မြို့သူမြို့သားများတို့သည် ချင်းရှမ်းမင်းအဖွဲ့ဘက်အား အမျိုးမျိုးအကူအညီ အကာအကွယ် ပေးနေသောကြောင့် သူတို့သည် မအောင်မြင်သည့်အပြင် သူတို့၏ လှုပ်ရှားသော သတင်းများကို ချင်းရှမ်းမင်းအဖွဲ့ထံသို့ သတင်းကြိုတင်ပို့ထားသဖြင့် မကြာမကြာ ချောင်ခိုတိုက်ခိုက်ခြင်း ခံလိုက်ရလေသည်။

ဤသို့ဖြင့် ချင်းရှမ်းမင်းသည် တစ်နေ့တခြား အားအင်ကြီးမားလာသောအခါ ယိုးဒယားအချိန်တော်လှန်ရေးခေါင်းဆောင် စစ်သူကြီး လိကျစိန့်တို့က အင်နဲ့အားနဲ့ ဝင်ရောက်တိုက်ခိုက်လာသောကြောင့်....

မြို့စားကြီးထန်မှုက ရွှေငွေရတနာများကိုယူ၍ ဇနီးနှင့်အတူ ထွက်ပြေးတိမ်းရှောင်သွားကြလေသည်။

ထန်ကျန်မှုလည်း ပျောက်ချင်းမလှ ပျောက်ကွယ်သွားသည်။ စေတနာရှင် (ဝ၁) ချင်းရှမ်းမင်းအဖွဲ့၏ ခေါင်းဆောင်ဖြစ်သူသည် စစ်သူကြီးလိကျစိန့်ထံသို့ သွားရောက်၍ ဆွေးနွေးခွင့်ပန်ရာ စစ်သူကြီးက တိန်းခင်းများအားလုံး ဖျက်ဆီးပြီးပဲ-ဂျုံ-ပြောင်း စသည်များကို ပြန်လည်စိုက်ပျိုးရန် အမိန့်ချပေးလိုက်သည့်အပြင် ထိုစိုက်ခင်း လယ်ယာများကိုလည်း မူလပိုင်ရှင်လက်သို့ စိစစ်ပြီး ပြန်လည်ခွဲဝေအပ်လိုက်လေသည်။

စန်းတုံး နယ်သူနယ်သားများတို့သည် ချင်းရှမ်းမင်းအဖွဲ့၏ ကျေးဇူးကို မမေ့သောအနေဖြင့် မြို့ထဲရှိနေရာတွင် အဖွဲ့၏အဆောက်အဦးတည်ဆောက်ရန် တိုက်တွန်းကြသည်။



သူတို့လည်း ပါဝင်လုပ်အားပေး တည်ဆောက်ကြသဖြင့် တစ်နှစ်အတွင်း ချင်းရှမ်းမင်းအဖွဲ့သည် ထည်ထည်ဝါဝါဖြစ်လာလေတော့သည်။

* * *

ပိရင်းသည် ချင်းရှမ်းမင်းအဖွဲ့၏ နောက်ကြောင်းရာဇဝင်များအား စဉ်းစားရာမှ သတိရလာသောအခါ အုံးမောင်းခေါက်သံ နှစ်ချက်ခေါက်နေသည်ကို ကြားလိုက်ရလေသည်။

သူသည် တစ်ချက်ပြုံးလိုက်ပြီး တစ်ဖက်သို့ လှည့်လိုက်သည်။ မိမိသည် ယခုကဲ့သို့ ချင်းရှမ်းမင်းအဖွဲ့၏ အဖွဲ့သားဖြစ်ရမည်ကို ဂုဏ်ယူမိသည်။

ချင်းရှမ်းမင်းအဖွဲ့ ပေးအပ်သော တာဝန်များကိုလည်း အသက်နှင့်လဲ၍ ထမ်းဆောင်မည်ဟု ဆုံးဖြတ်ချက်တစ်ခု ခိုင်မြဲစွာ ချလိုက်လေသည်။

ထို့နောက် သူမသည် အိပ်ပျော်သွားလေသည်။

## လူစု

ကျေအော်လျှံ၏ စားသောက်ဆိုင်သည် စတင်ဖွင့်လှစ်ခဲ့သော အချိန်ကစပြီး ယနေ့ကဲ့သို့ စည်ကားခြင်းမရှိခဲ့ပါ။

ကျေအော်လျှံ၏ ရင်ထဲ၌ သံသယများစွာ ဖြစ်ပေါ်နေ၏။ နေမဝင်သေးပါ။ သူမ၏ဆိုင်တွင်းရှိ စားပွဲ (၇) လုံးစလုံး ပြည့်လျက်နေသည်ကို တွေ့ရသည်။

စားသောက်ရန်လာကြသော ဧည့်သည်များမှာ စုစုပေါင်း (၁၇)ယောက်ရှိသည်။

သို့သော် ကျေအော်လျှံအသိဟူ၍ တစ်ယောက်မှမပါချေ။ ထိုလူစုသည် မည်သည့်နေရာက ရောက်လာကြပါသနည်း။

နေဝင်သွားပြီဖြစ်သည်။ ကျေအော်လျှံ စားသောက်ဆိုင်ဟု ရေးသားထားသော မီးပုံးအိမ်သည် လင်းထိန်စွာဖြင့် ဝါးလုံးထိပ်ဖျားသို့ ချိတ်ထားလိုက်သည်။

မီးပုံးအိမ် ချိတ်ထားလိုက်သည်နှင့် လီယင်ချူးက ဆိုင်ထဲသို့ လှမ်းဝင်လာသည်။ ကျေအော်လျှံက ခေါင်းကိုက်သွားသည်။

ဆိုင်တွင် ထိုင်စရာမရှိတော့ပေ။ ဧည့်သည်က စားသောက်ရန်ဖြစ်စေ၊ တည်းခိုရန်ဖြစ်စေ ကျေအော်လျှံက လက်ခံနိုင်မည် မဟုတ်ပါ။

သူမ၏ စားပွဲ(၇)လုံးစလုံး ပြည့်နေပြီး အခန်းအားလုံး လူပြည့်နေပြီ မဟုတ်ပါလော။

လီယင်ချူးက စတင် မေးလိုက်သည်။

'အော်လျှံ'....ချန်ရှုဆိုတဲ့လူစိမ်းဧည့်သည်တစ်ယောက် ဒီမှာတည်းသလား'

'ရှိပါတယ်'

'ကျေးဇူးပြုပြီး လီယင်ချူးဆိုတဲ့ မိတ်ဆွေက တွေ့ချင်တယ်လို့ ပြောပေးပါဗျာ'

'ဟုတ်ကဲ့၊ လိုက်ခဲ့ပါ'

ကျေအော်လျှံက စိတ်သက်သာရာ ရသွားသည်။

* * *

ချန်ရှုသည် တစ်ယောက်တည်း အေးဆေးစွာထိုင်၍ ရေနွေးကြမ်း သောက်နေ၏။

သူ၏ ပုံဟန်မှာ တစ်စုံတစ်ယောက်အား စောင့်နေပုံရသည်။ ကျော်အောင်လျှံက လီယင်ချူးအား အခန်းဝအထိ ပို့လိုက်သည်။ တံခါးခေါက်၍....

'ဒီမှာ ညည်သည်'

ချန်ရှူ၏အသံ ထွက်ပေါ်လာသည်။

'ဝင်ခဲ့....တံခါးဖွင့်ထားတယ်'

လီယင်ချူးက တံခါးတွန်းဖွင့်၍ ဝင်သွားသည်။ ကျော်အောင်လျှံက ပြန်လည်ထွက်သွားပြီးမှ ချန်ရှူက ခေါင်းညိတ်ပြလိုက်သည်။

'ထိုင်ပါ'

လီယင်ချူးက ထိုင်ချလိုက်သည်။

'မိတ်ဆွေ သေသေချာချာ စဉ်းစားပြီးပြီလား'

'စဉ်းစားပြီးပါပြီ'

'ဒါဖြင့် သဘောပေါက်လာလိမ့်မယ် ထင်တယ်'

'ခင်ဗျားပြောတာ မှန်တယ်၊ သိုင်းလောကဟာ ကျဉ်းကျဉ်းလေးပါ၊ ရန်များလို့ အကျိုးမရှိပါဘူး၊ ဒါကြောင့် ကျုပ်က ခြေတစ်လှမ်းဆုတ်ပေးမယ်'

'ကောင်းပြီ၊ ဘယ်လောက်ပေးရမယ်ဆိုတာ....'



'ကျုပ်က ငွေမလိုချင်ဘူး'

'ဗျာ'

လီယင်ချူး၏မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

ချန်ရှူက....

'ကျုပ်က စကားတစ်ခွန်းပဲလိုချင်ပါတယ်'

လီယင်ချူးက စကားမပြောပါ၊ ချန်ရှူ၏ မျက်နှာအား စိုက်ကြည့်နေ၏။

ချန်ရှူက....

'ခင်ဗျားရဲ့လူကို မေးလိုက်ပါ၊ သူကကျုပ်မေးတာကို အမှန်အတိုင်း ပြောပြမယ်ဆိုရင် ကျုပ်သူ့ကို လုံးဝအနှောင့်အယှက်မပေးပါဘူး'

'ကောင်းပြီ'

လီယင်ချူးက....

'မေးပါ၊ ကျုပ်ပြောနိုင်ရင် ပြောပြမယ်၊ မပြောနိုင်ရင် မြန်မြန်ပြီးမေးပေးပါ့မယ်'

ချန်ရှူက....

'မီးပုံးအိမ်လမ်းမှာ ဘာတွေမက်စရာရှိလို့ ရွှေချောင်းသုံးဆယ်တောင် ပေးဝံ့တာလဲ'

လီယင်ချူး- ချန်ရှုအား အတန်ကြာ စိုက်ကြည့်နေ၏၊ ထိုသူငယ်သည် ကြေးတန်းစား လူမိုက်တစ်ယောက် မဟုတ်မှန်း သူနားလည်လိုက်သည်။

သူ၏လုပ်ဆောင်ချက်သည် ကြီးမားသော ရည်ရွယ်ချက် ရှိရမည်ဟုလည်း ကောင်းစွာ ယုံကြည်လာလေသည်။

'ခင်ဗျားက ဘာကြောင့် ဒီလိုမေးနေတာလဲ'

'အံ့ဩမိလို့ပါ'

'ခင်ဗျားလူက ငွေဒင်္ဂါးသုံးသောင်းပေးပြီး လူကိုနှင်ထုတ်ခိုင်းတာ ဘာကြောင့်လဲဆိုတာ ဘာဖြစ်လို့ မမေးလိုက်တာလဲ'

'စည်းကမ်းချက်အရ မေးပိုင်ခွင့်မရှိဘူး'

'ဒါဖြင့် ဘာဖြစ်လို့ ကျုပ်ကိုလာမေးရတာလဲ'

'အခြေအနေ မတူလို့ပါ'

'ဘယ်လို မတူတာလဲ'

'ကျုပ်လူကငွေပေးခိုင်းတာ သိုင်းလောကရဲ့စည်းကမ်းချက်အရ ကျုပ်မေးပိုင်ခွင့် မရှိဘူး၊ ခင်ဗျားလူက ကျုပ်လူထက် ဈေးပိုပေးပြီး ကျုပ်ကိုသိမ်းသွင်းတာ၊ ဒါဟာသိုင်းလောကရဲ့ စည်းကမ်းချက် ဖောက်ဖျက်တဲ့အတွက် ကျုပ်မေးလို့ရတယ်'

'တကယ်လို့ ကျုပ်လူက ငွေဒင်္ဂါး သုံးသောင်းပေးလိုက်လို့ သူက သုံးသိန် သိန်းသုံးဆယ် ပြန်ရစရာရှိတယ်လို့ ပြောရင် ခင်ဗျားယုံမှာလား'



'ယုံရမှာပေါ့၊ ကျုပ်အတွက် အကျိုးရှိမှာ'

'ဘာအကျိုးရှိမှာလဲ'

'ကျုပ်က ဈေးပိုတောင်းမှာ'

'ကောင်းပြီ၊ ကျုပ်က ကျုပ်လူကိုယ်စား ရွှေချောင်းခြောက်ဆယ်အထိ တိုးပေးမယ်၊ ပစ္စည်းကိုလဲ တစ်ခါထဲ ပေးမယ်၊ ဒါပေမယ့် အချက်နှစ်ချက်တော့ ခင်ဗျားလက်ခံရလိမ့်မယ်'

'ဘာအချက်နှစ်ချက်လဲ'

'ပထမအချက်က ရွှေချောင်းရပြီးတာနဲ့ မီးပုံးအိမ်လမ်းက ချက်ချင်းထွက်သွားရမယ်'

'ဒါ့တော့ လိုက်နာရမှာပေါ့'

'ဒုတိယအချက်က ခင်ဗျားကို ငွေပေးပြီးခိုင်းတဲ့လူ ဘယ်သူလဲဆိုတာ ပြောပြရမယ်'

ချန်ရှုက လီယင်ချူး၏ ရင်ဘတ်အင်္ကျီအား ဆွဲလိုက်သည်။

'ဒီမှာလီယင်ချူး၊ ကျုပ်က ဘယ်တော့မှ ကိုယ်စားပြုတဲ့လူနဲ့ စကားမပြောဘူး၊ ကနေ့ည....ကြိုက်တဲ့အချိန် ခင်ဗျားလူကိုယ်တိုင် လာခိုင်းပါ၊ နို့မဟုတ် ကျုပ်လက်မခံဘူး'

လီယင်ချူးသည် ချန်ရှု၏ ရိုင်းပြသော ဆက်ဆံမှုအား လုံးဝစိတ်တိုခြင်း မရှိ။

သူသည် ရင်ဘတ်အင်္ကျီအားပြင်၍ ဆွဲလိုက်သည်။ ပြုံး၍....

'ခင်ဗျားကတော့ အတော်ရိုင်းပြတဲ့ လူငယ်တစ်ယောက်ပါပဲ၊ ကောင်းပြီလေ.... ကျုပ်ပြန်ပြောလိုက်မယ်၊ သူလာမယ် မလာဘူးဆိုတာ ကျုပ်လဲ မပြောနိုင်ဘူး'

'ရတယ်၊ ခင်ဗျားကသာ စကားကမ်းပေးလိုက်ပါ'

'ကောင်းပြီလေ.... ကျုပ်သွားမယ်'

ချန်ရှုသည် လီယာင်ချူး ထွက်သွားသည်အထိ ကြည့်ပြီး သဘောကျစွာဖြင့် ပြုံးပြလိုက်သည်။ အမှန်တော့သူက အားရပါးရ ရယ်မောလိုက်နိုင်သည်။

အစစအရာရာ သူဖန်တီးသည့်အတိုင်း အောင်မြင်လာသည် မဟုတ်ပါလော။ သူသည် ကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်ပြီး ရေနွေးကြမ်းအားငှဲ၍ အေးအေးဆေးဆေးစွာ သောက်နေလေသည်။

* * *

ချန်ရှုသည် ခေါင်းဆတ်ခနဲမော့လိုက်ရာ ပိရင်းတစ်ယောက် တံခါးဘောင်၌မှီ၍ ရပ်နေသည်ကို တွေ့ရလေသည်။



သူမ၏ မျက်နှာမှာ မကြည်မသာ ဖြစ်နေ၏။ တစ်စုံတစ်ခုကြောင့် သောကဝေဒနာ ခံစားနေရသည်မှာ ထင်ရှားနေ၏။

သူမသည် ချန်ရှုမော့ကြည့်လိုက်သည်ကို တွေ့လိုက်ရသည်နှင့်....

'လုံမေကော'

ဟုမေးလိုက်လေသည်။

လုံမေဟူသော စကား ကြားလိုက်ရသောအခါ ချန်ရှု၏ မျက်နှာ ကွက်ခနဲ ပျက်သွားလေသည်။

အောင်ပွဲအကြိမ်ကြိမ် ရလာခဲ့သော သူသည် ရှုံးရမည်ဟူသော အတွေးပင် မရှိတော့ပါ။ အမြဲတမ်း အောင်မြင်လိမ့်မည်ဟုလည်း ကိုယ့်ကိုယ်ကို ယုံကြည်လာသည်။

'လုံမေ'

လုံမေသည် တည်းခိုခန်းသို့ ပြန်ရောက်သင့်သည်မှာ ကြာလှပေသည်။ မိမိသည် အဘယ်ကြောင့် သူမအား မေ့မေ့ပျောက်ပျောက် ထားရပါသနည်း။

သူသည် မိမိကိုယ်မိမိ အပြစ်တင်မိသည်။

'ဒုက္ခ'

ချန်ရှုက ခြေထောက်တစ်ချက်ဆောင့်ပြီး လွှတ်ခနဲ ညည်းညူလိုက်သည်။ ပိချင်း၏ မျက်လုံးအစုံသည် ပြူးကျယ်သွားလေသည်။

သူမသည် ချန်ရှုမှာ ယင်းကဲ့သို့ညည်းညူခြင်းကို တစ်ကြိမ်မှ မကြားဖူးခဲ့ပေ။ ထို့ကြောင့် သူမသည် ထိတ်ခနဲဖြစ်သွားသည်။

သို့သော် အသံကို အတတ်နိုင်ဆုံး တည်ငြိမ်အောင် ထိန်းထားသည်။

'ဘာတွေ ဒုက္ခဖြစ်နေတာလဲ'

ချန်ရှုက....

'အစ်ကိုက အကြံတစ်ခု ရုတ်တရက်ရလာလို့ သူ့ကို တာဝန်ပေးလိုက်တယ်၊ သူက နေမဝင်ခင် ပြန်ရောက်လာရမယ်၊ ဘယ့်နှယ် အခုထိ ပြန်ရောက်မလာတာလဲ'

'ဒါဖြင့် အန္တရာယ်နဲ့ ရင်ဆိုင်နေရပြီ ထင်တယ်'

'ဟုတ်လိမ့်မယ်'

ပိရင်းက တစ်စုံတစ်ခုပြောရန် ပါးစပ်ဟလိုက်ပြီးမှ ပြန်ပိတ်လိုက်သည်။ ချန်ရှုက သူမအား ကြည့်လိုက်သည်။

'နင် ဘာပြောချင်လို့လဲ'



ပိရှင်းက....

'ကျွန်မ ပြောစရာရှိတယ်၊ ဒါပေမယ့် ပြောသင့်မပြောသင့်ဆိုတာ ချင့်ချိန်နေလို့ပါ'

'ဟာ....နင်နဲ့ငါ မပြောသင့်တာ ဘာရှိသလဲ၊ ပြော'

ပိရင်းသည် မည်ကဲ့သို့ပြောရမည်ကို စဉ်းစားပြီးမှ....

'အစ်ကို မီးပုံးအိမ်လမ်း ရောက်လာတဲ့အချိန်ကစပြီး ကိုယ့်ကိုယ်ကို သူရဲကောင်းဆန်ဆန် သိပ်လုပ်တာပဲ၊ ကျော်ကြားတာကို ခုံမင်လာသလိုပဲ၊ အဲဒါ ဘာကြောင့်လဲဟင်'

ချန်ရှုက ရယ်မောလိုက်သည်။

'နင်က နားမှမလည်ပဲကိုး'

ပိရင်းက....

'အစ်ကိုကြီး၊ ကျွန်မ ဉာဏ်မကောင်းပါဘူး၊ နားလဲမလည်ဘူး၊ အခု အစ်ကိုကြီးပြောတော့မှ ပိုပြီး နားမလည်တော့ပါဘူး'

သူမက စကားဆက်လိုက်သည်။

'ကျွန်မဟာ အစ်ကိုနဲ့အလုပ်လုပ်ခဲ့တာ နှစ်ကြိမ် သုံးကြိမ်ရှိခဲ့ပါပြီ၊ အကြိမ်တိုင်းမှာ အစ်ကိုက လုပ်ရမယ့်အလုပ်ကို

ကြို့တင် ရှင်းရှင်းလင်းလင်း ပြောပြခဲ့ပါတယ်၊ ဒီတစ်ခါကျတော့မှ ကျွန်မဟာ နှင်းဝေနေတဲ့ကြားမှာလမ်းလျှောက်နေရသလိုပဲ၊ ဟိုတိုက်ဒီတိုက်နဲ့'

'ပိုရင်း....'

ချန်ရှုက မပြုံးနိုင်တော့ပါ။

'မမေးပါနဲ့တော့၊ နှင်နှားလည်ထားဖို့ဟာ ငါတို့ဒီတစ်ခါ ထမ်းဆောင်ရမယ့် တာဝန်ဟာ ချင်းရှမ်းမင်းအဖွဲ့တစ်ဖွဲ့လုံးရဲ့ သေရေးရှင်ရေးနဲ့ စန်းတုံးနယ် တစ်နယ်လုံး ကံကြမ္မာနဲ့ ပတ်သက်တယ်ဆိုတာ သိထားစေချင်တယ်'

သူ၏အသံသည်စိတ်လှုပ်ရှားလွန်း၍ တုန်ခါလာလေသည်။

'တကယ်လို့ အသက်စွန့်ရမယ်ဆိုရင် အစ်ကိုက ရှေ့ဆုံးကနေ အသက်စွန့်မှာပါ'

ပိရင်းက ဆက်၍မမေးတော့ပါ။

သူတို့သည် မျက်နှာချင်းဆိုင်တစ်ယောက်အားတစ်ယောက် ကြည့်နေကြသည်။ အတန်ကြာတော့မှ....

ချန်ရှုက သက်ပြင်းချလိုက်သည်။

'အခုလောက်ဆိုရင် လုံမေ့မှာ ဒုက္ခ ကောင်းကောင်း တွေ့နေလိမ့်မယ် ထင်တယ်'



'ဖြစ်နိုင်တယ်'

ပိရင်း၏ မျက်နှာပေါ်တွင် ထိတ်လန့် တုန်လှုပ်သည့် အရိပ်အယောင်များ ဖြတ်သန်းသွားလေသည်။

'သူ့ကို ကျွန်မတို့က ဒီအတိုင်းမထားသင့်ဘူး ထင်တယ်'

ချန်ရှုက....

'ဟုတ်တယ်၊ ဒါပေမယ့် သူ့ကိုကယ်ဖို့ အချိန်မရသေးဘူး'

'အစ်ကိုက ဘာသဘောလဲ'

'ပိရင်း.... ဒီလိုမပြောပါနဲ့၊ အခုအစ်ကိုမှာ အလွန်အရေးကြီးတဲ့ တာဝန်တစ်ခု ပေးရလိမ့်မယ်'

'အမိန့်ပေးပါ'

တာဝန်ထမ်းဆောင်ရန် ရှိသည်ဟူသောစကား ကြားလိုက်ရသောအခါ ပိရင်းက စိတ်ဓာတ် တက်ကြွလာလေသည်။

ချန်ရှုက လေးလေးနက်နက် ပြောလိုက်သည်။

'အခုညပဲ အမြန်ဆုံးပြန်ပါ၊ ဆရာကို ပြောပြရမယ့် စကားကတော့ အလွန်ထက်မြက်တဲ့ ရန်သူနဲ့ ရင်ဆိုင်နေရတယ်၊ ဆရာအမြန်ဆုံး အကူအညီပေးပါလို့'

'ရှင်'

ပိရင်းက အံ့ဩသွားသည်။

သူမသည် ပြင်းထန်သော တိုက်ပွဲဟူ၍ တစ်ပွဲမှ မဆင်နွှဲခဲ့ရသေးပါ။ အဆင့်မြင့် သိုင်းသမားဆိုလျှင်လည်း တစ်ယောက်မှ ရင်မဆိုင်ခဲ့ရသေးပါ။

ချန်ရှုသည် ရှုံးများရှုံးနေပြီလောဟုပင် သူမက ထင်မိသည်။

'အလွန်ထက်မြက်တဲ့ ရန်သူနဲ့ ရင်ဆိုင်နေရပြီ ဆိုပါလား၊ ကျွန်မလဲ မတွေ့မိပါလား'

ချန်ရှု၏ မျက်နှာတစ်ခုလုံးမှာ ခက်ထန် သုန်မှုန်သွားလေသည်။

'ငါပေးတဲ့ အမိန့်အတိုင်း အမြန်ဆုံး လှုပ်ရှားပါ'

ပိရင်းက ခြေစုံရပ်လိုက်သည်။ သူမသည် အရှိအသေပေးလိုက်သည်။

'ဟုတ်ကဲ့ပါ အစ်ကိုကြီး'

ချန်ရှုက လက်ကာပြလိုက်သည်။

'သွားတော့၊ မီးပုံးအိမ်လမ်းအနေ ထွက်သွားတဲ့အခါမှာ ကိုယ့်နောက်မှာ လူများလိုက်လာသလားဆိုတာသတိထားပါ'



'ဟုတ်ကဲ့ အစ်ကိုကြီး'

'နေကောင်းပြီ'

ချန်ရှုက ထရပ်လိုက်သည်။

'ပိရင်း....လမ်းခရီး တစ်လျှောက်လုံးမှာ နင်တစ်ယောက်တည်းပဲ ရှိတယ်၊ သေလဲနင့်ကံ၊ ရှင်လဲ နင့်ကံပါပဲ၊ နင် ပေါ့ပေါ့ဆဆ မနေနဲ့'

'ဟုတ်ကဲ့ပါ အစ်ကိုကြီး'

သူမက ပြုံးလိုက်သည်။

'စိတ်ချပါ၊ ကျွန်မကြောင့် ချင်းရှမ်းမင်းအဖွဲ့ သိက္ခာမကျစေရပါဘူး'

'အေး ငါယုံကြည်တယ်'

ချန်ရှုသည် ပိရင်းအား စိုက်ကြည့်လိုက်သည်။

'နင်တွက်ကြည့်စမ်း၊ အသွားအပြန် ဘယ်လောက်ကြာမလဲ'

ပိရင်းက အနည်းငယ် စဉ်းစားလိုက်သည်။

'မြန်ရင် နေဝင်တဲ့အချိန် ပြန်ရောက်မယ်၊ နှေးရင်တော့ ညဦးပိုင်းပေါ့'

'ကောင်းပြီ၊ အခုပဲ သွားဖို့ပြင်ထား'

ချန်ရှူသည် သူမထံသို့ လျှောက်သွားသည်။ သူမ၏ပခုံးအား သိုင်းဖက်လိုက်သည်။ နူတ်ဆက်ခြင်း၏ သဘောပေလော....

ပိရင်းမှာမူ သူ၏ရင်ခွင်ထဲသို့ အလိုက်သင့်တိုးဝင်သွားသည်။ ခေါင်းမော့၍ မေးလိုက်သည်။

'အစ်ကိုကြီးကို စကားတစ်ခွန်း မေးချင်တယ်'

ချန်ရှူက အနည်းငယ် အံ့အားသင့်သွားသည်။ သူမအား ငုံ့ကြည့်ရင်း....

'ညီမက ဘာမေးမလို့လဲ'

'တစ်နေ့ အစ်ကိုမိန်းမယူမှာပဲ၊ အစ်ကို ရည်မှန်းထားတဲ့ ဇနီးဟာ ဘယ်လို မိန်းကလေးမျိုးလဲဟင်'

ပိရင်းက ယခုကဲ့သို့ ရဲရင့်ပွင့်လင်းစွာ မေးလိမ့်မည်ဟု ချန်ရှူက မမျှော်လင့်မိပေ။

ထို့ကြောင့် သူက အလွန်အံ့သြသွားသည်။ သူသည် သူမအား အသာအယာ တွန်းလိုက်ပြီး သူမ၏မေးကို လက်ဝါးဖြင့် ပင့်တင်လိုက်သည်။

သူသည် သူမ၏မျက်လုံးအား စိုက်ကြည့်လိုက်သည်။ သူမကလည်း မော့၍ သူ့အား ကြည့်နေ၏။



ရုတ်တရက် သူသည် သူမအား ရင်ခွင်ထဲသို့ ဆွဲသွင်းလိုက်သည်။ သူ၏လက်နှစ်ဖက်သည် သံမဏိစည်ပတ်ပမာ သူမ၏ ခန္ဓာကိုယ်အား တင်းကြပ်စွာ သိုင်းဖက်ထားလိုက်လေသည်။

သူတို့နှစ်ယောက်၏ မျက်နှာသည် နီးကပ်စွာ ရှိနေ၏။

သူတို့သည် တစ်ယောက်၏ ရင်ခုန်သံများကို တစ်ယောက်က ကြားမိကြလေသည်။ ရင်ခုန်သံ အတော်ကလေး မြန်နေလေသည်။

* * *

ချိဝူရဲ့ စစ်တုရင်ထိုးနေ၏။

ပြိုင်ဘက်မှာ သူ၏စာရင်းကိုင် ဖြစ်သည်။

စုရှိဟိုင်က အလွန်အံ့သြသွားသည်။ ယခုကဲ့သို့ အရေးကြီးသော အချိန်မျိုး၌ သူက အဘယ့်ကြောင့် စစ်တုရင်ထိုးနိုင်သည်ဟု စိတ်များ ရှိနေပါသနည်း။

စုရှိဟိုင်သည် ချိဝူရဲ၏ အကျင့်အားလုံးသိသည်။ သူသည် စစ်တုရင်ထိုးနေသော အချိန်မျိုး၌ မည်သူကမှ ဝင်ရောက်နှောင့်ယှက်သည်ကို မကြိုက်ပါ။

ထို့ကြောင့် သူသည် အခန်းထဲသို့ လှမ်းဝင်လိုက်သည်နှင့် ရပ်နေလိုက်လေသည်။ ချိုဝူရဲသည် စစ်တုရင်အပေါ် အာရုံစူးစိုက်နေသောကြောင့် စုရှိဟိုင် ဝင်လာသည်ကိုပင် နှုတ်ဆက်နိုင်စွမ်း မရှိပေ။

အတန်ကြာသော့မှ စစ်တုရင်ပွဲ ပြီးဆုံးသွားလေသည်။ စုရှိဟိုင်က လေပူတစ်ချက် မှုတ်ထုတ်နိုင်ခဲ့လေသည်။

စစ်တုရင်ထိုးရာ၌ စာရင်းကိုင် အဘိုးအိုသည် ချိုဝူရဲအား လုံးပမမိပါ။ သို့သော် ယခုပွဲမှာ သူက အနိုင်ရရှိသွားသည်။

ချိုဝူရဲသည် စိတ်ကိုထိန်း၍ ကစားနေသော်လည်း စိတ်လှုပ်ရှားနေခြင်း ဖြစ်သည်ကို စုရှိဟိုင်က သဘောပေါက်နားလည်လိုက်လေသည်။

စစ်တုရင်ပွဲပြီးတော့မှ ချိုဝူရဲသည် စုရှိဟိုင်အား သတိပြုမိလေသည်။ သူသည် ထိုင်ရန် လက်ပြလိုက်သည်။

စာရင်းကိုင်က စစ်တုရင်ဗန်း သယ်ယူ၍ ထွက်ခွာသွားတော့မှ....

'ကိစ္စရှိလို့လား'

'ဟုတ်ကဲ့'

'ပြောပါ'



'ကျုပ်က ချန်ရှူရဲ့ တစ်နေ့တာ လှုပ်ရှားမှုများကို တင်ပြချင်လို့ပါ'

'အင်....'

ချိုဝူရဲက စိတ်ဝင်စားပုံမရပါ။

စုရှိဟိုင်က ချောင်းတစ်ချက် ဟန့်လိုက်သည်။

'ဝူရဲ....ချန်ရှူရဲ့ လှုပ်ရှားမှုဟာ အလွန် ထူးဆန်းနေတာကို တွေ့ရတယ်'

'အင်း....'

'သူ စနေ့ရက်ရေ့ကျချင်း အတော်လေး ကြမ်းကြမ်းရမ်းရမ်း လုပ်သွားတယ်၊ သူ့ရဲ့လုပ်ပုံက ဝူရဲနဲ့ မဟာရန်ငြိုးရှိခဲ့သလိုပဲ'

'အင်း....'

'မနေ့ညက ဝူရဲနဲ့တွေ့ဆုံပြီးနောက် ပြောင်းလဲသွားတာကို တွေ့ရပါတယ်'

'ဟုတ်လား၊ ဘယ်လို ပြောင်းလဲသွားလို့လဲ'

စုရှိဟိုင်က....

'တစ်နေ့နဲ့တစ်ည သူဟာ အပြင်လူစုနဲ့ ယှဉ်ပြိုင်တိုက်ခိုက်နေတာကို တွေ့ရပါတယ်'

ချိဝူရဲက မျက်မှောင်ကြုတ်သွားသည်။

'မင်းက ဘယ်လိုမြင်လာသလဲ'

စုရှိဟိုင်က....

'ပထမတုန်းကတော့ ဝူရဲနဲ့အဆင်ပြေသွားတယ်လို့ ထင်မိတယ်၊ ဒါပေမယ့် သေသေချာချာ တွေးကြည့်လိုက်တဲ့အခါ မဟုတ်နိုင်ဘူးလို့ တွေ့ရတယ်'

'ဘာဖြစ်လို့'

'သူက ဝူရဲနဲ့အဆင်ပြေသွားရင် ထွက်သွားမှာဖြစ်တယ်၊ အခုတော့ ဒီလိုလဲမဟုတ်ဘူး'

ချိဝူရဲက မျက်နှာရှုံ့မဲ့သွားသည်။

'ဒီလူငယ်က တော်တော် ဘဝင်ကိုင်တယ်၊ ငါက သူ့ကို ဘယ်လောက်ပေးမှ ကျေနပ်မယ်လို့ မေးတယ်၊ သူကရွှေချောင်း (၅၀) တောင်းတယ်၊ မင်းပဲစဉ်းစားကြည့်ပါ၊ ငါတို့မီးပုံးအိမ်လမ်းမှာ ရွှေတွင်းများရှိနေတယ်လို့ များ ထင်နေသလား'

'ဝူရဲ....ဒီသူငယ်ကို မရှင်းပစ်လို့ မရတော့ဘူးထင်တယ်'



'ဘယ်လိုရှင်းပစ်မှာလဲ'

'ကျုပ်မှာ သူ့ကိုရှင်းပစ်ဖို့ အကြံတစ်ခု ရထားပါတယ်'

'ဘယ်လိုအကြံလဲ'

'လီယင်ချူးဆိုတဲ့လူ၊ ဝူရဲနဲ့လဲ သိမှာပေါ့'

'အင်း....'

'သူက ချန်ရှုနဲ့ ယှဉ်ပြိုင်တိုက်ခိုက်ခဲ့တယ်၊ ဒဏ်ရာရသွားတာကို တွေ့ရတယ်'

'အင်း....'

'လီယင်ချူးဆိုတဲ့ လူမျိုးဟာ အမှတ်ရှိတယ်၊ သူက လက်စားပြန်ချေမှာပဲ၊ အဲဒီတော့ ချမ်းဝေကိုလွှတ်ပြီး ဆွေးနွေးကြည့်ရင် ကောင်းမလားလို့'

'ရှိဟိုင်....လီယင်ချူးက အနိုင်ရမယ်လို့ ကြိမ်းသေရဲ့လား'

'ချန်ရှုမှာ လူငါးယောက်တည်းပဲ ရှိတယ်၊ ကျန်တဲ့ လေးယောက်က မိန်းကလေး၊ လီယင်ချူးမှာ မြင်းပွဲရုံဘက်သားအင်အားရှိပြီးသား၊ ဝူရဲက အားပေးထောက်ခံလိုက်ရင် ချန်ရှုက ဘယ်ခံနိုင်မှာလဲ'

စုရှိဟိုင်၏အကြံသည် အလွန်မှန်ကန်သည်။ သို့သော် ချန်ရှုအား ငွေပေးပြီးခေါ်ခိုင်းသောသူမှာ ချိဝူရဲဖြစ်သည်ကို စုရှိဟိုင်က လုံးဝမသိလိုက်ပါ။

တို့ကြောင့် ချိဝူရဲက လက်မခံပါ။

'မဖြစ်နိုင်ပါဘူး'

'ဘာဖြစ်လို့လဲ ဝူရဲ'

'မင်းစဉ်းစားကြည့်လေ၊ လီယင်ချူးက ဘာကောင်လဲ၊ ငါက ဘာကောင်လဲ၊ တော်ကြာ ငါကပဲ လီယင်ချူး အားကိုးနေရတယ်လို့ အပြောခံရမယ်'

စုရှိဟိုင်က ပါးစပ်ပိတ်ထားလိုက်ရလေသည်။ ချိဝူရဲက သူ့အား ကြည့်လိုက်သည်။

'လီယင်ချူးရဲ့ ပိုင်နက်ဟာ မြင်းပွဲရုံနယ်မြေမှာပဲ ရှိတယ်၊ သူက ဘာကြောင့် လူစုလူဝေးနဲ့ မီးပုံးအိမ်လမ်းကို ရောက်လာကြတာလဲ၊ သူတို့က ဘယ်လိုအကြံအစည်များ ရှိနေသလဲ'

စုရှိဟိုင်က အဖြေမပေးနိုင်တော့ပါ၊ ချိဝူရဲက သက်ပြင်း တစ်ချက် ချလိုက်သည်။

'စုဟိုင်....ငါတို့မီးပုံးအိမ်လမ်းမှာ လေမုန်တိုင်းတစ်ခု ကျရောက်လာလိမ့်မယ် ထင်တယ်'

ချိဝူရဲက လက်ညှိုးတစ်ချောင်း ထောင်ပြလိုက်သည်။

'စုဟိုင်....ငါက အံ့သြစရာတစ်ခု တွေ့မိတယ်'

'ဘာကိုလဲ ဝူရဲ'



'လီယင်ချူးမှာ အားထားရတဲ့ ဝူးဝမ်းစန်းဆိုတာ ရှိတယ်'

'ဟုတ်ကဲ့'

'သူတို့ဆရာတပည့်ဟာ တစ်ယောက် အပြင်ထွက်လာရင် တစ်ယောက်က အိမ်စောင့်နေတတ်ပါတယ်၊ အခုတော့ ဆရာတပည့် နှစ်ယောက်စလုံး မီးပုံးအိမ်လမ်းကို ရောက်လာကြတယ်ဆိုတော့ ကိစ္စက သိပ်အရေးကြီးတာ ဖြစ်ရမယ်'

စုရှိဟိုင်က မျက်မှောင်ကြုတ်သွားသည်။

'ဒါလဲ အံ့သြဖို့ကောင်းတယ်'

ချိဝူရဲက....

'ငါစဉ်းစားထားတာ တစ်ခုတော့ရှိတယ်၊ မင်းသဘောတူမလားတော့ မသိဘူး'

စုရှိဟိုင်က....

'ဝူရဲက အတွေ့အကြုံ ကြွယ်ဝပါတယ်၊ မှန်တာဖြစ်ပါလိမ့်မယ်'

ချိဝူရဲက ယတိပြတ် ဆုံးဖြတ်လိုက်သည်။

'မင်းက ချမ်းဝေနဲ့ ဝမ်းကွမ်းစွန်တို့ကို လူစုနှစ်စုခွဲလိုက်၊ ကိုယ်အားထားရမယ့် ညီအစ်ကိုများကို ခေါ်သွား'

'သူတို့ရဲ့တာဝန်က....'

'လီယင်ချူးနဲ့ ချန်ရှုတို့ကို စောင့်ကြည့်ရုံပဲ'

စုရှိဟိုင်က မျက်မှောင်ကြုတ်သွားသည်။

'စောင့်ကြည့်ရုံပဲလား'

ချိဝူရဲက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ သူတို့ရဲ့တာဝန်က စောင့်ကြည့်တာပဲ၊ လုံးဝ မလှုပ်ရှားရဘူး'

စုရှိဟိုင်က မျက်မှောင်ကြုတ်သွားသည်။

'ရှင်းပြနိုင်ရင် ရှင်းပြပါလား'

ချိဝူရဲက ပြုံးလိုက်သည်။

'ဒီလိုလုပ်တာဟာ တစ်အချက်၊ ချိဝူရဲဟာ ခေတ်ရဲ့လူမဟုတ်ဘူးဆိုတာ ပြချင်လို့၊ နှစ်အချက် သူတို့နှစ်ယောက်စလုံးရဲ့ လှုပ်ရှားမှုကို ဟန့်တားနိုင်မယ်'

'ဝူရဲ....စဉ်းစဉ်းစားစား လုပ်စေချင်တယ်'

'ဘာဖြစ်လို့'

'သူတို့က ကျုပ်တို့ကို အထင်လွဲသွားရင် ပေါင်းပြီး ပြန်တိုက်မှ ဒုက္ခရောက်မယ်'



'စုရှိဟိုင်'

ချိဝူရဲ၏ဒေါသ ပေါက်ကွဲလုလုဖြစ်လာပြီး....

'မင်းသဘောက ဘာလုပ်ချင်လို့လဲ'

စုရှိဟိုင်က....

'မနေ့က စီစဉ်ထားတဲ့အတိုင်း ကျုပ်တို့လူတွေ တစ်ယောက်မှ မထွက်ပါနဲ့'

ချိဝူရဲက....

'မနေ့ကဟာ ဒီကနေ့မဟုတ်ဘူး၊ အခြေအနေ ပြောင်းလဲနေပြီ၊ စကားမများနဲ့၊ ငါခိုင်းသလိုသာ သွားစီစဉ်'

'ဟုတ်ကဲ့....'

'ဟုတ်ကဲ့....'

စုရှိဟိုင်က သက်ပြင်းချလိုက်ရလေသည်။

ချိဝူရဲက လက်ယမ်းပြလိုက်သည်။

'မင်းသွားတော့'

## လှုပ်ရှားခြင်း

ချမ်းဝေနှင့် ဝမ်းကွမ်းစွန်တို့သည် ချက်ချင်း လှုပ်ရှားလိုက်လေသည်။ သူတို့သည် ကိုယ့်လူစုကို ဦးဆောင်ကာ ထွက်ခွာသွားကြလေသည်။

ချမ်းဝေက ချန်ရှုအား စောင့်ကြပ်ရန် တာဝန်ယူသည်။ သူသည် ကျောအော်လျှံနှင့် ရင်းနှီးသည်။ ထို့ကြောင့် သူ့အဖို့ အဆင်ပြေသည်။

သူသည် လူလေးယောက်အား ခေါ်ဆောင် လာသည်။ စားသောက်ဆိုင်သို့ ရောက်လာသည်နှင့် စားပွဲတစ်လုံးအား ဝိုင်းဖွဲ့ထိုင်ကြလေသည်။

ချမ်းဝေမှာမူ ကျောအော်လျှံ၏ အခန်းသို့ ရောက်ရှိသွားလေသည်။

'ချန်ရှု အခန်းထဲမှာရှိလား'



ကျောအော်လျှံက လက်ကာပြလိုက်သည်။

'တိုးတိုး'

ချမ်းဝေက ထပ်မံမေးလိုက်သည်။

'ချန်ရှုရှိသလား'

'ရှိနေသလိုပဲ'

'ဘယ်လို....ရှိနေသလိုပဲဆိုတာ'

'သူထွက်သွားတာ မတွေ့လို့'

'ကောင်းပြီ၊ ကျုပ်'

သူ၏ စကားမဆုံးမီ အခန်းတံခါးအား တစ်ယောက်ယောက် တွန်းဖွင့်လိုက်လေသည်။

ချမ်းဝေက လှည့်ကြည့်လိုက်ရာ ချန်ရှုအား တွေ့မြင်လိုက်ရလေသည်။ သူသည် ဓားကိုဆွဲထုတ်မည် အပြုတွင် ချန်ရှု၏ ဓားငယ်တစ်လက်သည် သူ၏ရင်ဝသို့ ထောက်ထားလိုက်လေသည်။

'မလှုပ်နဲ့'

ချမ်းဝေက လုံးဝရပ်တန့်လိုက်သည်။ သူသည် ကြောက်ရွံ့နေခြင်းကား မဟုတ်ပါ။ ချီဝူရဲက လုံးဝမလှုပ်ရဘူးဟု မှာကြားလိုက်သည် မဟုတ်ပါလော။

ရှုတ်တရက် ဖြစ်ပေါ်လာသော အခြေအနေ တစ်ခုအား မိန်းမသည် ယောကျ်ားထက် တုံ့ပြန်မှုမြန်သည်ဟု အဆိုရှိသည်။

ဤစကားသည် မှန်ကန်သည်ဟု ဆိုရပေမည်။ ကျော်အောင်လှ က ရင်ထိတ်သွားရာမှ ချက်ချင်း စိတ်ကိုထိန်းနိုင်ခဲ့သည်။

'ထိုင်ပါရှင်'

သူက မျက်နှာချိုသွေး၍ ကုလားထိုင်တစ်လုံး ထိုးပေးလိုက်သည်။ ချန်ရှုက လက်ယမ်းပြလိုက်သည်။

'ခင်ဗျား ခဏလေး ထွက်ပေးပါ၊ ဟောဒီမိတ်ဆွေကြီးနဲ့ စကားနည်းနည်း ပြောချင်ပါတယ်'

ကျော်အောင်လှ က ခေါင်းညိတ်လိုက်ပြီး အခန်းထဲမှ ထွက်သွားလေသည်။

* * *

ချန်ရှုသည် ချမ်းဝေအား ကြည့်နေ၏။ ချမ်းဝေတလည်း ချန်ရှုအား ကြည့်နေသည်။ သူတို့သည် စကားတစ်ခွန်းမှမပြောဘဲ ဤအတိုင်း ကြည့်နေကြသည်။



တစ်ခဏကြာတော့မှ ချန်ရှုက ရယ်မောလိုက်သည်။

'ဟား....ဟား....ဟား'

ချမ်းဝေက ကြောင်အမ်းအမ်း ဖြစ်သွားသည်။

'ခင်ဗျား ဘာကိုရယ်နေရတာလဲ'

ချန်ရှုက....

'ရယ်မောတာဟာ အစစအရာရာ အဆင်ပြေနိုင်စေတယ်လို့ ရှေးပညာရှိ တစ်ဦးက မိန့်ကြားခဲ့တယ်၊ သိပ်ကိုမှန်တာပဲဗျာ'

သူက ရယ်မောရင်း....

'ဟော အခု ခင်ဗျားနဲ့ ကျုပ်ရဲ့ တင်းမာနေရာက နည်းနည်းလေး လျော့မသွားဘူးလား'

ချန်ရှု၏စကားမှာ မှန်ကန်နေသဖြင့် ချမ်းဝေက ခေါင်းညိတ်လိုက်ရလေသည်။

ချန်ရှုက ပြုံး၍....

'ဒါနဲ့ ခင်ဗျားက ကျုပ်ကိုမေးသံကြားပါတယ်၊ အဲဒါ ဘာကိစ္စရှိလို့လဲ'

ချမ်းဝေက မည်ကဲ့သို့ပြန်ပြောရမှန်းမသိ ဖြစ်နေ၏။ ချန်ရှုက ကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်သည်။

'ချိဝ္ဇူရဲ့က ကျုပ်ကိုစောင့်ကြည့်ဖို့ လွှတ်လိုက်တယ် မဟုတ်လား'

ချမ်းဝေက ကြောင်အမ်းအမ်း ဖြစ်သွားသည်။ မိမိတို့၏ လျှို့ဝှက်ချက်ကို မည်ကဲ့သို့ သိသွားသည်ကို အံ့သြနေ၏။

ချန်ရှူက ပြုံး၍ စကားဆက်လိုက်သည်။

'နောက်ပြီး လီယင်ချူးတို့ကိုလဲ လူစုခဲ့ပြီး စောင့်ကြပ်ခိုင်းထားတယ် မဟုတ်လား'

'ခင်ဗျားက ဘယ်လိုလုပ် သိလိုက်သလဲ'

ချမ်းဝေက လွှတ်ခနဲမေးမိပြီးမှ မိမိစကား မှားသွားမှန်း သတိရလာလေသည်။

သူသည် ချန်ရှူအား မလုံမလဲ ကြည့်နေ၏။ ချန်ရှူက ပြုံးလိုက်သည်။

'ခင်ဗျားက သူ့ငှားထားတဲ့ လုံခြုံရေးမှူးပါ၊ သူခိုင်းတာ လုပ်ပေးရမှာပေါ့'

ချမ်းဝေက မည်ကဲ့သို့ ပြန်ပြောရမှန်းမသိ ဖြစ်နေ၏။

ချန်ရှူက....

'ခင်ဗျား တာဝန်အရ ဆက်လက် ဆောင်ရွက်ပါ၊ ကျုပ် အပြစ်မမြင်ပါဘူး'

သူက ပြောပြီး ထရပ်လိုက်သည်။



'အခု ကျုပ်က ကျုပ်အခန်းမှာ အိပ်ရေးဝဝ အိပ်လိုက်ဦးမယ်'

သူကပြောပြီး အခန်းတံခါးရှိရာသို့ လျှောက်သွားသည်။ ချမ်းဝေက နားမလည်နိုင်ဘဲ သူ့အားကြည့်နေ၏။

ချန်ရှူသည် တံခါးပေါက်ရောက်တော့မှ သူ့အား လှည့်ကြည့်လိုက်သည်။

'ဒါနဲ့ မိတ်ဆွေကို မေးရဦးမယ်'

သူကပြုံး၍....

'ခင်ဗျား ဖြေချင်တဲ့ စေတနာရှိမှ ဖြေပါ၊ မဖြေလဲ ရပါတယ်'

ချမ်းဝေက သက်ပြင်းတစ်ချက်ချလိုက်သည်။

'မေးပါဗျာ၊ ဖြေနိုင်ရင်တော့ ကျုပ်က ဖြေပါ့မယ်'

ချန်ရှူက....

'ချိဝ္ဇူရဲနဲ့ ဟိန်စုရဲတို့ဟာ ရန်သူလား'

ချမ်းဝေက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်'

ချန်ရှူက....

'သူတို့ ဘာကြောင့် ရန်သူအထိ ဖြစ်လာတာလဲ'

'မသိဘူး၊ မေးလို့လဲ မရဘူး'

'တစ်ခုတော့ ထပ်မေးရဦးမယ်'

'သူတို့ တစ်ယောက်နဲ့တစ်ယောက် ပြေပြေလည်လည်ဖြစ်အောင် မကြိုးစားကြဘူးလား'

'တစ်ကြိမ်တော့ ကြိုးစားဖူးပါတယ်၊ ဒါလဲ နှစ်အတော်ကြာပါပြီ'

'သူတို့နှစ်ယောက် မျက်နှာစုံညီ ဆွေးနွေးကြတာလား'

'ဟုတ်တယ်၊ သူတို့ဟာ အခန်းတစ်ခန်းထဲမှာ နှစ်ယောက်ထဲ တစ်နာရီကြာကြာ ဆွေးနွေးခဲ့ဖူးပါတယ်'

'ဘယ်သူက ဘယ်သူ့ဆီကို သွားဆွေးနွေးတာလဲ'

'ဟိန်စုရဲက ချိဝူရဲ့ အိမ်ဂေဟာမှာ သွားပြီး တံခါးပိတ်ဆွေးနွေးကြပါတယ်'

'ဒီတစ်ကြိမ်ပဲလား'

'ဟုတ်တယ်'

'ကျုပ်ဒီကိုရောက်လာခဲ့တာ တစ်ခုတော့ အံ့သြနေမိတယ်ဗျ....'

'ဘာကိုလဲ'

'သူတို့နှစ်ယောက်ဟာ ဘယ်တော့မှ မျက်နှာချင်းမဆိုင်ကြဘူး'



အမှတ် ၁၅/၁၃၈၊

'ဒါကတော့ နှစ်ပေါင်းကြာပါပြီခင်ဗျား'

'ခင်ဗျားဆိုလိုတာက အရင်တုန်းက ခင်ဗျားတို့ တွေ့ဖူးကြတယ် ဟုတ်လား'

'ဟုတ်တယ်၊ တစ်ယောက်နဲ့တစ်ယောက် ရင်းရင်းနှီးနှီးရှိတယ်၊ နောက်မှ ဘယ်လိုဖြစ်သွားမှန်း မသိပါဘူးဗျာ၊ ချိဝူရဲနဲ့ ဟိန်စုရဲတို့ဟာ မတာရန်သူ ဖြစ်လာတော့တာပါပဲ'

'ဟုတ်ကဲ့၊ အခုလိုပြောပြတာကို ကျေးဇူးတင်ပါတယ်'

ချန်ရှုက လက်မြှောက်ပြလိုက်သည်။

'ကျုပ် အခန်းထဲ ပစ္စည်းပြန်အိပ်လိုက်ဦးမယ်'

ချမ်းဝေသည် ချန်ရှုမှာ တကယ်ပင် သူ၏အခန်းထဲသို့ဝင်သွားပြီး အခန်းတံခါးဆွဲပိတ်သွားသည်ကို တွေ့မြင်လိုက်ရလေသည်။

သူသည် ကုလားထိုင်တစ်လုံးအား ဆွဲပြီး အခန်းဝ၌ ထိုင်ချလိုက်သည်။ သူ၏ မျက်လုံးအစုံသည် ချန်ရှု၏ အခန်းတံခါးသို့ ရောက်ရှိနေ၏။

အနတွေ့ ခက်ကြီး

ချန်ရှုသည် တကယ်ပင် မအိပ်ပါ။

သို့သော် သူသည် ခုတင်ပေါ်၌ လဲလျောင်းနေ၏။ သူသည် မီးပုံးအိမ်လမ်းသို့ ရောက်ခါစတွင် သူ၏ လုပ်ဆောင်ချက်ကြောင့် မီးပုံးအိမ်လမ်း တစ်ခုလုံး ဟိုးလေးတကျော်ကျော် ဖြစ်စေလေသည်။

ထို့နောက် သူသည် ကြိုတင်စီမံထားသည့်အတိုင်း တစ်ခုပြီးတစ်ခု အကောင်အထည် ဖော်လိုက်ရာ အစစအရာရာ အောင်မြင်ပြီး မိမိလိုအပ်သည်များကို ရယူနိုင်ခဲ့လေသည်။

တစ်နည်းဆိုရလျှင် သူသည် စတင် လှုပ်ရှားလိုက်သည့် အချိန်ကစပြီး ယခုအထိ အသာစီးမှရနေ၏။

ချိဝူရဲက လူလွှတ်၍ စည်းရုံးသည်။ ဟိန်စုရဲကလည်း လူလွှတ်၍ ဖိတ်ခေါ်လာသည်။ အစစအရာရာ အောင်မြင်လာ



သည်ဟု ဝမ်းသာနေသည့်ကြားမှ လုံမေတစ်ယောက် တာဝန်အရ စေလွှတ်လိုက်ရာမှ ခုထိ ပြန်လည်ရောက်ရှိလာခြင်း မရှိသေးပါ။

ယခု သူသည် သူရင်ဆိုင်နေရသော ရန်သူများသည် သိုးကလေးမဟုတ်တော့ဘဲ ကြောက်မက်ဖွယ်ရာ ကောင်းသော မြေခွေးဖြစ်သည်ကို သူ ရုတ်တရက် သတိရလာလေသည်။

သူသည် သေသေချာချာ တွေးမိလာလေလေ ချိဝူရဲမှာ အလွန်လျှို့ဝှက်သော ပုဂ္ဂိုလ်တစ်ယောက် ဖြစ်သည်ကို နားလည် လိုက်သည်။

တစ်ဖန် အလွန် အေးဓအေးဆေးဆေး နေတတ်သော ဟိန်စုရဲကလည်း ကြောက်မက်ဖွယ်ရာ ကောင်းသော မြေခွေး တစ်ကောင်ပမာ ဖြစ်သည်ကို တွေ့ရှိလာလေသည်။

အခြေအနေအရပ်ရပ်သည် မိမိကမနိုင်မနင်းဖြစ်နေသည်ကို ပြသနေ၏။ ထို့ကြောင့် သူသည် ဆရာထံအကြောင်းကြားရန် ပိရင်းအား စေလွှတ်လိုက်လေသည်။

ပိရင်းက အတွေ့အကြုံ ရင့်ကျက်သည်။ ကိုယ်ဖော့ပညာမည့်၊ သိုင်းပညာလည်း တော်ရုံတန်ရုံသိုင်းသမားတစ်ယောက်အား မှုမည်မဟုတ်ပေ။

ထို့ကြောင့် သူသည် ပိရင်းအတွက် မစဉ်းစားတော့ပါ။ ယခုသူအရေးတကြီးစဉ်းစားနေသည်မှာ လုံမေပင်ဖြစ်သည်။

လုံမေသည် မည်သည့်နေရာသို့ ရောက်နေပါသနည်း။

သူမအား ရန်သူများက မည်ကဲ့သို့ နှိပ်စက်ညှဉ်းပမ်းနေသနည်း။ အကယ်၍ သူမသည် နှိပ်စက်ခြင်းမခံနိုင်သဖြင့် ဟုတ်ကြောင်းမှန်ရာ ထုတ်ဖော် ပြောပြလိုက်ပါလျှင် မိမိနှင့်တကွ ချင်းရှမ်းခင်းအဖွဲ့ တစ်ခုလုံး မစဉ်းစားတတ်အောင် ဘေးအန္တရာယ်များ ကျရောက်လာမည် မဟုတ်ပါလော....

ယခု သူသည် မည်သို့ဆက်လုပ်ရမည်ကို အခက်ကြုံနေ၏။ လုံမေက မည်သူ့လက်ထဲရောက်နေသည်ကို သူမသိ။

နောက်ဆုံး သူသည် လုံး၀ တာ၀န်မပေးရသေးသော မိန်းကလေး နှစ်ယောက်အား စုံစမ်းရေးတာ၀န် ပေးရန် ဆုံးဖြတ်လိုက်လေသည်။

## ချင်းချင်းနှင့် လိန်းလိန်း

ချင်းချင်းနှင့် လိန်းလိန်းတို့သည် ချန်ရှုနှင့်အတူ ပါလာသော မိန်းကလေးနှစ်ယောက် ဖြစ်သည်။

သူတို့သည် မီးပုံးအိမ်လမ်းသို့ ရောက်ပြီး နောက်တစ်နေ့မှ သူမတို့သည် တာ၀န်များကို ထမ်းဆောင်ရန် ထွက်ခွာသွားကြသည်။

ထို့ကြောင့် သူမတို့နှစ်ယောက်မှာ ပျောက်ဆုံးနေ၏။ သူမတို့သည် မည်သည့်နေရာ၌ ရှိနေသနည်း။

ချန်ရှုကလွဲ၍ မည်သူကမှ မသိပေ။ ရန်သူများဘက်မှလည်း သူမတို့နှစ်ယောက်အား တိတ်တဆိတ် လိုက်လံ ရှာဖွေနေကြသည်။

သို့သော်ကျယ်၀န်းလှခြင်းမရှိသော မီးပုံးအိမ်လမ်းတစ်ခုလုံးမှာ ရှာမတွေ့ဘဲ ဖြစ်နေ၏။

သူတို့သည် ထိုမိန်းကလေးနှစ်ယောက်မှာ အခြားနေရာသို့ သွားနေခြင်းဖြစ်သည်ဟု ယူဆပြီး ရှာဖွေသောအလုပ်ကို ရပ်တန့်လိုက်လေသည်။

အမှန်တော့ ချင်းချင်းနှင့် လိန်းလိန်းတို့သည် မီးပုံးအိမ်လမ်းတွင် တစ်ချိန်လုံး ရှိနေပါသည်။

ဤသို့ဆိုလျှင် သူမတို့အား အဘယ့်ကြောင့် ရှာ၍မတွေ့ကြပါသနည်း။ သူမတို့က တစ်နေရာရာ၌ ပုန်းလျှိုးနေ၍လော....

'မဟုတ်ပါ.... သူမတို့သည် ထင်ထင်ပေါ်ပေါ် လှုပ်ရှားနေပါသည်။ သူမတို့သည် ရုပ်ဖျက်ပညာရှင်များ ဖြစ်ကြသဖြင့် ရုပ်ဖျက်ထားသောကြောင့် သူမတို့အား မြင်တွေ့လျက်နှင့် မသိကြခြင်း ဖြစ်လေသည်။

ယခု ချန်ရှုက သူမတို့ထံ ရောက်ရှိလာလေသည်။

* * *

'လောက်ကျိ မီးသွေးဆိုင်'

လောက်ကျိမီးသွေးဆိုင်သည် မီးပုံးအိမ်လမ်းတွင် နှစ်ပေါင်း (၁၀) နှစ်မက ဖွင့်လှစ်ရောင်းချသော ဆိုင်တစ်ဆိုင်ဖြစ်သည်။



ယခုအခါမှာ မီးသွေးဆိုင်၏ပိုင်ရှင်ကွယ်လွန်သွားပြီးနောက် ကျန်ရစ်ခဲ့သော မောင်နှမနှစ်ယောက်က ဆက်လက်လုပ်ကိုင်သည်ကို အများက သိရှိခဲ့သည်။

ယခုမှာမူ ချန်ရှုကမီးသွေးဆိုင်သို့ရောက်နေ၏။ မီးသွေးဆိုင် မောင်နှမတို့အား စာရွက်တစ်ရွက် တိတ်တဆိတ်ပေးပြီး ထွက်သွားလေသည်။

အမှန်မှာ ယခု ချန်ရှု စာရွက်ပေးခဲ့သော မီးသွေးဆိုင်မှ မောင်နှမတို့မှာ ချင်းချင်းနှင့် လိန်းလိန်းတို့ပင် ဖြစ်သည်။

သူမတို့သည် မီးပုံးအိမ်လမ်းသို့ ရောက်လာပြီး နောက်တစ်နေ့မှာ မီးသွေးဆိုင်သို့ သွားရောက်ပြီး မီးသွေးဆိုင် တစ်ဆိုင်လုံး ငွေကြေး များများပေးပြီး ဝယ်ယူလိုက်ခြင်း ဖြစ်သည်။

မီးသွေးဆိုင်မှ မောင်နှမတို့သည် တန်ဖိုးထက်တစ်ဆ ရလိုက်သော ငွေကြေးဖြင့် ညတွင်းချင်းပင် ငွေပိုက်၍ တစ်နယ်တခြားသို့ ထွက်ခွာသွားကြလေသည်။

ရုပ်ဖျက်ပညာရှင် ဖြစ်ကြသော ချင်းချင်းနှင့် လိန်းလိန်းတို့သည် မီးသွေးဆိုင် မောင်နှမအဖြစ် ရုပ်ဖျက်ပြီး မီးသွေးဆိုင်၌ နေထိုင်၍ ချန်ရှုပေးခဲ့သော တာဝန်များကို ဆက်လက်ထမ်းဆောင်နေလေသည်။

ချင်းချင်းက ကိုယ်လုံးကိုယ်ထည် ထွားကျိုင်းနေသဖြင့် ယောကျ်ားလေးကဲ့သို့ ဝတ်စားထားသည်။

လိန်းလိန်းမှာမူ မိန်းကလေးအသွင်ပဲ နေရသည်။ မီးသွေးဆိုင်သည် တစ်ကိုယ်လုံးပေါ့မက မျက်နှာတစ်ခုလုံးလည်း အမြဲတန်း မည်းနေသည် မဟုတ်ပါလော....

ထို့ကြောင့် သူတို့အား မည်သူကမှ သတိမထားကြပေ၊ ချန်ရှုကလည်း သူမတို့ထံ တစ်ခေါက်မှ မရောက်ပါ။

ထို့ကြောင့် သူမတို့သည် ချန်ရှုရောက်ရှိလာသည်ကို ဝမ်းသာကြလေသည်။ သူမတို့သည် ချန်ရှုပေးသွားသော စာရွက်အား ဖြန့်ကြည့်လိုက်သည်။

'လုံမေ.... ပျောက်နေတယ် စုံစမ်းပေးပါ'

ချင်းချင်းနှင့် လိန်းလိန်းတို့သည် ရင်ထိတ် သွားကြလေသည်။

* * *

မီးသွေးဆိုင်ဟူသည် နံနက်တစ်ချိန်သာ သွက်သွက်ရောင်းလိုက်ရသည်။ မွန်းတည့်ချိန် ရောက်ရှိလာသောအခါ လုံးလုံးမရောင်းရတော့ပေ။



ချင်းချင်းနှင့် လိန်းလိန်းတို့သည် မီးသွေးများ ဆက်လက်ရောင်းချပြီး မွန်းတည့်ချိန် ရောက်လာသည်နှင့် ဆိုင်ပိတ်လိုက်လေသည်။

သူမတို့သည် အခန်းထဲ၌ ထမင်းစားရင်း တိုင်ပင်နေကြသည်။ ချန်ရှုပေးလိုက်သော တာဝန်မှာ ဘဲဥအစရှာမရသော တာဝန်နှင့် တူလှ၏။

'ခက်တာပဲ ချင်းချင်း၊ ဒါတွေဘယ်ကဘယ်လိုစပြီး စုံစမ်းရမှာလဲ'

ချင်းချင်းက စားရင်းတန်းလန်း ထမင်းပန်းကန်အားချလိုက်လေသည်။

'ဟုတ်တယ် လိန်းလိန်း၊ သဲလွန်စလေး ရထားရင် တော်သေးတာပေါ့၊ အခုတော့ ...'

သူမတို့သည် ထမင်းကို ဆက်မစားနိုင်ကြတော့ဘဲ ထိုင်၍ တွေဝေနေကြသည်။ လိန်းလိန်းသည် ရုတ်တရက် ခေါင်းမော့လိုက်သည်။

'သဲလွန်စတစ်ခုတော့ စဉ်းစားမိတယ် ချင်းချင်း'

'ဘာကိုလဲ'

'လွန်ခဲ့တဲ့ သုံးလေးရက်လောက်ကစပြီး အဘိုးကြီး တစ်ယောက် မီးသွေး လာဝယ်နေတာကို ချင်းချင်း သတိပြုမိသလား'

'နင်ပြောတာက ဟိုမုတ်ဆိတ်တစ်ခြမ်းဖြူ တစ်ခြမ်းမည်းတဲ့ အဘိုးကြီးလား'

'ဟုတ်တယ်'

'မှတ်မိသားပဲ၊ အဲဒါ ဘာဆိုင်လို့လဲ'

'ဒီအဘိုးကြီးဟာ အရင်တုန်းက တစ်ခါမှလာမဝယ်ဖူးဘူး'

'ဒါက ဘာဆန်းတာမှတ်လို့လဲ၊ သူဝယ်ထားတဲ့မီးသွေး မကုန်သေးလို့ အခုမှလာဝယ်တာ ဖြစ်မှာပေါ့'

'မဟုတ်သေးဘူး၊ ဒီအဘိုးကြီးက မျက်နှာစိမ်း၊ဒီလမ်းကလူ မဟုတ်ဘူး'

'နင်ဘာဖြစ်လို့ ဒီလိုပြောနိုင်တာလဲ'

'သူဒေါ်တို့ဆိုင်ကို ပထမဆုံး လာဝယ်တဲ့နေ့မှာ သူပြောသွားတဲ့ စကားကို ပြန်ပြီး သတိရလာလို့ပါ'

'သူက ဘာများ သံသယဖြစ်စရာစကား ပြောသွားလို့လဲ'



'သူက မီးသွေးဆိုင်ကိုလိုက်ရှာလိုက်တာ အခုမှပဲ တွေ့ရတော့တယ်လို့ ပြောခဲ့သေးတယ်လေ'

ချင်းချင်းက မျက်မှောင် ကြုတ်သွားသည်။ စိတ်ဝင်စားလာသည်။

'ဒါဆို ဟုတ်ပြီ၊ ဒီအဘိုးကြီးကို လေ့လာရမယ်၊ သူ ဘယ်က ပြောင်းလာတာလဲ၊ ဒါမှမဟုတ် သူက လူတစ်စုအတွက် ထမင်းချက်ပေးနေရသလား'

'ဖြစ်နိုင်တယ်၊ သူ့ဆီကိုသွားပြီး လေ့လာစုံစမ်းရင် အခြေအနေ သိရတာပေါ့'

ချင်းချင်းက ခေါင်းခါယမ်းလိုက်သည်။

'လိမ်းလိမ်း၊ နင်ဟာ ဆရာရဲ့ဩဝါဒကို မေ့တော့ပါလား၊ ဒီလို တမင်သက်သက် သွားစုံစမ်းရင် ငါတို့အပေါ် သံသယဖြစ်မှာပေါ့'

'ဟုတ်ကဲ့ ချင်းချင်း၊ ငါမှားသွားတယ်၊ သူ မနက်ဖြန်လာဦးမှာပဲ၊ အဲဒီတော့မှ စပ်စုလိုက်မယ်'

'ဟုတ်တယ်၊ ဒါမှလဲ အဖြေမှန်ရမယ်'

သူမတို့သည် လူငယ်ပီပီ တစ်စုံတစ်ခုအဖြေရလာသောအခါ ဝမ်းသာသွားကြလေသည်။

သူတို့သည် ထမင်းကို ဆက်လက် အားပါးတရ စားကြလေတော့သည်။

## သူစိမ်းအဘိုးအို

ချင်းချင်းနှင့်လိန်းလိန်းတို့သည် မီးသွေးရောင်းနေရသဖြင့် အလုပ်ရှုပ်နေ၏။

သူမတို့သည် ရောင်းသာရောင်းနေရသော်လည်း စိတ်မဝင်စားကြပေ။ သူမတို့၏ မျက်လုံးများသည် လာရောက်ဝယ်ယူမည့် အဘိုးအိုအား လှမ်းမျှော်နေ၏။

မီးသွေးဝယ်သူများသည် တဖွဲဖွဲ လာရောက်ဝယ်ယူနေကြရာ သူမတို့ မျှော်လင့်နေသော အဘိုးအိုမှာမူ အရိပ်ပင်မတွေ့ရပေ။

ချင်းချင်းက စိတ်မရှည်ဘဲ ဖြစ်လာလေသည်။

'မမျှော်လင့်တဲ့နေ့မှ မပျက်မကွက် လာတတ်တယ်၊ သူ့ကို မျှော်နေမှ လာကိုးမလာနိုင်ဘူး ဟွန်း'



'သူမက စဉ်းစားရင်း ဟွန်းခနဲအသံထွက်သွားရာ မီးသွေးဝယ်သူက သူ့အား ကြည့်လိုက်တော့မှ သူက ပြုံးပြလိုက်ရလေသည်။

* * *

မီးသွေးဝယ်သူများသည် တဖြည်းဖြည်း နည်းပါးသွားသည်။

သူမ မျှော်လင့်နေသော အဘိုးအိုကား ရောက်မလာသေးပါ။

'သူ့ကိုတွေ့ချင်မှ ပေါ်မလာတော့ဘူး'

ချင်းချင်းက မကျေမနပ်ဖြင့် ဆို၏။

'ဟုတ်တယ်၊ သူ့ကို ဘယ်လိုက်ရှာရမှန်းမသိဘူး'

လိန်းလိန်းကလည်း ဆို၏။

မီးသွေးဝယ်သူများ ပြတ်သွားပြီဖြစ်သည်။ မွန်းတည့်ချိန်ပင် ရောက်လာသည်။

ချင်းချင်းနှင့် လိန်းလိန်းတို့က လုံးလုံး စိတ်ပျက်သွားသည်။ လက်လျှော့လိုက်သည်။

'သမီးလေးတို့....အဘကို မီးသွေးရောင်းပေးပါဦး'

မျှော်လင့်မထားသော အသံ ရုတ်တရက် ကြားလိုက်ရသဖြင့် သူမတို့၏ရင်ထဲ၌ တစ်ချက် လှုပ်ခါသွားသည်။ ပြိုင်တူ လှည့်ကြည့်ကြသည်။

'ဟင်....ဘဘ'

ဟု သံပြိုင်ထွက်သွားကြလေသည်။

သူမတို့၏ ဟန်မူရာများ မြင်တွေ့လိုက်ရသော မီးသွေးဝယ်သူ အဘိုးအိုသည် ရုတ်တရက် ကြောင်အမ်းအမ်း ဖြစ်သွားရလေသည်။

ချင်းချင်းနှင့်လိန်းလိန်းတို့သည် လှုပ်ရှားနေသော စိတ်များ ချက်ချင်း ထိန်းချုပ်လိုက်လေသည်။

လိန်းလိန်းက အပျင်းတစ်ချက် ဆန့်လိုက်သည်။

'အဘက နောက်ကျလှချည်လား၊ ကျွန်မတို့တောင် ဆိုင်ပိတ်တော့မလို့'

အဘိုးအိုက မီးသွေးခြင်း လှမ်းပေးလိုက်သည်။



'နောက်ကျဆို အဘက ကလေးမတစ်ယောက်ကို နံနက်စာ ကျွေးနေလို့ပါ၊ ခါတိုင်းအချိန်ထက် နည်းနည်းပဲ နောက်ကျတာပါ'

'ဩော်....ဟုတ်သားပဲ၊ အဘမှာ သမီးလေး ရှိသေးတယ် မဟုတ်လား'

'သမီးမဟုတ်ပါဘူး၊ အဲ့....မီးသွေးချိန်ပေးပါလေ'

လိန်းလိန်းက မီးသွေးချိန်ပေးသည်။

ချင်းချင်းက ပြုံးပြလိုက်သည်။

'အဘက ဘယ်မှာနေတာလဲ'

'အဘက မီးပုံးအိမ်လမ်းက မဟုတ်ပါဘူး၊ အခုမှ ခဏ လာနေတာပါ'

'ဟုတ်လား၊ အခုဈော ဘယ်မှာနေတာလဲ'

'ရွာအပြင်ဘက်မှာ'

'ရွာအပြင်ဘက်ဆိုတာ ဘယ်မှာလဲ၊ အရှေ့လား၊အနောက်လား၊ ဘယ်မှာလား'

အဘိုးအိုက ရယ်မောလိုက်သည်။

'ကလေးမက ဒါလောက် သေသေချာချာမေးတာ ဘာလုပ်မလို့လဲ'

ချင်းချင်းက ပြုံးလိုက်သည်။

'အဘဆီကို လာလည်ချင်လို့ပါ'

အဘိုးအိုက လက်သွင်သွင် ခါပြလိုက်သည်။

'မလာနဲ့....မလာနဲ့'

'ဘာဖြစ်လို့လဲ အဘ'

'ဟာ....မလာနဲ့လို့ပြောတာ၊ ကလေးမလေး ဒုက္ခရောက်မှာ စိုးလို့ပါ'

ချင်းချင်းနှင့် လိန်းလိန်းတို့သည် တစ်ယောက်မျက်နှာ တစ်ယောက် တစ်ချက်ကြည့်လိုက်သည်။

ချင်းချင်းက....

'ဘာဖြစ်လို့လဲ ဘဘ'

အဘိုးအိုက သက်ပြင်းတစ်ချက် ချလိုက်သည်။

'အဘက ဒီဒေသက မဟုတ်ပါဘူး၊ မြင်းပွဲရှိနယ်မြေမှာ နေတယ်၊ မြင်းကုန်သည်က ထမင်းချက်ဖို့ခေါ်လို့ လိုက်လာ



တာ၊ ငွေလေးဘာလေး ရလို့ပါ၊ ဒါကြောင့် လိုက်မလာနဲ့လို့ ပြောတာ'

'ဩ်....ဟုတ်ကဲ့၊ ဒါနဲ့ အဘက ကလေးတစ်ယောက်ကို အစာကျွေးနေရတယ်ဆို သူကဘယ်သူလဲ၊ နေမကောင်းလို့ ကျွေးနေရတာလား'

အဘိုးအိုက ခေါင်းဆတ်လိုက်သည်။

'ခက်တာပဲ မိန်းကလေးတို့က စပ်စုဘတ်ကြတယ်၊ ကလေးမက အဘရဲ့သမီး မဟုတ်ဘူး၊ နေမကောင်းလို့လဲ မဟုတ်ဘူး၊ မြင်းပွဲရှိကလူတွေ ဖမ်းလာတာ၊ သူ့ကို ကြိုးနဲ့တုပ်ထားလို့ အဘက ခွံ့ကျွေးနေရတာ'

ချင်းချင်းနှင့်လိန်းလိန်းတို့ မျက်နှာကွက်ခနဲ ပျက်သွားကြလေသည်။

'သူ့ကို ဘာဖြစ်လို့ ဖမ်းထားကြရတာလဲ'

'ကလေးမက မြင်းသူခိုးဆိုပဲ၊ သူတို့မြင်း ခဏခဏ အခိုးခံခဲ့ရလို့ အခုမှပဲ မိတော့တယ်လို့ ပြောတယ်'

အဘိုးအိုလည်း ငွေပေးပြီး မီးသွေးခြင်းကိုဆွဲ၍ ထွက်သွားလေသည်။ ချင်းချင်းနှင့်လိန်းလိန်းတို့သည် ငေး၍ ကျန်ရစ်ခဲ့လေသည်။

* * *

နေဝင်သွားပြီးဖြစ်သည်။

ပိရင်းတစ်ယောက် ပြန်လည်ရောက်လာခြင်း မရှိတော့ပါ။

ချန်ရှူက မျှော်နေရင်း ရင်ထဲ၌ ပူလောင်လာသည့် အရသာများ ခံစားလိုက်ရသည်။

ညမှောင်၍ လာသည့်တိုင် ပိရင်းက ပြန်မလာသေးပါ။ ချန်ရှူက စိုးရိမ်ပူပန်လာလေသည်။

ညဦးပိုင်းပင် ရောက်ရှိလာသည်။ ပိရင်းတစ်ယောက် လုံးဝပေါ်မလာပေ။ ချန်ရှူက စိတ်ခေတ်ကျလာသည်။ ယခုမှ သူသည် ပိရင်းအပေါ် မည်မျှချစ်နေသည်ကို နားလည်လိုက်သည်။

'ပိရင်းရယ်၊ မင်းတစ်ခုခုများဖြစ်ခဲ့ရင် ငါရင်ကျိုးရတော့မှာပဲ'

သူသည် အိပ်၍မပျော်တော့ပါ၊ လက်နှစ်ဖက်နောက်ပစ်၍ အခန်းထဲသို့ ခေါက်တုံ့ခေါက်ပြန် လျှောက်နေ၏။

ညမှောင်လာသည်နှင့် ချမ်းဝေတို့ လူစုသည် တပ်ခေါက်ပြန်သွားပြီဖြစ်သည်။

သူက ထွက်မည်ဆိုလျှင် ထွက်၍ရသည်။ သို့သော် ပိရင်းပြန်မလာမချင်း သူက စိတ်အေးနိုင်လိမ့်မည် မဟုတ်ပါ။



'ဒေါက်....'

ခဲလုံးတစ်လုံးပစ်လိုက်သော အသံဖြစ်သည်။

ချန်ရှူက စိတ်လှုပ်ရှားသွားသည်။

'ပိရင်းပြန်လာပြီလော'

ဟု စိတ်ထဲ၌ ရေရွတ်မိသည်။ သူက ပြတင်းပေါက်အားဖွင့်လိုက်ရာ လူရိပ်တစ်ခု လွှားခနဲ အခန်းထဲသို့ ခုန်ဝင်လာလေသည်။

မီးရောင်အောက်တွင် ထိုလူမှာ ပိရင်းမဟုတ်။ မီးသွေးဆိုင်၌ တာဝန်ကျနေသော ချင်းချင်းဖြစ်သည်။

ချင်းချင်းရောက်လာလျှင် လုံမေ၏သတင်း ရလာခြင်းဖြစ်သည်ကို သူက ချက်ချင်း နားလည်လိုက်သည်။

'ချင်းချင်း လုံမေသတင်းရပြီလား'

သူက လေသံဖြင့် မေးလိုက်သည်။

ချင်းချင်းက ခေါင်းညိတ်ပြသည်။ ထို့နောက် သူမစုံစမ်းခဲ့သော မီးသွေးဝယ်သော အဘိုးအိုအကြောင်းများကို ရှင်းပြလိုက်သည်။

ချန်ရှူက အနည်းငယ်စဉ်းစားလိုက်ပြီး....

'ဒါဖြင့် နင်နဲ့ငါ သွားကယ်ကြမယ်'

*　*　*

မီးပုံးအိမ်လမ်းမှ ထွက်လာသောအခါ အုန်းမောင်းခေါက်သံ နှစ်ချက်တိတိ ရှိနေပေပြီ။

သူတို့သည် အနီးရှိ ရွာကလေးတစ်ရွာရှိရာသို့ ပြေးလွှားသွားနေခြင်းဖြစ်သည်။

အကြောင်းမှာ မီးသွေးဝယ်သော အဘိုးအိုသည် ဤဘက်မှ လာရောက်ခြင်းဖြစ်သည်ကို ချင်းချင်းက ယုံကြည်သည်။

ထို့ကြောင့် ထိုရွာကလေးသို့ ထွက်လာခဲ့ခြင်း ဖြစ်သည်။ ထိုရွာကလေးမှာ အိမ်ခြေဆယ်အိမ်မျှသာရှိသည်။

ထို့ကြောင့် သူတို့သည် အဘိုးအိုနေထိုင်သော အိမ်ကလေးသို့ ချဉ်းနင်းဝင်ရောက်နိုင်ခဲ့လေသည်။

အဘိုးအိုက မအိပ်သေးပေ။ အိပ်ခန်းထဲ၌ထိုင်၍ ဆေးတံဖွာနေ၏။ သူသည် ချန်ရှူနှင့် ချင်းချင်း ရုတ်တရက်ဝင်ရောက်



လာသည်ကို တွေ့မြင်လိုက်ရသည်နှင့် အံ့ဩခြင်းမရှိဘဲ ပြုံး၍ပင် နှုတ်ဆက်လိုက်သည်။

'စောစောက ရောက်မယ်လို့ ထင်နေတာ၊ အခုမှပဲ ရောက်လာတာကိုး'

ချန်ရှူနှင့်ချင်းချင်းတို့သည် အံချင်းချင်း တစ်ချက်ကြည့်မိကြသည်။ သူတို့၏ရင်ထဲ၌ ခဲများ ဆွဲထားလိုက်သည့်အလား လေးလံသွားလေသည်။

မီးသွေးဝယ်သော အဘိုးအိုသည် သူမ ထင်ထားသည့် ထမင်းချက် အဘိုးအိုတစ်ယောက် မဟုတ်မှန်း နားလည်လိုက်သည်။

အဘိုးအိုက သူတို့အား ဆက်လိုက်ရန် ထောင်ချောက်ထောင်ထားခြင်းဖြစ်သည်ကို နားလည်လိုက်လေသည်။

'ဖမ်းထားတဲ့မိန်းကလေး ဘယ်မှာလဲ'

ချင်းချင်းက ရှေ့သို့ခြေလှမ်းတိုး၍ မေးလိုက်သည်။

အဘိုးအိုက ထရပ်လိုက်သည်။ သူက အေးဆေးစွာ ဆေးတံဖွာလိုက်ပြီးမှ ပြုံးလိုက်၏။

'ရှိတာပေါ့'

'သူ့ကိုထုတ်ပေး'

ချင်းချင်း၏အသံ ဟိန်းထွက်သွားသည်။

အဘိုးအိုမှာမူ အေးတိအေးစက်သော လေသံဖြင့်....

'ထုတ်ပေးဖို့တော့ ဟုတ်ပါပြီ၊ ဒါပေမယ့် ကျုပ်ရဲ့အဖော်ကို မေးရဦးမယ်'

'ရှင့်အဖော် ဘယ်သူလဲ၊ ဘယ်မှာလဲ'

အဘိုးအိုက သူ၏ဆေးတံအား မြှောက်ပြလိုက်သည်။

'သူပါပဲ'

သူ၏စကားဆုံးသွားသည်နှင့် ဆေးတံဖြင့်ချင်းချင်း၏ ခန္ဓာကိုယ်ပေါ်ရှိ သွေးကြောနေရာသို့ တိုက်ခိုက်လိုက်လေသည်။

ချန်ရှုက ရင်လေးသွားသည်။ အဘိုးအို၏ လှုပ်ရှားပုံမှာ ထိပ်တန်း သိုင်းပညာရှင် တစ်ယောက်မှန်း သိရှိလိုက်သည်။

အဘိုးအို၏ တိုက်ခိုက်မှုနှင့် ရင်ဆိုင်လိုက်တော့မှ ထိုအဘိုးအိုမှာ သိုးယောင်ဆောင်သော ကျားဖြစ်သည်ကို ချင်းချင်းက နားလည်လိုက်လေသည်။

သို့သော် သူမသည် အသိနောက်ကျသွားချေပြီ။ သူမသည် သိုင်းကွက်(၁၀)ကွက်မျှပင် မယှဉ်မိသေးပါ။

အဘိုးအို၏ဆေးတံသည် သူမ၏သွေးကြောအား ထောက်မိသွားလေသည်။ ချင်းချင်း လဲကျသွားသောအခါ ချန်ရှုသည် ဓားကိုဆွဲထုတ်ပြီး လျှပ်တစ်ပြက် ဝင်ရောက်တိုက်ခိုက်လိုက်သည်။



သို့သော် အဘိုးအိုက နောက်သို့ဆုတ်သွားသည်။ တစ်ချိန်တည်းမှာပင် လူ(၆)ယောက်သည် ရုတ်တရက် ပေါ်လာပြီး ချန်ရှုအား တိုက်ခိုက်လိုက်သည်။

ချင်းချင်းသည် မြေပေါ်၌ လဲလျောင်းနေပြီ ဖြစ်သည်။ သူမသည် သွေးကြောပိတ်ခံထားရသဖြင့် ခြေလက်များ လုံးဝ မလှုပ်နိုင်ဘဲ လူ(၆)ယောက်က ချန်ရှုအား ဝိုင်းရံတိုက်ခိုက်နေသည်ကို ကြည့်နေရသည်။

သူမ၏ ရင်ထဲ၌ ပူလောင်လာလေသည်။ စိုးရိမ်လာလေသည်။

လုလင်ဝက်ပါခေါ်

ချန်ရှုသည် ဓားသမား(၆)ယောက်နှင့် ရင်ဆိုင်တိုက်ခိုက်နေ၏။

အဘိုးအိုမှာမူ အေးဆေးစွာဖြင့် ဆေးတံဖွာရင်း ကြည့်နေ၏။ ချန်ရှုက လူ(၆)ယောက်နှင့် ရင်ဆိုင် တိုက်ခိုက်နေရသော်လည်း လုံးဝမမှုချေ။

သို့သော် သိုင်းကွက်(၂၀)ခန့် ယှဉ်ပြိုင်လာသောအခါ သူသည် မိမိအဖို့ အခြေအနေမဟန်မှန်း သိလိုက်သည်။

ထိုလူ(၆)ယောက်သည် တစ်ဦးချင်းမှာ သိုင်းပညာမပြောပလောက်ပေ။ သို့သော်သူတို့(၆)ယောက်ပေါင်း၍ တိုက်ခိုက်လာသောအခါ အားမာန်(၆)ဆ ပို၍ ပြင်းထန်လာသည်ကို တွေ့ရှိရလေသည်။

သို့တိုင်အောင် သူက မမှုသေးပါ။



သူစိုးရိမ်နေသည်မှာ အဘိုးအိုအား ပါဝင်တိုက်ခိုက်လာခြင်းဖြစ်သည်။ အကယ်၍သာ အဘိုးအိုက ပါဝင်တိုက်ခိုက်လာလျှင် မိမိအဖို့ မျှော်လင့်ချက် ရှိတော့မည် မဟုတ်ပါ။

သူသည် မိမိမှာ မဆင်ခြင်မိသည်ကို ကြီးစွာ နောင်တရလာလေသည်။ သူတွေးထင်သည့်အတိုင်း အဘိုးအိုသည် သူ့လူများနိုင်မည် မဟုတ်ဟု သိလာသဖြင့် ထိုင်ရာမှထလိုက်လေသည်။

'အသုံးမကျတဲ့အကောင်တွေ၊နောက်ဆုတ်ကြစမ်း'

သူ၏အသံ ကြားလိုက်ရသော လူ (၆) ယောက်တို့သည် နောက်သို့ ပြိုင်တူ ဆုတ်သွားကြလေသည်။

ချန်ရှုက ဓားကိုအသင့်ပြင်လျက် အဘိုးအိုအား ကြည့်နေ၏။

'အဘ ဘယ်သူလဲ'

သူသည် အဘိုးအိုမှာ နှယ်နှယ်ရရပုဂ္ဂိုလ်မဟုတ်မှန်း သိလိုက်သဖြင့် မေးလိုက်ခြင်း ဖြစ်သည်။

အဘိုးအိုက မဲ့ပြုံးပြုံးလိုက်လေသည်။

'မင်းသေခါနီးမှာ သိသွားပါစေမယ်'

သူ၏ စကားဆုံးသွားသည်နှင့် သူ့လက်ထဲမှ ဆေးတံသည် ချန်ရှုထံသို့ တိုက်ခိုက်လိုက်လေသည်။

သူ၏ သိုင်းကွက်တစ်ကွက်သည် သုံးကွက်အထိ လှုပ်ရှားသွားသည်။ ဆေးတံ၏ထိပ်သည် ချန်ရှု၏ ခန္ဓာကိုယ်ပေါ်ရှိ သွေးကြောနေရာသို့ ချိန်၍ တိုက်ခိုက်နေခြင်း ဖြစ်သည်။

ချန်ရှုသည် သတိကြီးစွာဖြင့် ရင်ဆိုင်လိုက်လေသည်။ ကျန်ရှိသော လူ (၆) ယောက်တို့မှာမူ သူ့အား ဝိုင်းရံထားသော အနေအထားဖြင့် နေရာယူထားကြလေသည်။

သူတို့၏ တိုက်ပွဲသည် နွေးကွေး၏။ လေးလံ၏။ သို့သော် သိုင်းကွက်တိုင်းမှာ ကြောက်ခမန်းလိလိ ဖြစ်သည်။

* * *

ကောင်းကင်တစ်ခုလုံး မှောင်မည်းနေ၏။

လရောင်မရှိ-ကြယ်ကလေးများလည်း ပျောက်နေ၏။ ပိရင်းသည် ကိုယ်ဖော့ပညာကို အသုံးပြုကာ ပြေးလွှားနေ၏။

ချန်ရှုသည် သတ္တိရှိသည်။ ဉာဏ်ရှိသည်။ တော်ရုံတန်ရုံ ကိစ္စမျှ၍ ဆရာသမားထံသို့ ယခုကဲ့သို့ အလျင်အမြန် အကူအညီ မတောင်းခိုင်းပါ။



ယခုသူက အရေးတကြီး တောင်းခံခိုင်းခြင်းမှာ သေရေးရှင်ရေးတမျှ အရေးကြီး၍ ဖြစ်သည်ကို သူမက နားလည်လိုက်သည်။

သူမသည် မည်ကဲ့သို့ အရေးကြီးနေမည်ကို မသိရပေ။ သို့သော် သူမသည် ဆရာဖြစ်သူထံ အမြန်ဆုံး အရောက်သွားရန်သာ ကြိုးစားနေရသည်။

သူမသည် စိတ်လော၍လားမသိ၊ သူမနောက်တွင် လူရိပ် (၄) ခုက ထက်ကြပ်မကွာ လိုက်လာနေသည်ကို သူမက မသိလိုက်ချေ။

မီးပုံးအိမ်လမ်းမှ စတင်ထွက်ခွာလာစဉ်တုန်းက သူမသည် မကြာခဏ သူမနောက်မှာ လူများ လိုက်လာခြင်းကို အလိုလို သတိပြုမိသေး၏။

လူသူလိုက်လာခြင်း မရှိသည်ကို တွေ့ရှိပြီးနောက် သူမသည် စိတ်ချလက်ချ ဆက်လက်ထွက်ခွာလာခြင်း ဖြစ်လေသည်။

အမှန်တော့ ရန်သူများသည် အလွန်ပါးနပ်သည်မှာ ထင်ရှားသည်။ သူမစတင် ထွက်ခွာလာစဉ်တုန်းက တွေ့ရှိလိုက်သော်လည်း သူတို့သည် သူမနောက်သို့မလိုက်ဘဲ အခြားလမ်းမှ တစ်ဆင့် ဖြတ်ကျော်ပြီး သူမအား ကြို၍စောင့်နေ၏။

သူမဖြတ်ကျော်သွားတော့မှ သူမနောက်သို့ တိတ်တဆိတ် လိုက်လာကြခြင်း ဖြစ်လေသည်။

ယခု သူမသည် တောင်ကြားလမ်းကလေးတစ်ခုသို့ ချိုးဝင် လိုက်ပြီဖြစ်သည်။ လူရိုင်း(၄)ယောက်အနက် ခေါင်းဆောင်ဖြစ် သူလူက အချက်ပြလိုက်ရာ သူတို့သည် ဆက်လက်မလိုက်တော့ဘဲ ရှည်လျားသော ကိုင်းပင်များကြားသို့ တိုးဝင်သွားကြလေ သည်။

ပိရင်းသည် တောင်ကြားလမ်းထဲသို့ လှမ်းဝင်လိုက်သည် နှင့် သတိရလာကာ ခြေလှမ်းရပ်တန့်လိုက်သည်။

နောက်သို့လှည့်၍ အကဲခတ် ကြည့်လိုက်လေသည်။ သူမ နောက်တွင် တစ်စုံတစ်ယောက် မတွေ့ရတော့မှ ဆက်လက် ဝင်ရောက် ပြေးလွှားသွားလေသည်။

## ချင်းရှမ်းမင်းအဖွဲ့ ဌာနချုပ်

လူရိုင် (၄) ခုသည် ပိရင်းတောင်ကြားထဲသို့ ပြေးဝင်သွား သည်အထိ ကြည့်ပြီး ခေါင်းဆောင်ဖြစ်သူက အမိန့်ပေးလိုက် လေသည်။

'ချင်းရှမ်းမင်းအဖွဲ့ တည်နေရာ သိလိုက်ပြီ၊ ငါတို့တာဝန် ကုန်ပြီ၊ ခေါင်းဆောင်ကြီးကို ပြန်ပြီး သတင်းပို့ကြမယ်'

သူတို့သည် လမ်းအတိုင်း ပြန်သွားမည်အပြုတွင် လူ (၂၀) ခန့်တို့သည် ဘွားခနဲ ပေါ်လာပြီး သူတို့အား ဝိုင်းရံထား လိုက်လေသည်။

'ချင်းရှမ်းမင်းအဖွဲ့ တည်နေရာကိုသိတဲ့လူ မှန်သမျှ အသက် ရှင်ပြီး မသွားရဘူး'

လူ (၂၀) ထဲမှ ခေါင်းဆောင် ဖြစ်ဟန်တူသော လူက ပြောလိုက်သော စကားဖြစ်သည်။

သူသည် လက်တစ်ချက် ဝှေ့ယမ်းလိုက်ရာ သူ၏လူများသည် ထိုလူ (၄) ယောက်အား ဝိုင်းရံတိုက်ခိုက်လိုက်လေသည်။

လူအများနှင့် (၄) ယောက်။ ထိုခြေရာခံလိုက်လာကြသော လူ (၄) ယောက်သည် ရှေ့ဆင့်နောက်ဆင့် လဲကျသေဆုံး သွားကြလေသည်။

●

## ချင်းရှမ်းမင်းအဖွဲ့ ခေါင်းဆောင်

ချင်းရှမ်းမင်းအဖွဲ့၏ ခေါင်းဆောင်မှာ တုအိဟုန် ဖြစ်သည်။

ယခုသူသည် ပီရင်းနှင့် မျက်နှာချင်းဆိုင်ရှိ ကုလားထိုင်ပေါ်တွင် ထိုင်နေ၏။ ပီရင်းမှာမူ ခေါင်းဆောင်ရှေ့တွင် ခေါင်းငုံ့ထားသည်။

မိမိ၏ပေါ့ဆမှုကို ခွင့်မလွှတ်နိုင်ဘဲ စိတ်မကောင်းဖြစ်နေ၏။ တုအိဟုန်က ပီရင်းအား ကြည့်လိုက်သည်။

'ငါတပည့်မ ပြန်လာမယ့်အခါမှာ ချန်ရှူက ခြေရာခံလိုက်မယ်၊ နင်သူ့ကို သတိထားပါလို့ မပြောလိုက်ဘူးလား'

'ပြောပါတယ်....'

'ဒါဖြင့် ရန်သူလိုက်လာတာကို ဘာဖြစ်လို့ သတိမထားတာလဲ၊ တကယ်လို့ ငါတို့ကင်းပုန်းအဖွဲ့က လက်မဦးရင် အားလုံး ဒုက္ခရောက်လိမ့်မယ်'

'ကျွန်မအပြစ်ပါဆရာ၊ ကျွန်မကို အပြစ်ပေးပါ'

တုအိဟုန်က လက်ကာပြလိုက်သည်။

'ငါ့တပည့်မ အပြစ်ရှိသလို ဆရာတို့မှာလဲ လိုဘာတွေရှိတယ်၊ ဒါတွေထားလိုက်ပါတော့၊ ချန်ရှူရဲ့ အစီအချင်ခံစာလဲ ဖတ်ပြီးလို့ အခြေအနေလဲ သိရပါပြီ၊ ကဲ....ငါတို့ဘာကြောင့် နင်တို့ ငါးယောက်အဖွဲ့ကို မီးပုံးအိမ်လမ်းကို စေလွှတ်ရတယ် ဆိုတာ ပြောပြပါမယ်'

ပိရင်းသည် ဆရာဖြစ်သူက ပြောပြမည်ဟု ကြားလိုက်ရသောအခါ စိတ်အားထက်သန်လာလေသည်။

တုအိဟုန်က သူ့ရှေ့တွင် ထိုင်နေကြသော လက်ရွေးစင်တပည့်(၁၂)ယောက်တို့အား ယခု ဆက်လက်ထမ်းဆောင်ရမည့် တာဝန်နှင့် အဘယ်ကြောင့် ယခုကဲ့သို့ စစ်ဆင်ရေးပြုလုပ်ရသည့် အကြောင်းများကို ဖွင့်ဟ ပြောပြလိုက်လေသည်။

* * *



'သူရဲကောင်း လိကျစိန်ဟာ စန်းတုံးနယ်ကို သိမ်းပိုက်လိုက်တဲ့အခါ မြို့စားကြီးထန်မုနဲ့ သူဌေးကြီး ထန်ကျန်တို့ဟာ ပျောက်ဆုံးသွားပါတယ်၊ ဆရာတို့အဖွဲ့က လှုဖြန့်ပြီးရှာဖွေသော်လဲ သတင်းအစအနမှ မရလိုက်ပါ၊ ဒါကြောင့် ဒီကိစ္စမှာ တို့လို့ တန်းလန်းနဲ့ ပြီးသွားမလိုလို ဖြစ်ခဲ့ရတယ်'

တုအိဟုန်သည် လက်ရွေးစင်တပည့် (၁၂) ယောက်အား အတိုချုံး၍ ပြောပြလိုက်သည်။

'ဒီလိုနဲ့ နှစ်ပေါင်း ကြာလာတဲ့အခါ ဒီကိစ္စကို လုံးဝမေ့တော့မလိုလို ဖြစ်တဲ့အခါမှာ ငါတို့ ချင်းရှမ်းမင်းအဖွဲ့က လျှို့ဝှက်ဖျက်ဆီးရေးသမား တစ်ယောက်ကို ဖမ်းမိလိုက်တယ်၊ သူ့ကို စစ်ဆေးတော့မှ မြို့စားကြီးထန်မု သေဆုံးသွားပြီး ထန်ကျန်ဟာ လျှို့ဝှက်အဖွဲ့တစ်ဖွဲ့ ထားတယ်လို့ သိရတယ်'

ပိရင်းက....

'ဒါဖြင့် ဖျက်ဆီးရေးသမားဟာ ထန်ကျန်လွှတ်လိုက်တာ ဖြစ်ရမယ် ဟုတ်လားဆရာ'

'ဟုတ်တယ်'

တုအိဟုန်ကပင် စကားဆက်လိုက်သည်။

'ဒီကိစ္စမှာ အေးအေးဆေးဆေးနေလို့ မဖြစ်ဘူးဆိုတာ ဆရာသိလိုက်တာနဲ့ တန်ပြန်လှုပ်ရှားဖို့ စီမံကိန်း ချလိုက်ရပါတယ်'

ပီရင်းသည် နားထောင်ရင်း ပို၍ စိတ်ဝင်စားလာလေသည်။

တုအိဟုန်က....

'ဆရာက သတင်းစုံစမ်းထောက်လှမ်းဖို့ လူလွှတ်တဲ့အခါ ထန်ကျန်ဟာ မီးပုံးအိမ်လမ်း ရောက်နေတယ်လို့ သိရပါတယ်'

ပီရင်းက မျက်မှောင်ကြုတ်သွားသည်။

'မီးပုံးအိမ်လမ်းမှာ ထန်ကျန်ဆိုတာ လိုက်စုံစမ်းတော့ ဘယ်သူမှ မသိကြပါဘူး'

တုအိဟုန်က ပြုံးလိုက်သည်။

'ဟုတ်တယ်၊ မီးပုံးအိမ်လမ်းမှာ ထန်ကျန်ဆိုတဲ့လူ မရှိဘူးဆိုတာ ဆရာလဲ စုံစမ်းပြီးပြီ၊ ဒါပေမယ့် သူက နာမည်ပြောင်းထားမှာ'

ပီရင်းက....

'မီးပုံးအိမ်လမ်းဟာ နယ်မကျယ်ပေမယ့် လူဦးရေတစ်ထောင်နီးပါး ရှိတယ်ဆိုတာ ကျွန်မသိခဲ့ရတယ်'

တုအိဟုန်က ခေါင်းညိတ်လိုက်သည်။



'ဟုတ်တယ်၊ ဒါပေမယ့် ထန်ကျန်ရဲ့ အသက်အရွယ်ကို ရွေးထုတ်မယ်၊ ဒါဆိုရင် လူတစ်ရာကျော်လောက်ပဲ ကျန်တယ်၊ အဲဒီလူတစ်ရာကျော်ကို ချမ်းသာကြွယ်ဝတဲ့လူကို ထပ်ပြီး စိစစ်လိုက်ရင်....'

သူက ခေါင်းတစ်ချက် ဟန့်လိုက်ပြီးမှ....

'လူဆယ်ယောက်လောက်ပဲ ကျန်တော့တယ်'

ပီရင်းသည် ဆရာဖြစ်သူ၏ အမြော်အမြင်ကြီးပုံကို လေးစားလာလေသည်။ တုအိဟုန်က စကားဆက်လိုက်သည်။

'ထန်ကျန်ရဲ့အသက်အရွယ်၊ နောက်ပြီး ချမ်းသာကြွယ်ဝတဲ့ လူကို စိစစ်လိုက်တဲ့အခါမှာ ဆရာက အတော် ခေါင်းရှုပ်သွားရပါတယ်'

'ဘာဖြစ်လို့လဲဆရာ'

တပည့်(၁၂)ယောက်ထဲက တစ်ယောက်က မေးလိုက်ခြင်းဖြစ်သည်။

တုအိဟုန်က ပြုံးလိုက်သည်။

'ချမ်းသာကြွယ်ဝတဲ့ အတိုင်းအတာဟာ အတော်မှန်းရခက်တယ်၊ တချို့က တကယ်ကျိကျိတက် ချမ်းသာသော်လဲ အစစအရာရာ ချွေချွေတာတာ သုံးတာကို တွေ့ရတယ်၊ တချို့

ကျတော့ မရှိဘဲ ချမ်းသာကြွယ်ဝတယ်လို့ အထင်ကြီးအောင် ဟန်လုပ်တတ်တယ် မဟုတ်လား'

ပီရင်းက သက်ပြင်းချလိုက်သည်။

'တကယ်တော့ မလွယ်ပါဘူး'

တုအိဟုန်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ဒါပေမယ့် ကံကောင်းချင်တော့ ငါတို့အဖွဲ့သားတစ်ယောက်က ချိဝူရဲဆိုသူက သူ့ရဲ့ပြိုင်ဘက်ဖြစ်တဲ့ ဟိန်စုရဲကို မီးပုံအိမ်လမ်းကနေ မောင်းထုတ်ပေးနိုင်ရင် ငွေဒင်္ဂါးသုံးသောင်းအထိ ပေးမယ်လို့ သတင်းရလာတယ်'

ပီရင်းက နားထောင်ရင်း အနည်းငယ် သဘောပေါက်လာလေသည်။ တုအိဟုန်က ဆက်၍ရှင်းပြသည်။

'ဒါဟာ ဆရာတို့ရဲ့ အခွင့်အရေး တစ်ခုပါပဲ၊ မီးပုံအိမ်လမ်းဟာ နယ်ကျဉ်းကျဉ်းလေးပါ၊ ဘာစီးပွားရေးမှ ကြီးကြီးကျယ်ကျယ် ဖြစ်ထွန်းနိုင်တဲ့နေရာ မဟုတ်ဘဲ ချိဝူရဲက ငွေဒင်္ဂါးသုံးသောင်းပေးပြီး ဟိန်စုရဲကို မောင်းထုတ်ဖို့ ကြံရွယ်တာဟာ သူ့မှာ အတော်ကို ချမ်းသာလို့ ဖြစ်တယ်ဆိုတာ ရှင်းမနေဘူးလား'

'ရှင်းပါတယ်ဆရာ'



စာပည့်ဆယ့်နှစ်ယောက်က ပြိုင်တူဖြေလိုက်သည်။

ပီရင်းက....

'ဒါဖြင့် ချိဝူရဲဟာ ထန်ကျန်ဖြစ်နိုင်တယ် ဟုတ်လား ဆရာ'

တုအိဟုန်က....

'ဟုတ်တယ်၊ ဒါပေမယ့် ချန်ရှုရဲအစီရင်ခံစာမှာ ဟိန်စုရဲက သူ့ကို ရွှေချောင်းသုံးဆယ် လာပေးတယ်လို့ ပါရှိပြန်တယ်ကွယ့်'

ပီရင်းက ခေါင်းရှုပ်သွားသည်။

'အဲဒါ ဟိန်စုရဲက ထန်ကျန်များ ဖြစ်နေမလား'

တုအိဟုန်က ရယ်မောလိုက်သည်။

'အဲဒါ ခက်တာပေါ့၊ ရှင်းရှင်းလေးနဲ့ ရှုပ်လာတယ်'

ပီရင်းက....

'ကျွန်မတော့ မစဉ်းစားတတ်တော့ဘူး'

တုအိဟုန်က ပြုံးလိုက်သည်။

'ရှုပ်လာတယ်ဆိုပေမယ့် တစ်ခုတော့ ရှင်းသွားပါတယ်'

ပိရင်းက....

'ဘာဖြစ်လို့လဲဆရာ'

တုအိဟုန်က....

'ချိုဝူရဲ့ဒါမှမဟုတ် ဟိန်စုရဲ့တို့နှစ်ယောက်ထဲက တစ်ယောက်ယောက်ဟာ ထန်ကျန် ဖြစ်တယ်ဆိုတာ ထင်ရှားနေတယ် မဟုတ်လား'

ပိရင်းက နှားရှင်းသွားလေသည်။

တုအိဟုန်က သက်ပြင်းတစ်ချက် ချလိုက်သည်။

'ဒါပေမယ့် မရှင်းတာ တစ်ခုဖြစ်လာရပြန်တယ်ကွယ့်'

ပိရင်းက....

'ဘာကိုလဲဆရာ'

တုအိဟုန်က မျက်မှောင်ကြုတ်သွားသည်။

'ထန်ကျန်ဟာ အလွန်ချမ်းသာကြွယ်ဝတယ်ဆိုတာ ငါတို့အသိဆုံးပါ၊ ဒါပေမယ့် ကျန်တဲ့တစ်ယောက်က သူ့လောက်နီးနီး ဒါမှမဟုတ် သူ့ထက်ချမ်းသာတာကို တွေ့ရတယ်၊ သူက ဘယ်သူဖြစ်နိုင်သလဲ'



ပိရင်းက....

'သူက မြို့စားကြီးထန်မုကော မဖြစ်နိုင်ဘူးလား'

တုအိဟုန်က ခေါင်းခါယမ်းလိုက်သည်။

'မြို့စားကြီးထန်မုက သေဆုံးသွားပြီပဲ'

ပိရင်းက....

'သူက မသေသေးဘဲ ဖြစ်နေရင်ကော'

တုအိဟုန်က....

'မဖြစ်နိုင်ဘူး၊ သူသေသွားတာကို ဆရာကိုယ်တိုင်လိုက်ပြီး ကြည့်ပြီးပြီ'

ပိရင်းက ပါးစပ်ပိတ်ထားလိုက်သည်။

တုအိဟုန်သည် ပြတင်းပေါက် အပြင်ဘက်သို့ လှမ်းကြည့်လိုက်သည်။

'အခု ငါတပည့်ချန်ရှုက ငါတို့ကို မျှော်တော့မယ်'

သူက ထရပ်လိုက်သည်။

'ကဲ....ပိရင်းနှင့် ငါ့တပည့် ဆယ့်နှစ်ယောက်စလုံး ခရီးထွက်ဖို့ပြင်ပေတော့'

* * *

ချန်ရှုသည် အဘိုးအိုနှင့် သိုင်းကွက်တစ်ရေခန့် ယှဉ်ပြိုင်ခဲ့ပြီး ဖြစ်သည်။ အဘိုးအို၏ အတွင်းအားမှာ အလွန်ပြင်းထန်သည်။

သို့သော် အသက်အရွယ်က အိုမင်းနေသဖြင့် ချန်ရှုအဖို့ ခံသာ၏။ အဘိုးအိုသည် ချန်ရှုအပေါ် ပထမတွင် အထင်သေးခဲ့သည်။

ယခုလက်တွေ့ ယှဉ်ပြိုင်လာသောအခါ ချန်ရှုသည် ငယ်ပင်ငယ်ငြားသော်လည်း သိုင်းပညာအဆင့်မြင့်သည်ကို တွေ့ရသည်။

အချိန်ကြာလာသောအခါ သူသည် အနည်းငယ် မောဟိုက်လာသည်။ သူကဆက်၍ မနေနိုင်တော့ပါ။ သူ၏အဖွဲ့အား အမိန့်ပေးလိုက်လေသည်။

'မင်းတို့ ကြည့်ကောင်းလို့ ကြည့်နေတာလား'

သူ၏လူ ခြောက်ယောက်တို့သည် လက်ပိုက်ကြည့်နေကြရာမှ အဘိုးအို၏ အော်ငေါက်သံ ကြားလိုက်ရတော့မှ သူတို့သည် ဓားကိုယ်စီဖြင့် ဝင်ရောက်တိုက်ခိုက်လိုက်လေသည်။

တစ်ခဏအကြာတွင် သူသည် အခြေအနေ ဆိုးရွားလာလေသည်။ ချင်းချင်းသည် မျက်လုံးပြူး၍ ကြည့်နေရသည်မှအပ မည်သို့မှ မတတ်နိုင်ပေ။



ထိုအချိန် လူတစ်ယောက်၏အသံ အေးစက်စွာ ထွက်ပေါ်လာလေသည်။

'လူငယ်တစ်ယောက်ကို လူစုလူဝေးနဲ့ ဝိုင်းပြီး တိုက်ခိုက်နေတာ ဘယ်သူများမှတ်တယ်၊ အငြိမ်းစား နန်းတွင်းကိုယ်ရံတော်ကြီး ဝမ်းရှောင်ထရုံပေကိုး'

အဘိုးအိုသည် ထိုစကားကြားလိုက်ရသဖြင့် ရင်ထိတ်သွားသည်။ မျက်နှာတစ်ခုလုံးလည်း နီရဲသွားလေသည်။

'ဘယ်သူလဲဟေ့'

သူက အသံထွက်ပေါ်ရာသို့ လှည့်၍ အော်လိုက်ရာ တံခါးပွင့်သွားသည်။ တုအိဟုန်က ပြုံး၍ အခန်းထဲသို့လှမ်းဝင်လိုက်လေသည်။

သူ၏တပည့် ဆယ့်နှစ်ယောက်နှင့် ပိရင်းလည်း ပါလာ၏။ အဘိုးအိုသည် တုအိဟုန်အား မြင်တွေ့လိုက်ရသောအခါ ကြောင်အမ်းအမ်း ဖြစ်သွားသည်။

'တုအိဟုန်'

သူက လွှတ်ခနဲ လေသံထွက်သွားလေသည်။

တုအိဟုန်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ် မိတ်ဆွေကြီး ဝမ်းရှောင်ထရုံ'

ဝမ်းရှောင်ထရုံ အမည်ရှိသော အဘိုးအိုသည် ဆေးတံအားခါးထိုးလိုက်ပြီး တုအိဟုန်ထံသို့ လျှောက်လာသည်။

သူသည် တုအိဟုန်အား စိုက်ကြည့်လိုက်သည်။

'မင်း ခုတလော ပျောက်နေလိုက်တာ ဘယ်ရောက်နေတုန်း'

'လုပ်ငန်းတစ်ခုအတွက် အလုပ်များနေတာ'

တုအိဟုန်က ပြောရင်း ချန်ရှုအား လှမ်းခေါ်လိုက်သည်။

'ချန်ရှု၊ ဒီကိုလာစမ်း'

ချန်ရှုက ကြောင်အမ်းအမ်းဖြင့် အနီးသို့ လျှောက်လာလေသည်။ သူသည် ချန်ရှုအား မိတ်ဆက်ပေးလိုက်သည်။

'သူ့နာမည်က ချန်ရှု'

ဝမ်းရှောင်ထရံက မျက်မှောင်ကြုတ်သွားသည်။

'ငါသူ့ကို သိပါတယ်၊ သူက'

'ကျုပ်ရဲ့တပည့်ပါ'

ဝမ်းရှောင်ထရံ မျက်လုံးပြူးသွားသည်။

တုအိဟုန်က....

'သူ့ကို တာဝန်ပေးထားလို့ ဒီကိုလာခဲ့တာပါ'

'ဟောဗျာ'

ဝမ်းရှောင်ထရံမှာ အံ့ဩသွားသည်။



'သူ မီးပုံးအိမ်လမ်းရောက်လာတာ မင်းက တာဝန်ပေးထားတာ မဟုတ်လား'

'ဟုတ်တယ်'

သူသည် အခန်းထောင့်၌ လဲလျောင်းနေသော ချင်းချင်းအား လက်ညှိုးထိုးပြလိုက်သည်။

'သူလဲပဲ ငါ့ရဲ့တပည့်မပါပဲ'

ဝမ်းရှောင်ထရံက ခေါင်းကို တွင်တွင်ကုတ်လိုက်သည်။

'မင်းဆိုလိုတာက အခုလို မီးပုံးအိမ်လမ်းကိုလာပြီး သောင်းကျန်းနေတဲ့ လူငယ်တစ်စုက မင်းခိုင်းလိုက်တာ ဟုတ်လား'

'ဟုတ်တယ်'

ဝမ်းရှောင်ထရံက အစဉ်းစားခက်သွားရလေသည်။ ချိဝူရဲ၏ စကားအရ ချန်ရှုတို့လူစုသည် မီးပုံးအိမ်လမ်း၏ ငြိမ်းချမ်းသာယာရေးကို လာရောက်ဖျက်ဆီးခြင်း ဖြစ်သည်။

ထို့ကြောင့် သူ့ထံသို့ လာရောက်အကူအညီတောင်းသည်။ သူကလည်း ချိဝူရဲ၏စကားကို ယုံကြည်၍ မိမိ၏အဖွဲ့နှင့်အတူ သောင်းကျန်းနေသော ချန်ရှုအား မီးပုံးအိမ်လမ်းမှ မောင်းထုတ်ရန် ဖြစ်သည်။

သို့သော် သူသည် တုအိဟုန်နှင့် အတူတကွ လက်တွဲ၍ မျိုးချစ်လုပ်ငန်းများကို လုပ်ခဲ့ဖူးသည်။

တုအိဟုန်သည် မတရားအလုပ်ဟူ၍ လုံးဝလုပ်မည် မဟုတ်ဟု ကောင်းစွာ ယုံကြည်သည်။

ထို့ကြောင့် သူက မည်ကဲ့သို့ ဆက်လုပ်ရမှန်းမသိ ငေး၍ ရပ်နေ၏။ တုအိဟုန်က သူ့အနီးသို့ ချဉ်းကပ်သွားသည်။ သူ၏ပခုံးအား အသာအယာ ပုတ်လိုက်လေသည်။

'သူငယ်ချင်း.... ငါ့လူတွေကို အရင်လွှတ်ပေးပါ၊ နောက်မှပဲ ငါကမှန်သလား သူငယ်ချင်းရှုလူက မှန်သလားဆိုတာ လေ့လာပြီးမှ ဘာကို လုပ်သင့်တယ်ဆိုတာ ဆုံးဖြတ်ပါ မကောင်းဘူးလား'

ဝမ်းရှောင်ထရုံသည် စဉ်းစားခြင်းပင် မရှိဘဲ ချင်းချင်း၏ သေွးကြောအား ဖြေပေးလိုက်သည်။

ထို့နောက် ဖမ်းဆီးထားသော လုံမေကိုပါ လွှတ်ပေးလိုက်လေသည်။

'သူငယ်ချင်းကို ယုံကြည်ပါတယ်၊ မင်းလူတွေကို ခေါ်သွားပါ'

'ကျေးဇူးပဲ သူငယ်ချင်း'

တုအိဟုန်သည် ဝမ်းရှောင်ထရံအား ရင်းနှီးစွာ နှုတ်ဆက်ပြီး ထိုရွာကလေးမှ ထွက်လာကြလေသည်။

## လေ့လာသုံးသပ်ခြင်း

မိုးလင်းတော့မည် ဖြစ်သည်။ သို့သော် မိုးမလင်းသေးပါ။

ဤနေရာသည် မီးပုံးအိမ်လမ်းနှင့် (၁၀) မိုင်ခန့် ကွာဝေးသောနေရာ ဖြစ်သည်။

ထိုနေရာသည် လူသူအရောက်အပေါက် နည်းသောနေရာ ဖြစ်သည်။ တောင်ကုန်းကလေးပေါ်၌ ဘုံကျောင်းပျက်တစ်ခု တည်ရှိနေ၏။

ယခု ဤနေရာသို့ လူတစ်စု ရောက်ရှိနေ၏။ ထိုလူစုမှာ တုအိဟုန်တို့၏ လူစုများဖြစ်ကြသည်။ စုစုပေါင်း ဆယ့်ရှစ်ယောက်ရှိသည်။

သူတို့သည် ဝိုင်းဖွဲ့ထိုင်ကြပြီး တုအိဟုန်နှင့် ချန်ရှုတို့၏ ဆွေးနွေးမှုကို နားစွင့်နေကြသည်။

ရှေးဦးစွာ ချန်ရှုက သူ့ရင်ထဲ၌ စိတ်မချနိုင်သော အချက်ကို ထုတ်ဖော် မေးမြန်းလိုက်ခြင်း ဖြစ်လေသည်။

'ဆရာခွင့်ပြုချက်အရ ကျွန်တော်စကားတစ်ခွန်း မေးချင်ပါတယ်'

'မေး'

'ကျွန်တော်တို့အတွင်းရေးကို ဝမ်းရှောင်ထရံက သိသွားပါပြီ၊ သူ့ကို စိတ်ချနိုင်ပါ့မလား'

'စိတ်ချလို့ရတယ်၊ သူနဲ့ဆရာနဲ့ အလုပ်အတူတူ လုပ်ခဲ့တာ အနည်းဆုံး ငါးနှစ်ရှိခဲ့ပါပြီ'

'ဟုတ်ကဲ့၊ သူ့လူတွေကော စိတ်ချနိုင်ပါ့မလား'

'သူ့လူတွေလဲ စိတ်ချယုံကြည်ရတဲ့ မျိုးချစ်ပုဂ္ဂိုလ်တွေပါပဲ'

'ဟုတ်ကဲ့၊ ကျွန်တော် မေးစရာမရှိတော့ပါဘူး'

တုအိဟုန်က ချန်ရှုအား ကြည့်လိုက်သည်။

'ဆရာမေးမယ်၊ သေသေချာချာ ဖြေပါ'

'ဟုတ်ကဲ့ဆရာ'

'မင်း မီးပုံးအိမ်ရောက်လာပြီး လှုပ်ရှားလိုက်တဲ့ လှုပ်ရှားမှုဟာ မီးပုံးအိမ်လမ်းတစ်ခုလုံး တုန်လှုပ် သွားစေပါတယ်၊ ဒါဟာ မဟာဗျူဟာအရမှန်တယ်၊ ဒါပေမယ့်....'

တုအိဟုန်က ခေတ္တနားပြီးမှ....



'မင်းဟာ စစချင်း အောင်မြင်လိုက်တဲ့အတွက် ရန်သူကို အထင်သေးလာတယ် မဟုတ်လား'

ချန်ရှုက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်ဆရာ'

တုအိဟုန်က သက်ပြင်းတစ်ချက် ချလိုက်သည်။

'လူငယ်ဆိုတာ စိတ်အပြောင်းအလဲ လျင်မြန်တယ်၊ မင်းက နိုင်လိုက်တာနဲ့ မုချအောင်မြင်ရမယ်လို့ လုံးလုံးစိတ်ချလိုက်တယ် မဟုတ်လား'

'ဟုတ်ပါတယ်ဆရာ၊ ကျွန်တော် မှားသွားပါတယ်'

တုအိဟုန်၏မျက်နှာ လေးနက်တည်ကြည်လာသည်။

'အေး....မင်းက အချိန်မီ မင်းရဲ့အမှားကိုသိလို့ တော်သေးတာပေါ့'

သူက စကားဆက်လိုက်သည်။

'မင်းရဲ့စာထဲမှာ အလွန်ထက်မြက်တဲ့ ရန်သူနဲ့ရင်ဆိုင်တွေ့ရတယ်ဆိုတာ ပါတယ်၊ ဝမ်းရှောင်ထရံတို့လူစုကို ဆိုလိုတာ မဟုတ်တန်ဘူးထင်တယ်'

'သူတို့မဟုတ်ဘူးဆရာ' -

'ဒါဖြင့် ဘယ်သူတွေကို ဆိုလိုတာလဲ'

'ကျွန်တော်မသိဘူးဆရာ၊ ကျွန်တော်က လုပ်ရင်းကိုင်ရင်း အခြေအနေဟာ ကျွန်တော်ထင်ထားတဲ့အတိုင်း မဟုတ်ဘူးဆိုတာ သိလာပါတယ်'

'မင်းက ဘယ်လိုသိလာတာလဲ'

'ကျွန်တော် ဒီကိုရောက်လာတာမှ အဖွဲ့ငါးယောက်ထဲပါ၊ နောက်ပြီး လေးယောက်က မိန်းကလေးတွေ ဖြစ်နေတယ်၊ သူတို့ဟာ ဒေသခံတွေပါ၊ လူအင်အားမှာ ကျွန်တော်တို့ထက် နိုင်းဆမရလောက်အောင် ကြီးမားပါတယ်၊ အဲဒါကို သူတို့က ဘာကြောင့် ရွေးချယ်ပြီး သုံးဆယ်အထိ ပေးချင်ရတာလဲဆိုတာ စဉ်းစားလာမိပါတယ်'

တုအိဟုန်က ခေါင်းညိတ်လိုက်သည်။

'ဒါမှန်တယ်၊ မင်းအချိန်မီ သဘောပေါက်လာလို့ မဆိုးဘူးလို့ ပြောရမှာပဲ'

သူသည် ချန်ရှု၏ပခုံးအား ပုတ်၍ အားပေးလိုက်သည်။

'မင်းဟာ မီးပုံးအိမ်လမ်းကို ရောက်ရောက်ချင်း စီစဉ်လိုက်တဲ့အတွက် အဟော်ကိုလှတယ်၊ ဒီလိုစီစဉ်လိုက်တဲ့အတွက် မင်းကို ချီဝူရဲကငှားတယ်လို့ မထင်ကြဘဲ မင်းနဲ့ ချီဝူရဲနဲ့ မဟာရန်သူဖြစ်ရမယ်လို့ အားလုံးက ယူဆကြပါတယ်'

'ဟုတ်ကဲ့ပါဆရာ'

တုအိဟုန်က....



'အခုတော့ အားလုံးကို ပြန်စီစဉ်ရပါလိမ့်မယ်'

'ဟုတ်ကဲ့ပါဆရာ'

တုအိဟုန်သည် တစ်စုံတစ်ခုအား အတန်ကြာ စဉ်းစားပြီးမှ....

'ချီဝူရဲနဲ့ ဟိန်စုရဲကို မင်းက ဘယ်သူဟာ ထန်ကျန်လို့ထင်သလဲ'

ချန်ရှုက သက်ပြင်းချလိုက်သည်။

'နှစ်ယောက်စလုံး ထန်ကျန်ဖြစ်နိုင်တဲ့ အချည်အချင်းရှိကြတယ်၊ ဒါကြောင့် ဘယ်သူဟာ ထန်ကျန် ဖြစ်တယ်ဆိုတာ မခန့်မှန်းတတ်အောင် ဦးနှောက်ခြောက်ရပါတယ် ဆရာ'

'ဒါဖြင့် မင်းက ဘယ်သူ့ကိုပိုပြီး သံသယရှိသလဲ'

'ကျွန်တော် ဝေခွဲလို့မရဘူးဆရာ'

တုအိဟုန်က အနည်းငယ် စဉ်းစားလိုက်သည်။

'ကျုပ်ရောက်လာတဲ့ အကြောင်းကို အများသိအောင် အသံလွှင့်လိုက်ပါ၊ ဆရာကိုယ်တိုင် သူတို့နှစ်ယောက်ကို နှဖူးတွေ့ ဒူးတွေ့ တွေ့ရမှ ဖြစ်တော့မယ်'

'ဟုတ်ကဲ့ပါဆရာ'

'ကဲ....မင်းနဲ့ မင်းအဖွဲ့ဝင်တို့ကိုခေါ်သွား၊ ကျေအော်လျှံတည်းခိုခန်းမှာလဲ ကွာခြွမပျက် နေထိုင်ကြပါ၊ အရေးကြီးကြီးသလို ဆရာဆက်သွယ်ပါ့မယ်'

'ဆရာက ဘယ်မှာတည်းမလဲ ဆရာ'

'ကျုပ်နဲ့ တပည့်ဆယ့်နှစ်ယောက်ဟာ ဒီမှာပဲ ယာယီဌာနချုပ်အဖြစ် နေပါမယ်'

ချန်ရှုက ထရပ်လိုက်သည်၊ ပြီးမှ ဦးညွှတ်၍ အရိုအသေပြုလိုက်လေသည်။

'ကျွန်တော်တို့ကို သွားခွင့်ပြုပါဆရာ'

တုအိဟုန်က ခေါင်းညိတ်လိုက်သည်။

'သွားနိုင်ပါပြီ'

ပိရင်းတို့မိန်းကလေး လေးယောက်တို့သည် တုအိဟုန်အား ဂါရဝပြုပြီး ထွက်ခွာသွားကြလေတော့သည်။

* * *

နောက်တစ်နေ့....

ချင်းရှမ်းမင်းဂိုဏ်းချုပ်က မီးပုံးအိမ်လမ်းသို့ ရောက်ရှိနေသော သတင်းသည် မီးပုံးအိမ်လမ်းတစ်ခုလုံးသို့ လွင့်ပျံ့သွားလေသည်။



ဟိန်စုရဲသည် လီယင်ချူးအား ချက်ချင်း ခေါ်တွေ့လိုက်လေသည်။ လီယင်ချူးက နံနက်စာပင်မစားနိုင်ပဲ အရေးတကြီး လိုက်လာလေသည်။

ဟိန်စုရဲသည် လီယင်ချူးအား မြင်တွေ့လိုက်သည်နှင့် ဆီး၍ မေးလိုက်လေသည်။

'ခင်ဗျားနဲ့ ချန်ရှု ဆွေးနွေးခဲ့တာ အခြေအနေ ဘယ်အဆင့် ရောက်နေပြီလဲ'

'တိုးတက်မှုလဲမရှိ၊ ဆုတ်ယုတ်မှုလဲမရှိ တန်းလန်းဖြစ်နေပါတယ်'

'သူ့ဆရာ ရောက်နေတယ်ဆိုတာ ခင်ဗျားကြားသလား'

'ဟုတ်ကဲ့၊ အခုလေးပဲကြားလိုက်ပါတယ်'

'ဒါက ဘာသဘောလဲ သူတို့က ဘယ်လိုခြေလှမ်းလှမ်းဦးမှာလဲ'

လီယင်ချူးက သက်ပြင်းချလိုက်သည်။

'သူတို့ရဲ့ ရည်ရွယ်ချက်က ဘာလဲဆိုတာ ရှင်းရှင်းလင်းလင်း မသိရသေးဘူး၊ ဒါပေမယ့် သူတို့မှာ သူတို့ရဲ့ အကြံအစည်များ ရှိလိမ့်မယ်လို့ ယူဆမိတယ်'

'သူတို့က ဘာအကြံအစည်များ ရှိနေတယ်လို့ ခင်ဗျား ထင်သလဲ'

'ခက်တာက သူတို့ရဲ့ အကြံအစည် မသိရလို့ နို့မဟုတ်ရင် ကိစ္စ လွယ်လွယ်နဲ့ ရှင်းလို့ရတယ်'

'ဒါဖြင့် ငါတို့ဘာလုပ်ကြမလဲ'

ဟိန်စုရဲသည် လက်နှစ်ဖက် နောက်ပစ်လိုက်ပြီး အခန်းထဲ၌ ခေါက်တုံ့ခေါက်ပြန် လျှောက်နေလေသည်။

လီယင်ချူးက မတ်တတ်ရပ်၍ အတန်ကြာ စဉ်းစားပြီးမှ...

'မထူးတော့တဲ့အတူတူ၊ တစ်ပြားမှ အကုန်မခံနဲ့တော့၊ အင်အားစုပြီး ရင်ဆိုင်လိုက်ရုံပေါ့'

လျှောက်နေသော ဟိန်စုရဲ၏ ခြေလှမ်း ရပ်တန့်သွားလေသည်။

'ချီဝူရဲ့ဘက်က လှုပ်ရှားမှုကို ခဏစောင့်ကြည့်ရင် မကောင်းဘူးလား'

လီရင်ချူးက မျက်မှောင်ကြုတ်သွားသည်။

'ကောင်းပါတယ်'

သူက အတန်ကြာ စဉ်းစားပြီးမှ....

'ချီဝူရဲ့တို့လဲ လှုပ်ရှားလာမှာ သေချာတယ်'

## ကြေးစားတပ်ဖွဲ့

စုရှိဟိုင်သည် အခန်း၏ အပြင်ဘက်၌ ရပ်နေ၏။

အခန်းထဲ၌ချီဝူရဲသည် မျက်နှာစိမ်းတစ်ယောက်နှင့် လျှို့ဝှက်တိုင်ပင်နေကြသည်။ ထိုမျက်နှာစိမ်းက မည်သူနည်း။

သူက မသိပါ။ သူတို့ မည်သည့်ကိစ္စ တိုင်ပင်နေကြသည်ကိုလည်း သူကမသိပါ။ ထိုမျက်နှာစိမ်း၏ မျက်နှာထားမှာ လူသေအလောင်းပမာ ဟန်မူရာ လုံးဝကင်းမဲ့သည်။

ထို့ကြောင့် သူတွေ့မြင်လိုက်ရသော လူစိမ်း၏မျက်နှာသည် မူလမျက်နှာမဟုတ်ဘဲ အရေပြား မျက်နှာတု တပ်ထားခြင်းဖြစ်သည်ဟု သူကယုံကြည်သည်။

ဤသည်ကို သူကအံ့သြခြင်း မရှိပါ။ အံ့သြနေခြင်းမှာ ချီဝူရဲသည် အိမ်ထဲမှအိမ်ပြင် မထွက်ဘဲ ထိုလူနှင့် မည်သည့်နည်းပုံ ဆက်သွယ်လာခြင်း ဖြစ်သည်။

သူသည် ချိဝ့ရဲထံသို့ ရောက်ရှိခဲ့သည်မှာ သုံးနှစ်ခန့်ရှိပြီ ဖြစ်သည်။ ချိဝ့ရဲမှာ မိမိထင်ထားသည့် ကုန်သည်ရိုးရိုးတစ်ယောက် မဟုတ်ဘဲ အလွန်လျှို့ဝှက်သော လူတစ်ယောက် ဖြစ်သည်ကို တဖြည်းဖြည်း နားလည်လိုက်လေသည်။

*　　*　　*

အခန်းထဲ၌....

ချိဝ့ရဲနှင့် မျက်နှာစိမ်း တိုင်ပင်ဆွေးနွေးနေကြသည်။

တိုင်ပင်ဆွေးနွေးနေခြင်း ဆိုသည်မှာ မမှန်သေး။ ချိဝ့ရဲက အမိန့်ပေးနေသည်ဟု ဆိုရမည်ဖြစ်သည်။

အကြောင်းမှာ ချိဝ့ရဲက ပြောတိုင်းပြောတိုင်း မျက်နှာစိမ်းက ခေါင်းညိတ်သည်ကို တွေ့ရှိရမည် ဖြစ်သည်။

'တုအိဟုန် ကိုယ်တိုင် ရောက်လာတဲ့သတင်း ကြားမိပြီလား'

'ဟုတ်ကဲ့၊ ဆရာကြီးဆီလာရင်း ကြားလိုက်ရပါတယ်'

'သူတို့အင်အား ဘယ်လောက်ရှိသလဲ သိုင်းပညာရှင် ဘယ်နှစ်ယောက် ပါလာတယ်ဆိုတာကော သိထားသလား'

'မသိသေးပါဘူး ဆရာကြီး'



'အေး....ငါပြောပြမယ်၊ သူတို့ငါ့ပိုင်နက်ထဲ ဝင်ရောက်လာတာနဲ့ အားလုံးသတင်းရထားပြီ၊ ဒါကြောင့် မင်းကို အမြန်ဆုံး ခေါ်လိုက်တာ'

'ဟုတ်ကဲ့'

'သူတို့မှာ တုအိဟုန်နဲ့ တပည့် ဆယ့်နှစ်ယောက် ပါလာတယ်၊ ချန်ရှုတ့်ိုငါးယောက်နဲ့ ပေါင်းလိုက်ရင် ဆယ့်ရှစ်ယောက်တော့ ရှိပါတယ်'

'ဒါဆို စိုးရိမ်စရာ မဟုတ်ပါဘူး'

'ကျုပ်ကလဲ တုအိဟုန်ကလွဲလို့ ဘယ်သူ့ကိုမှ မမှုပါဘူး'

'ကျွန်တော်တို့ ဘာလုပ်ရမယ်ဆိုတာ အမိန့်ပေးပါ'

ချိဝ့ရဲက အနည်းငယ် စဉ်းစားလိုက်သည်။

'ကနေ့ည သူတို့ကို အကဲစမ်းကြည့်စေချင်တယ်'

'ဟုတ်ကဲ့၊ အမိန့်အတိုင်းပါပဲ'

'သူတို့ရဲ့ ယာယီစခန်းကတော့ ဒီကနေ ဆယ်မိုင်လောက် ဝေးတဲ့ ဘုံကျောင်းပျက်တစ်ခုမှာ ရှိတယ်'

ချိဝ့ရဲသည် စားပွဲပေါ်၌ မြေပုံရေးခြစ်ပြသည်။

'အဲဒီမှာ လမ်းကြောင်း သုံးကြောင်း ရှိတယ်၊ မဟန်ရင် အဲဒီလမ်း သုံးလမ်းထဲက တစ်လမ်းလမ်းကို ပြေးပါ။ သူတို့ လိုက်မလာရဲပါဘူး'

'ဟုတ်ကဲ့ဆရာ'

'ကောင်းပြီ၊ မင်းသွားတော့'

*　　*　　*

မျက်နှာစိမ်း ထွက်သွားတော့မှ စုရှိဟိုင်က အခန်းထဲသို့ ဝင်ရောက်သွားလေသည်။

အခန်းထဲ၌ချိဝူရဲအား မတွေ့ရပေ။ သူက ချောင်းတစ်ချက် ဟန့်လိုက်သည်။

'အတမ်း....'

ချိဝူရဲ၏အသံ မကြားရ။ သူက ခေါ်လိုက်ရလေသည်။

'ဝူရဲ'

သူသည် အခန်းတစ်ခုလုံးအား ရှာဖွေကြည့်သည်။ ဝူရဲ၏ အရိပ်ကိုပင် မတွေ့ရ။ စုရှိဟိုင်က အံ့ဩသွားသည်။

ဤအခန်းသည် ကျယ်ဝန်းလှသော အခန်းတစ်ခု မဟုတ်ပေ။ အခန်းထဲ၌ ခုတင်တစ်လုံး စားပွဲတစ်လုံးနှင့် ကုလားထိုင်လေးလုံးခန့်သာ ရှိသည်။

ဤအခန်းသည် သူ၏အိပ်ခန်း မဟုတ်ပါ။ သီးသန့်အခန်းဖြစ်သည်။ ချိဝူရဲ၏ကိစ္စအဝဝကို ဤအခန်းတွင် လက်ခံတွေ့ဆုံပြီး လုပ်ငန်းများ လုပ်ဆောင်သော အခန်းဖြစ်သည်။

သူရောက်လာသည်ကို ချိဝူရဲက မသိလိုက်သဖြင့် သူ၏အိပ်ခန်းသို့ ပြန်သွားလျှင်လည်း အခန်းထဲက ထွက်လာပြီးမှ အိပ်ခန်းသို့ သွားနိုင်မည် ဖြစ်သည်။

ယခုမှာမူ ချိဝူရဲက ထွက်မလာဘဲ မျက်နှာစိမ်းတစ်ယောက်တည်း ထွက်လာသည်ကိုသာ တွေ့ရသည်။

ဤသို့ဆိုလျှင် ချိဝူရဲသည် မည်သည့်နေရာသို့ ရောက်သွားပါသနည်း။

* * *



ညသည် တိတ်ဆိတ်၏။

အထူးသဖြင့် ယခုကဲ့သို့ လူသူ အရောက်နည်းသော ဤဘုံကျောင်းပျက်တွင် ပို၍တိတ်ဆိတ်နေ၏။

တုအိဟုန်တို့ လူစုသည် အိပ်ပျော်သွားကြ၍လား....

မဟုတ်ပါ၊ သူတို့သည် မည်သူကမှ မအိပ်သေးပါ။ တုအိဟုန်က ကြိုတင်ဟောကိန်းထုတ်ထားသည်။

'ဒီမနက် မီးပုံးအိမ်လမ်းမှာ ငါတို့ရောက်ရှိနေတဲ့ သတင်းပျံ့နှံ့သွားရောပေါ့၊ ဒါကြောင့် ကနေ့ည ငါတို့ဆီကို ဧည့်သည်များ လာလိမ့်မယ်၊ ငါတို့အားလုံး အသင့်ရှိကြရမယ်'

ထို့ကြောင့် ညဘက်ရောက်လာသည်နှင့်သူတို့သည် လူစုဖြန့်လိုက်ပြီး ရောက်လာမည့်ရန်သူအား စောင့်ဆိုင်းနေကြသည်။

တုအိဟုန်၏ ကြိုတင်ခန့်မှန်းချက်မှာ မှန်ကန်နေ၏။ ည၌ နက်လာသည်နှင့် လူရိပ်ဆယ်ခုသည် ဘုံကျောင်းပျက်သို့ ချဉ်းနင်းဝင်ရောက်လာကြလေသည်။

သူတို့သည် တစ်ကိုယ်လုံး အမည်းရောင်အင်္ကျီ ဝတ်ဆင်ထားကြသည်။ သူတို့၏မျက်နှာအား မျက်လုံးပေါက်ချန်ထားသော မျက်နှာဖုံးများ စွပ်ထားကြသည်။

သူတို့၏ကျောပေါ်တွင် ဓားအိမ်မပါသော ဓားများပါရှိကြသည်။ ကြယ်ကလေးများ၏ အလင်းရောင်အောက်ဝယ် ဓားရောင် တစ်ချက်တစ်ချက် ဝင့်ခနဲ လင်းသွားလေသည်။

သူတို့သည် အတွေ့အကြုံ အလွန်ရင့်ကျက်သော လူများဖြစ်ရာ ဘုံကျောင်းပျက်ထဲသို့ လှမ်းဝင်လိုက်သည်နှင့် ရန်သူများ အသင့်ရှိနေသည်ကို ချက်ချင်း သိလိုက်လေသည်။

သူတို့သည် အဝိုင်းမခံရလေအောင် ခေါင်းဆောင်ဖြစ်သူက အမိန့်ပေးလိုက်သည်။

'နောက်ဆုတ်'

သူတို့လူများသည် ဘုံကျောင်းပျက်မှ ပြန်လည်ဆုတ်ခွာသွားကြလေသည်။ ထိုအချိန်မှာပင် မီးရောင်များ ထိန်ထိန်လင်းသွားသည်။

တုအိဟုန်၏တပည့်ဆယ့်နှစ်တို့ယောက်တို့သည် မီးတုတ်များကိုင်ဆောင်လျက် သူတို့အား ဝိုင်းရံထားလိုက်လေသည်။

တုအိဟုန်သည် ထိုလူများအား အကဲခတ်ကြည့်လိုက်သည်။ သူတို့၏ ဓားကိုင်ပုံ ရန်သူဝိုင်းရံခြင်း ခံထားရသော်လည်း ကြောက်ရွံ့တုန်လှုပ်ခြင်း မရှိပုံကို တွေ့မြင်လိုက်ရသဖြင့် ထိုလူများသည် လက်မရွံ့လူသတ်သမားများ ဖြစ်ရမည်ဟု နားလည်လိုက်လေသည်။

'လက်မရွံ့လူသတ်သမားတွေ သတိထားကြ'

သူ၏ စကားမဆုံးမီ မျက်နှာဖုံးနှင့် လူများသည် နောက်သို့ တဖြည်းဖြည်း ဆုတ်သွားကြလေသည်။



တုအိဟုန်က လျင်မြန်စွာ စဉ်းစားသုံးသပ်လိုက်သည်။ မိမိဘက်တော်သားမှာ ဆယ့်နှစ်ယောက် ရှိသည် မှန်သော်လည်း အတွေ့အကြုံ အလွန်နုနယ်သေးသည်။

ထိုလက်မရွံ့ လူသတ်သမားမှာ ဆယ်ယောက် ဖြစ်နေသော်လည်း တိုက်ရေးခိုက်ရေးမှာ များစွာသာလွန်နေ၏။

အကယ်၍ သူတို့အား ဝိုင်းရံပိတ်ဆို့ တိုက်ခိုက်လိုက်လျှင် မိမိဘက်မှ အကျအဆုံးများလာမှာ သေချာသည်ဟု နားလည်လိုက်သည်။

ထို့ကြောင့် သူက အမိန့်ပေးလိုက်ရလေသည်။

'မိတ်ဆွေတို့ အသာတကြည် ထွက်သွားကြမယ်ဆိုရင် ငါတို့ လမ်းဖယ်ပေးမယ်'

သူ၏ အဖွဲ့သား ဆယ့်နှစ်ယောက်တို့သည် လမ်းဖယ်ပေးလိုက်သည်။ သို့သော် အချိန်မရွေး တိုက်ခိုက်နိုင်ရန် အသင့်ပြင်ထားသည်။

မျက်နှာဖုံးလူစုတို့၏ ခေါင်းဆောင်က လက်တစ်ချက်ဝှေ့ယမ်းပြလိုက်ရာ သူ၏လူများသည် ထိုနေရာမှ လျင်မြန်စွာ ထွက်ခွာသွားကြလေသည်။

စုရှိဟိုင်သည် ချိဝူရဲအားမတွေ့ရသဖြင့် အခန်းထဲမှ ပြန်ထွက်မည်အပြုတွင် နံရံပေါ်၌ချိတ်ထားသော ပန်းချီကားတစ်ချပ်မှာ အနည်းငယ် စောင်းနေသည်ကို တွေ့ရှိရသဖြင့် မနေနိုင်တော့ဘဲ သွားရောက် ပြုပြင်ပေးသည်။

ထိုအခါ ပန်းချီကားတစ်ချပ်၏ နောက်ကွယ်၌ ခလုတ်တစ်ခု တပ်ဆင်ထားသည်ကို တွေ့ရှိလိုက်ရလေသည်။

သူသည် စူးစမ်းလိုသောစိတ်များ ဖြစ်ပေါ်လာသည်။ ထိုခလုတ်အား စမ်း၍ဆွဲချလိုက်သည်။

'ဂျိမ်း'

မမျှော်လင့်ဘဲ အသံမြည်ဟိန်း လာသည်။

သူသည် အံ့သြနေစဉ် အခန်းရှိခုတင်သည် အလိုလို ရွေ့လျားနေသည်ကို တွေ့ရလေသည်။



သူသည် ပါးစပ်အဟောင်းသားဖြစ်ကာ ကြောင်၍ကြည့်နေစဉ် ရွေ့လျားသွားသော ခုတင်နေရာတွင် အပေါက်တစ်ပေါက် တဖြည်းဖြည်း ပေါ်လွင်လာသည်ကို တွေ့ရလေသည်။

ရွေ့လျားမှုအားလုံး ရပ်တန့်သွားသောအခါ စုရှိဟိုင်သည် အပေါက်အနီးသို့ ချဉ်းကပ်သွားသည်။

ထိုအပေါက်မှ အောက်သို့ဆင်းရန် လှေကားထစ်များရှိနေသည်ကို တွေ့ရှိရလေသည်။

အံ့သြသည့်စိတ်နှင့် စူးစမ်းလိုသောစိတ်များ တစ်မဟုတ်ချင်း ဖြစ်ပေါ်လာလေသည်။ သူသည် စဉ်းစားခြင်းပင် မပြုတော့ဘဲ လှေကားထစ်အတိုင်း ဆင်းသွားလေသည်

*　　*　　*

လှေကားထစ်ဆုံးသွားသည်နှင့် ရှည်လျားလှသော စင်္ကြံလမ်းတစ်ခုအား တွေ့မြင်လိုက်ရလေသည်။

စင်္ကြံလမ်း၏ နံရံပေါ်၌ မီးအိမ်များ အစီအရီ ထွန်းထားသောကြောင့် လင်းထိန်နေ၏။

သူသည် စင်္ကြံလမ်းအတိုင်း ရင်တထိတ်ထိတ်ဖြင့် ရှေ့သို့ ဆက်၍ လျှောက်သွားလေသည်။

စင်္ကြံလမ်းသည် အကွေ့အကောက်မရှိဘဲ ဖြောင့်မတ်နေ၏။ စင်္ကြံလမ်း ဆုံးသွားသည်နှင့် လှေကားထစ်များ ထပ်မံတွေ့ရှိပြန်လေသည်။

သူသည် လှေကားခြေရင်းတွင် အတန်ကြာ ရပ်နေသည်။ ထိုလှေကားထစ်ပေါ်သို့ ဆက်လက် တက်သင့်မသင့် ချင့်ချိန်နေ၏။

နောက်ဆုံး စူးစမ်းလိုသော စိတ်ဆန္ဒအား မလွန်ဆန်နိုင်သဖြင့် လှေကားပေါ်သို့ ဆက်၍ တက်သွားသည်။

လှေကားထိပ်သို့ ရောက်ရှိလာသောအခါ အခန်းတစ်ခန်းထဲသို့ ရောက်နေသည်ကို တွေ့ရလေသည်။

သူသည် မျက်မှောင်ကြုတ်သွားသည်။ အခန်းတံခါးအား အသာအယာ တွန်းဖွင့်လိုက်သည်။ အလွန်ထည်ဝါသော အခန်းတစ်ခန်း ဖြစ်သည်။

ထိုအခန်းအား ကြည့်လိုက်သောအခါ သူတစ်ကြိမ်နှစ်ကြိမ် ရောက်ဖူးသော အခန်းဖြစ်သည်ဟု အလိုလို မှတ်မိလိုက်သည်။

သူသည် အကြီးအကျယ် အံ့ဩသွားသည်။ သူရောက်ဖူးသည့် အခန်း ဟုတ်မဟုတ် ထပ်မံသေချာစွာ ကြည့်လိုက်သည်။



နံရံပေါ်၌ချိတ်ထားသော ပန်းချီကားချပ်၊ ချိတ်ထားသော ဆောင်ဓား၊ လေးနှင့်မြား....

သူသည် အံ့ဩလွန်း၍ တစ်ကိုယ်လုံး တောင့်တင်းသွားသည်။ ထိုအချိန်မှာပင် လူတစ်ယောက်၏ အေးစက်သော အသံများ ကြားလိုက်ရလေသည်။

'စုရှိဟိုင်၊ ခင်ဗျားဟာ ဘာကြောင့် အေးအေးဆေးဆေး မနေချင်တာလဲဗျာ'

စုရှိဟိုင်က ထိတ်ခနဲ ဖြစ်သွားသည်။ နောက်သို့ချာခနဲ လှည့်လိုက်ရာ သူ၏ခန္ဓာကိုယ်တွင် လှည့်ပတ်နေသော သွေးများလည်း ရှုတ်တရက် ရပ်တန့်သွားလေသည်။

'ဝူရဲ'

သူ၏ နှုတ်ခမ်းတလှုပ်လှုပ်ဖြင့် ခေါ်လိုက်လေသည်။

ချီဝူရဲက ပြုံးပြလိုက်လေသည်။ သူသည် အလွန်ရင်းနှီးသော သွေးချင်းသားချင်း တစ်ယောက်အား တွေ့မြင်လိုက်ရသည့်အလား ရင်းရင်းနှီးနှီး ခေါ်လိုက်သည်။

'စုဟိုင်....ထိုင်ပါဗျာ'

စုရှိဟိုင်က မထိုင်ပါ။

'ဝူရဲက....ဘာ....ဘာကြောင့် ဟိန်စုရဲအိမ်အထိ မြေအောက်လမ်း ဖောက်ထားရတာလဲ'

ချိုဝူရဲက မဲ့ပြုံးပြုံးလိုက်သည်။

'ခင်ဗျားက တကယ်မသိလို့လား၊ ဟန်ဆောင်နေတာလား'

'တကယ်....တကယ်ကိုမသိလို့ပါ'

ချိုဝူရဲက ရယ်မောလိုက်သည်။

'တကယ်ပဲ မသိလို့ဖြစ်စေ၊ မသိချင်ဟန်ဆောင်နေတာပဲဖြစ်စေ၊ ခင်ဗျားအတွက် ကံဆိုးပါတယ်ဗျာ'

သူက စကားဆက်လိုက်သည်။

'ကျုပ်ရဲ့ လျှို့ဝှက်ချက် သိထားတဲ့ လူတစ်ယောက်ကို လောကပေါ်မှာ အသက်ရှင်သန်စွာ ထားတာဟာ ကိုယ့်အသတွင်းကို တူးတာဖြစ်မှာပဲ'

သူကပြောရင်း စုရှိုဟိုင်ထံသို့ ခြေတစ်လှမ်းချင်း လှမ်းလာလေသည်။ စုရှိုဟိုင်က မတတ်နိုင်တော့ပါ၊ လှမ်းအော်လိုက်လေသည်။

'ရပ်လိုက်'

သူသည် ခါးမှာဝှက်ထားသော ဓားတစ်လက်ကို ဆွဲထုတ်လိုက်လေသည်။



ချိုဝူရဲက မဲ့ပြုံးပြုံး၍....

'ငါ့ရဲ့လျှို့ဝှက်ချက်သိထားတဲ့ လူတစ်ယောက်ကို ငါတယ်တော့မှ သူ့ကို အရှင်မထားဘူး'

စုရှိုဟိုင်က....

'ဝူရဲရဲ့လျှို့ဝှက်ချက်က ဘာလဲ၊ ကျုပ်အခုထိ မသိရပါလား'

ချိုဝူရဲက....

'ငါ့ရဲ့အခန်းကနေ ဟိန်စုရဲ့ရဲ့ အခန်းထိ မြေအောက်လမ်းတစ်လမ်း ဆက်သွယ်ထားတာကို ဘယ်သူမှမသိတဲ့ လျှို့ဝှက်ချက် ဖြစ်တယ်၊ အဲဒါ မင်းသိသွားပြီ မဟုတ်လား'

သူ၏စကား ဆုံးသွားသည်နှင့် လက်ထဲမှဓားဖြင့် စုရှိုဟိုင်၏ ရင်ဝသို့ ထိုးသွင်းလိုက်သည်။

စုရှိုဟိုင်က အညံ့မခံတော့ပါ။ သူသည်ရှောင်တိမ်းလိုက်ပြီး ပြန်လည် တိုက်ခိုက်လိုက်လေသည်။

သူသည် ပြန်လည်တိုက်ခိုက်လိုက်သောအခါ ချိုဝူရဲ၏ သိုင်းပညာသည် မိမိထင်ထားသည်နှင့် များစွာ အဆင့်မြင့်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

သူသည် အံကိုတင်းတင်းကြိတ်ကာ အစွမ်းကုန် ခုခံလိုက်လေသည်။ သို့သော် ချိုဝူရဲ၏ သိုင်းပညာသည် သူထင်ထားသည်ထက် များစွာ အဆင့်မြင့်သည်။

သိုင်းကွက် ဆယ်ကွက်မျှသာ ယှဉ်ပြိုင်လိုက်ရသည်။ ချိဂူရဲ့ လက်ထဲမှဓားသည် စုရှိုဟိုင်၏ ရင်ဝသို့ ထိုးသွင်းလိုက်လေသည်။

စုရှိုဟိုင်၏ ဓားမှာလည်း ချိဂူရဲ၏ ဘယ်ဘက်လက်သို့ ခုတ်မိသွားလေသည်။ စုရှိုဟိုင်သည် မဟန်နိုင်တော့ဘဲ ကြမ်းပြင်ပေါ်သို့ လဲကျသွားသည်။

ထိုအချိန်မှာပင် အခန်း၏ အပြင်ဘက်၌ လီယင်ချူး၏ ခေါ်သံ ကြားလိုက်ရလေသည်။

'စုရဲ....စုရဲ'

* * *

တုအိဟုန်သည် အခြေအနေ သေသေချာချာ လေ့လာသုံးသပ်ပြီးနောက်.... ဟိန်စုရဲနှင့် ချိဂူရဲတို့ နှစ်ယောက်အနက် တစ်ယောက်ယောက်က စန်းတုံးနယ် ပြည်သူများအား နှိပ်စက်ညှဉ်းပန်းခဲ့သော အမျိုးသားသစ္စာဖောက် ထန်ကျန် ဖြစ်ရမည်ဟု အလေးအနက် ယုံကြည်လိုက်သည်။



ထို့ကြောင့် သူသည် အချိန်ကို မဆွဲတော့ဘဲ ဟိန်စုရဲနှင့် ချိဂူရဲတို့အား တိုက်ခိုက်ဖမ်းဆီးပြီး စစ်ဆေးမေးမြန်း ဖော်ထုတ်ရန် ဆုံးဖြတ်လိုက်သည်။

သူသည်လက်ဝှေးစင်တပည့် ခြောက်ယောက်အားချန်ရှုအဖွဲ့ဘက်သို့ အားဖြည့်ပြီး ချိဂူရဲထံသို့ တိုက်ခိုက်ရန် စေလွှတ်လိုက်သည်။

သူကိုယ်တိုင် တပည့်ခြောက်ယောက်နှင့်အတူ ဟိန်စုရဲအား တိုက်ခိုက်ရန် ချီတက်လာလေသည်။

သူ၏ ခန့်မှန်းချက်အရ လက်မရှိ လူသတ်သမား ဆယ်ယောက်ခန့်ရှိသူမှာ ချိဂူရဲဖြစ်ရမည်။

ထို့ကြောင့်လည်း ချန်ရှုဘက်သို့ အင်အားပို၍ ဖြည့်ဆည်းပေးထားခြင်း ဖြစ်သည်။

သူတို့သည် မီးပုံးအိမ်လမ်းထဲသို့ ဝင်ရောက်လာသည်နှင့် ရွာသူရွာသားများတို့သည် ထိတ်ထိတ်လန့်လန့်ဖြင့် ပြေးလွှားကြလေသည်။

တုအိဟုန်က "မိမိတို့ လာရောက်ခြင်းမှာ စန်တုံးနယ်မှ အမျိုးသားသစ္စာဖောက် ထန်ကျန် ဖမ်းရန်ဖြစ်သည်။

အခြားလူများနှင့် မသက်ဆိုင်သဖြင့် မကြောက်ပါရန် မေတ္တာရပ်ခံထားလေသည်။

လမ်းသူလမ်းသားများတို့သည် ထိုစကား ကြားလိုက်ရတော့မှ စိတ်အေးသွားကြလေသည်။

## နိဂုံး

ချန်ရှုသည် ပီရင်း၊ လုံမေ၊ ချင်းချင်း၊ လိန်းလိန်းတို့နှင့် တကွ အားဖြည့်ထားသော အဖွဲ့သား ခြောက်ယောက်အား ဦးဆောင်၍ ချီဝူရဲ၏ ခြံဝင်းထဲသို့ ချင်းနင်းဝင်ရောက်လာကြလေသည်။

ချီဝူရဲ၏ အိမ်ဖော်များသည် သတင်းကြားသိလိုက်သည်နှင့် ပြေးလွှားသွားပြီဖြစ်ရာ....

ထို့ကြောင့် ခြံဝင်းအတွင်း၌ ခုခံကာကွယ်ရန် လက်မရှိ ဓားသမား ဆယ်ယောက်က တိုက်ခိုက်ရန် အသင့်ဖြစ်ထားလေသည်။

သူတို့သည် ချန်ရှုတို့လူစု ဝင်ရောက်လာသည်ကို တွေ့မြင်လိုက်သည်နှင့် တဟုန်ထိုး ဆီး၍ တိုက်ခိုက်လိုက်သည်။



ချန်ရှုတို့ကလည်း ရှုပ်ရှပ်ခုံ့ခုံ့ ပြန်လည် တိုက်ခိုက်လိုက်လေသည်။ တစ်ဖက်နှင့် တစ်ဖက်ပြင်းပြင်းထန်ထန် တိုက်ခိုက်သည့်ကြားမှာ ချီဝူရဲတစ်ယောက်လုံးဝပေါ်ထွက်မလာဘဲဖြစ်နေ၏။

ချန်ရှုက တိုက်ခိုက်ရင်း အိမ်ထဲသို့ လှမ်းအော်လိုက်သည်။

'ချီဝူရဲ....ထွက်....ထွက်ခဲ့ပါ'

သို့သော် ချီဝူရဲ၏ အရိပ်ကိုပင် မတွေ့ရပါ။ ချန်ရှုသည် အံကိုတင်းတင်းကြိတ်ကာ အိမ်ထဲသို့ ထိုးဖောက်ဝင်ရောက်ရန် ကြိုးစားသည်။

လက်မရှိ ဓားသမားများမှာမူ သူတို့အား မဝင်နိုင်ရန် တားထားသည်။ ချန်ရှုက စိတ်ရှုပ်လာလေသည်။

ချီဝူရဲထွက်ပြေးလွတ်မြောက်သွားမည်ကို အလွန်စိုးရိမ်သွားသည်။ သို့သော် လက်မရှိဓားသမားများကလည်း ရှုပ်ရှပ်ခုံ့ခုံ့ ဟန့်တားထားသောကြောင့် သူက မတတ်နိုင်ဘဲ ဖြစ်နေ၏။

ထိုအချိန်မှာပင်အဘိုးအိုတစ်ယောက်က လူခြောက်ယောက်အား ဦးဆောင်၍ ရောက်ရှိလာလေသည်။

ချန်ရှုသည် ထိုအဘိုးအိုမှာ ဝမ်းရှောင်ထရံ ဖြစ်သည်ကို တွေ့ရသဖြင့် ကြောင်အမ်းအမ်း ဖြစ်သွားသည်။

ဝမ်းရှောင်ထရံသည် မည်သူ့ဘက်က ပါဝင်မည်နည်း။ အကယ်၍ ချီဝူရဲဘက်သို့ ပါဝင်လာလျှင် မိမိတို့ကံကြမ္မာမှာ မတွေးဝံ့အောင် ကြုံတွေ့နိုင်သည် မဟုတ်ပါလော။

ဝမ်းရှောင်ထရံက သူ့အား လက်ဝှေ့ယမ်းပြလိုက်သည်။

'ချန်ရှု....မင်းအထဲရောက်အောင်ဝင်၊ ငါသူတို့ကို တားထားပေးမယ်'

ဝမ်းရှောင်ထရံ၏ စကား ကြားလိုက်ရတော့မှ ချန်ရှုက စိတ်ခတ်တက်ကြွလာလေသည်။

'ကျေးဇူးပဲအဘ'

သူ၏စကား ဆုံးသွားသည်နှင့် အိမ်ထဲသို့ ထိုးဖောက် တိုက်ခိုက်လိုက်သည်။ သူနှင့်အတူ ပီရင်းနှင့်ချင်းချင်းတို့ လိုက်ပါသွားသည်။

မကြာမီ သူတို့သည် ချီဝူရဲအိမ်ထဲသို့ ထိုးဖောက်ဝင်ရောက်နိုင်ခဲ့လေသည်။

* * *

'စုရဲ....စုရဲ'

လီယင်ချူးက ခေါ်လိုက်သည်။



တစ်ခဏအကြာတွင် ဟိန်စုရဲက အခန်းတံခါးဖွင့်၍ ထွက်လာလေသည်။ သူ၏မျက်နှာမှာ မကြည်မသာ ဖြစ်နေ၏။

'ဘာကိစ္စလဲဟေ့'

လီယင်ချူးက....

'ညှော့သည်ရောက်နေတယ်၊ သူက စုရဲကို တွေ့ချင်တယ်လို့ ပြောနေပါတယ်'

'ဘယ်ကညှော့သည်လဲ'

'တုအိဟုန်လို့ ပြောပါတယ်'

ဟိန်စုရဲမျက်နှာ ကွက်ခနဲပျက်သွားသည်ကို လီယင်ချူးက တွေ့မြင်လိုက်သည်။

'အေး....အေး'

သူသည် ပြောရင်း ညှော့ခန်းသို့ ထွက်လာလေသည်။

တုအိဟုန်သည် ညှော့ခန်းထဲ၌ ထိုင်နေ၏။ တပည့် ခြောက်ယောက်တို့သည် သူ့နောက်တွင် ရပ်နေ၏။

ဟိန်စုရဲက ရင်းနှီးစွာဖြင့် နှုတ်ဆက်လိုက်သည်။

'ချင်းရှမ်းမင်းဂိုဏ်းချုပ် ထင်ပ'

တုအိဟုန်က သူ့အား သေသေချာချာ အကဲခတ်ကြည့်ရင်း ဟိန်စုရဲက ထိုင်ချလိုက်ပြီး သက်ပြင်းတစ်ချက် ချလိုက်ရသည်။

‘ဒါနဲ့ ဂိုဏ်းချုပ်တို့က အင်နဲ့အားနဲ့ မီးပုံးအိမ်လမ်းကို ချီတက်ခဲ့တာ ထန်ကျန်ကို အလိုရှိတယ်လို့ သိရတာ မှန်ပါသလား ခင်ဗျာ’

တုအိဟုန်က ခေါင်းညိတ်လိုက်သည်။

‘ဟုတ်ပါတယ်၊ ထန်ကျန်ဟာ ယောကျ်ားတစ်ယောက်ပါ၊ လုပ်ရဲရင်ခံရဲရမှာပေါ့၊ ဒါကြောင့် သတ္တိရှိရှိ ထုတ်ဖော်ပြောဖို့ သင့်ပါတယ်’

ဟိန်စုရဲက ခေါင်းတညိတ်ညိတ်ဖြင့်....

‘ဟုတ်တာပေါ့၊ ဒါပေမယ့်’

သူသည် လက်မှာရထားသော ဓားဒဏ်ရာအားပြလိုက်၏။

‘ကျုပ်လဲ ဒီလိုပဲ သူ့ကိုရှင်းပြပါတယ်၊ သူက လက်မခံတဲ့အပြင် ကျုပ်ကိုတောင်သတ်ဖို့ ကြိုးစားခဲ့သေးတယ်၊ ကျုပ်ရဲ့ မိတ်ဆွေ လီယင်ချူးကသာ အချိန်မီ လှမ်းမခေါ်မိရင် ကျုပ်တော့ ခင်ဗျားနဲ့ တွေ့နိုင်မှာမဟုတ်တော့ဘူး’

တုအိဟုန်က မျက်မှောင်ကြုတ်သွားသည်။

‘ခင်ဗျားက ဘယ်သူ့ကို ပြောနေတာလဲ’

ဟိန်စုရဲ၏ မျက်လုံး ပြူးကျယ်သွားသည်။

‘ထန်ကျန်လေ.... ခင်ဗျားအလိုရှိနေတဲ့ ထန်ကျန်လေ’



တုအိဟုန်က မျက်မှောင်ကြုတ်သွားပြန်လေသည်။

‘ထန်ကျန် ဟုတ်လား၊ သူအခုဘယ်မှာလဲ’

‘သူထွက်ပြေးသွားပြီ၊ တကယ်တော့ ထန်ကျန်ဟာ ဒီကို ချီဝူရဲအမည်နဲ့ ရောက်လာတာဗျ’

တုအိဟုန်က....

‘ချီဝူရဲဟာ ထန်ကျန်ဖြစ်တယ်လို့ ခင်ဗျားက ဆိုလိုတာလား’

ဟိန်စုရဲက ခေါင်းညိတ်လိုက်သည်။

‘ဟုတ်ပါ့ဗျာ’

‘သူဟာ ထန်ကျန်ဖြစ်တယ်ဆိုတာ ခင်ဗျား ဘယ်လိုလုပ်ပြောနိုင်သလဲ’

‘ဒီလိုပေါ့ဗျာ၊ ကြာကြာနေလာတော့ အရက်သောက်ရင်း သူ့အကြောင်းသူ ပေါ်တော့တာပါပဲ၊ သူ့အကြောင်းကို သိသွားတဲ့ အချိန်ကစပြီး သူက နည်းအမျိုးမျိုးနဲ့ ကျုပ်ကို ရန်ရှာတော့တာပါပဲဗျာ’

 သူက စကားဆက်လိုက်သည်။

'အခုကြည့်လေ ချန်ရှုကို ငွေဒင်္ဂါး သုံးသောင်းပေးပြီး ကျုပ်ကို မီးပုံးအိမ်လမ်းကနေ မောင်းထုတ်နေတာ'

သူက လီယင်ချူးအား သက်သေထူလိုက်သည်။

'ဟုတ်တယ် မဟုတ်ဘူးဆိုတာ ယောဒီ မိတ်ဆွေကိုသာ မေးပေတော့'

လီယင်ချူးက ထောက်ခံ ပြောဆိုလိုက်သည်။

'ဒါဟာ အမှန်တွေပါပဲ၊ ကျုပ်က ဆက်လိုက်ပြောပေးစရာ မလိုပါဘူး'

တုအိဟုန်က တွေဝေသွားသည်။ ယခု သူသည် ချန်ရှု၏ သတင်းကိုသာ နားထောင်ပြီး ဆုံးဖြတ်ရမည် ဖြစ်လေသည်။

*

အခန်းထဲ၌ ချီဝူရဲအား မတွေ့ပါ။

သို့သော်.... ခုတင်နေရာတွင် အောက်သို့ဆင်းသွားသော အပေါက် တွေ့လိုက်ရသည်။ ချန်ရှုတို့လူစုသည် လှေကားထစ် အတိုင်း ဆင်းလိုက်သည်။



ရှည်လျားသော မြေအောက်စကြံလမ်း ဆုံးသွားသည်နှင့် လှေကားထစ်အတိုင်း ဆက်၍တက်လိုက်သည်။

အခန်းတစ်ခန်းအား တွေ့မြင်လိုက်သည်။ ထို့ပြင် စုရှိဟိုင် တစ်ယောက် သွေးအိုင်ထဲ လဲလျောင်းနေသည်ကို တွေ့မြင်လိုက် ရလေသည်။

ချန်ရှုသည် စီးဆင်းနေသော သွေးများအား ပိတ်သွားရန် သွေးကြောပိတ်လိုက်သည်။

သေသေချာချာ စစ်ဆေးစမ်းသပ်ကြည့်သောအခါ စုရှိဟိုင် မှာ အသက်မသေသေးသည်ကို တွေ့ရလေသည်။

ချန်ရှုက ဆေးလုံးတစ်လုံး တိုက်ကျွေးလိုက်သည်။ အတွင်း အားဖြင့် တွန်းအားပေးလိုက်သည်။

တခဏအကြာတွင် စုရှိဟိုင်က သတိရလာလေသည်။

'ခင်ဗျား သတိရလာပြီလား'

ချန်ရှုက မေးလိုက်သည်။

စုရှိဟိုင်က ထထိုင်လိုက်သည်။ သူ၏အခန်းထဲသို့ ဝေ့၍ ကြည့်လိုက်သည်။

'ချီဝူရဲကော'

'မတွေ့ဘူး၊ ကျုပ်က သူ့ကို ရှာမတွေ့လို့ မြေအောက်လမ်းကနေ ဒီကို ရောက်လာတာ'

'ဟာ.... မြန်မြန် ကျုပ်ကိုတွဲပါ၊ အမြန်ဆုံးထွက်မှ ဖြစ်မယ်'

'ဘာဖြစ်လို့လဲ'

'ချိုဝူရဲကို ဖမ်းရအောင်'

'ခင်ဗျားကို သူက လုပ်ကြံလိုက်တာလား'

'ဟုတ်တယ်'

ချန်ရှုသည် သူ့အား တွဲထူလိုက်သည်။ ထို့နောက် အခန်းထဲမှ ထွက်လာလေသည်။

* * *

တုအိဟုန်သည် ချန်ရှုအဖွဲ့၏ အခြေအနေသိရှိရန် တချည့်တစ်ယောက် လွှတ်လိုက်သည်ကို စောင့်ကြည့်နေကြသည်။

ရုတ်တရက် အခန်းတံခါး ပွင့်သွားသည်။ ချန်ရှုသည် စုရှီဟိုင်အားတွဲ၍ ပိရင်းတို့လူစုဖြင့် ခြံရံ၍ ထွက်လာကြလေသည်။

တုအိဟုန်က အံ့သြလွန်းသဖြင့် ပါးစပ်ဟောင်းလောင်းဖြစ်သွားသည်။ ဟိန်စုရဲ့မှာမူ မျက်နှာဖြူဖပ်ဖြူရော် ဖြစ်သွားလေသည်။



'မင်းတို့ ဘယ်လိုလုပ်ပြီး အခန်းထဲက ထွက်လာကြတာလဲ'

ချန်ရှုသည် မိမိရောက်နေသည်မှာ ဟိန်စုရဲ၏ ဂေဟာဖြစ်သည်ကို တွေ့ရှိလိုက်ရသဖြင့် ချိုဝူရဲအိမ်နှင့် ဟိန်စုရဲအိမ်သို့ အဆက်အသွယ် ပြုလုပ်ထားရှိကြောင်း နားလည်လိုက်လေသည်။

တုအိဟုန်က နားမလည်သလို ဖြစ်နေစဉ် စုရှီဟိုင်က စကားစလိုက်လေသည်။

'ချိုဝူရဲဆိုတာ ဟိန်စုရဲပါပဲ၊ ဟိန်စုရဲဆိုတာလဲ ချိုဝူရဲပါပဲ၊ အမှန်တော့ သူဟာ ထန်ကျန်ပါပဲ၊ အားလုံးမျက်စိလည်သွားအောင် ချိုဝူရဲနဲ့ဟိန်စုရဲ နှစ်ကိုယ်ခွဲပြီး မြေအောက်လမ်းတစ်ဘက်နဲ့တစ်ဘက်ကူးပြီး ဟိန်စုရဲ ချိုဝူရဲတို့ရဲ့အသွင်နဲ့ လူများနဲ့ ဆက်ဆံတယ်ဆိုတာ ကျုပ်ကိုယ်တိုင် မျက်မြင်ကိုယ်တွေ့ တွေ့ခဲ့ရလို့ ဓားထိုးခံလိုက်ရပါတယ်'

သူ၏စကားမဆုံးမီ ဟိန်စုရဲက ရုတ်တရက် ထရပ်လိုက်သည်။ သူသည် အားရပါးရ ရယ်မောလိုက်သည်။

'ဟုတ်တယ်၊ ယောကျ်ားပါ၊ လုပ်ရဲရင် ခံရဲရတယ်ကွ'

သူက ပြောရင်း မျက်နှာတုတစ်ခု ခွာချလိုက်လေသည်။ သူ၏ မူလရုပ်သွင်မှာ ချိုဝူရဲလည်း မဟုတ်တော့ပါ။

တုအိဟုန်က ဆတ်ခနဲ ထရပ်လိုက်သည်။

'ထန်ကျန်'

ထန်ကျန်က ရယ်မောလိုက်သည်။

'ဟုတ်တယ် ကျုပ် ထန်ကျန်ပဲ၊ သတ္တိရှိရင် ငါ့ကိုလာဖမ်း'

တုအိဟုန်က သက်ပြင်းတစ်ချက်ချလိုက်သည်။

'ချွမ်း....ချွမ်း'

ထန်ကျန်က ဇက်ထားမသော ဓားနှစ်လက်ကို ထုတ်လိုက်လေသည်။ ဓားရောင်က ဖွေးလက်သွားသည်။

ချန်ရှုနှင့် ပိရင်းတို့သည် ရှေ့သို့ ချဉ်းကပ်သွားလေသည်။ တုအိဟုန်က လက်ကာပြလိုက်လေသည်။

သူသည် ထန်ကျန်ရှေ့တွင် ရပ်လိုက်သည်။

'ယား....'

ထန်ကျန်က မာန်သွင်းရင်း ဓားဝယ်နှစ်လက်ဖြင့် တိုက်ခိုက်လိုက်သည်။ သူ၏ဓားပညာမှာ တကယ်ပင် ထူးချွန်လှပေသည်။

သူတို့သည် သိုင်းကွက်ပေါင်း ငါးဆယ်ခန့် ယှဉ်ပြိုင်လာမိသောအခါ ထန်ကျန်က အရေးနိမ့်လာလေသည်။

သူက တိုက်ခိုက်ရာမှ ရပ်တန့်လိုက်သည်။

'ကျုပ်က ဇိမ်ယစ်ပြီးနေလာရလို့ သိုင်းပညာ လေ့ကျင့်မှု ပြတ်သွားလို့ မင်းကိုမနိုင်တော့ဘူး၊ ငါလဲ ကိုယ်တိုင် လူ



မသတ်ပေမယ့် ငါ့ကြောင့် သေဆုံးတဲ့လူတွေ မနည်းတော့ဘူးဆိုတာ ငါသိတယ်၊ ငါ နောင်တရလာတယ်၊ ဒါပေမယ့်'

သူက မချိပြုံးပြုံးလိုက်သည်။

'ဒါပေမယ့် ငါနောက်ကျသွားပြီ၊ တစ်နေ့ ဒီလိုအဖြစ်မျိုးနဲ့ ကြုံတွေ့ရမယ်ဆိုတာ ကြိုသိပြီးပါပြီ၊ ကျုပ် သေရမှာ မကြောက်တော့ပါဘူး'

သူ၏စကား ဆုံးသွားသည်နှင့် ဓားကို ပြောင်းပြန်လှည့်၍ ရင်ဝထဲသို့ စိုက်သွင်းလိုက်လေသည်။

တုအိဟုန်နှင့်တကွ အားလုံးက ကြောင်အမ်းအမ်းဖြစ်သွားကြလေသည်။ ထန်ကျန်၏ ခန္ဓာကိုယ်သည် ဂ ဖြည်းဖြည်း လဲကျသွားသည်။

တုအိဟုန်သည် သက်ပြင်းရှည်တစ်ချက် ချလိုက်သည်။

'အမှန်အတိုင်း ပြောရမယ်ဆိုရင် ဆက်ပြီးတိုက်လိုက်တာနဲ့ ငါလဲ ခံနိုင်မှာ မဟုတ်ဘူး'

သူက ထန်ကျန်ရဲ့အလောင်းအား ကြည့်လိုက်သည်။

'ဒီလူဟာ အလွန်ဉာဏ်ကောင်းတယ်၊ တကယ်လို့ စုရှိဟိုင်က တွေ့မသွားရင် သူ့ရဲ့လှည့်ကွက်ထဲ ငါတို့မိဦးမှာ သေချာတယ်'

စုရှိဟိုင်က သက်ပြင်းချလိုက်သည်။

'ဒီလောက် ဉာဏ်များတဲ့လူ ဒီတစ်ခါပဲ တွေ့ရပါတယ်လေ'

လီယင်ချူးတို့လူစုသည် တိတ်ဆိတ်စွာ ထွက်ခွာသွားကြလေသည်။ စုရှိုဟိုင်ကလည်း ထွက်သွားသည်။

တုအိဟုန်က ကြေညာလိုက်သည်။

'ငါတို့ရဲ့စစ်ဆင်ရေး အောင်မြင်ပြီးဆုံးသွားပါပြီ၊ ငါတို့စန်းတုံးနယ်သားတွေဟာ မပူမပင် အေးအေးချမ်းချမ်း နေထိုင်နိုင်မှာ ဖြစ်ပါတယ်၊ ငါ့တပည့်အားလုံးကို ကျေးဇူးတင်တယ် ဂုဏ်ယူတယ်'

* * *

တုအိဟုန်တို့သည် မီးပုံးအိမ်လမ်းမှထွက်ခွာသွားကြလေပြီ။

သူတို့၏နောက် မြားတစ်ပစ်ခန့်အကွာတွင် ပိရင်းနှင့် ချန်ရှုတို့သည် မြင်းချင်းယှဉ်၍ အလိုက်သင့် လိုက်သွားသည်။

သူတို့သည် တစ်ယောက်မျက်နှာတစ်ယောက် မခွာဘဲ ကြည့်နေကြသည်။ ကောင်းကင်တစ်ခုလုံးမှာ သာယာလှပေသည်။

တိုက်ခတ်လာသော လေများပင် ရင်ထဲသို့ အေးစိမ့်သွားသည့်နှယ် ခံစားလိုက်ရလေသည်။

(ပြီး၏)